## သူယုတ်မာ သူတော်ကောင်း ခွဲခြားရန်

**သူယုတ်မာလက္ခဏာလေးပါး**

၁။ သူထံစီပါးမကောင်းကြောင်းကို မမေးဘဲ ပြောခြင်း။

၂။ မေးလျှင် ကျယ်ကျယ်ဝန်းဝန်း ပြောခြင်း။

၃။ သူထံစီပါးကောင်းကြောင်းကို မမေးလျှင် မပြောခြင်း။

၄။ မေးခဲ့လျှင် လျှော့ပေါ့ပြောခြင်း။

**သူတော်ကောင်းလက္ခဏာလေးပါး**

၁။ သူထံစီပါးမကောင်းကြောင်းကို မမေးလျှင် မပြောခြင်း။

၂။ မေးလျှင် လျှော့ပေါ့ပြောခြင်း။


၃။ သူထံစီပါးကောင်းကြောင်းကို မမေးဘဲ ပြောခြင်း။

၄။ မေးခဲ့လျှင် ကျယ်ဝန်းပြည့်စုံစွာ ပြောခြင်း။



...ကြည့်တိုက် (၈)နှစ်မြောက်

... အသက်(၈၆)နှစ်ပြည့်ဂုဏ်ပြုအထိမ်းအမှတ်




# တောင်တွင်းဗို အောင်သင်း

## ကဗျာဆောင်းပါးစာစု

ဖြန့်ချိရေး

ရွှေပြည်သာစာပေ

၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊

ရန်ကုန်တိုင်း။

ဖုန်း ၀၁-၆၁၁၆၂၂၊ ၀၁-၆၁၁၄၅၇

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တောင်တွင်းကြီးမြို့

ဆရာဦးအောင်သင်း တည်ထောင်သော

လောကအလင်းစာကြည့်တိုက်
၈ နှစ်မြောက်နှင့်
ဆရာဦးအောင်သင်း အသက် ၈၆ နှစ်မြောက်
ဂုဏ်ပြုအထိမ်းအမှတ်

# တောင်တွင်း၏အောင်သင်း

# ကဗျာဆောင်းပါးစာစု

ထုတ်ဝေခြင်း
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
မျက်နှာဖုံးနှင့်
ဦးစိုးတင့်၊ ညီမေတ္တာပုံနှိပ်တိုက်
သုဒ္ဓဝိပဿနာရိပ်သာ၊ မော်ဘီမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊
အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးဒီဇိုင်း - ကြေးသား
ကွန်ပျူတာစာစီနှင့် အတွင်းဖလင်
Dream City Ph: 0973052433
တန်ဖိုး - ၁၂၀၀ ကျပ်
စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၀၈·၈၄
ကလောင်စုံ
တောင်တွင်း၏အောင်သင်း ကဗျာဆောင်းပါးစာစု/ ကလောင်စုံ။
- ရန်ကုန်
သင်းစာပေ၊ ၂၀၁၃။
၁၇၆ စာ၊ ၁၈.၅ × ၁၂ စင်တီ။
(၁) တောင်တွင်း၏အောင်သင်း ကဗျာဆောင်းပါးစာစု

တောင်တွင်းအောင်သင်း အသက် ၈၆ နှစ်ပြည့်
အထိမ်းအမှတ်နှင့် ဆရာဦးအောင်သင်း
တည်ထောင်ပေးခဲ့သော တောင်တွင်းကြီးမြို့
လောကအလင်းစာကြည့်တိုက် (၈) နှစ်မြောက်
အထိမ်းအမှတ် 'တောင်တွင်း၏အောင်သင်း'
ကဗျာဆောင်းပါးစာစု

| စဉ် | ခေါင်းစဉ် | ရေးသူ | |
|---|---|---|---|
| - | အောင်သင်း၏ အမှာစာ | *အောင်သင်း* | ၉ |
| - | မှဒိတာ စာရေးဆရာ | *မေတ္တာရှင်ရွှေပြည်သာ* | ၁၅ |
| - | မှတ်တမ်းမှသည် သမိုင်းဆီသို့ | *ညီမေတ္တာ* | ၃၁ |
| | ကဗျာ | | |
| ၁။ | စာပေဝန်းရပ် (ကဗျာ) | *တောင်တွင်း* | |
| | မြေလတ်သခင် | *မောင်သင်းကျော်* | |
| | အလင်္ကာနှင်းဆီ | | ၃၉ |
| ၂။ | လမ်းတစ်လျှောက်သင်းပါတယ် | *မောင်သင်းခိုင်* | ၄၁ |
| ၃။ | လူငယ်တွေရဲ့ဆရာ | *မောင်ကြည်သာ* | ၄၂ |

၄။ ပင်စင်နာ — *ရာမျိုး* ၄၄
၅။ ဆရာအောင်သင်း — *ချစ်လေးမြတ်*
တောင်တွင်းမြို့ရဲ့နှလုံးသား — *(ဝမ်းတွင်း)* ၄၆
၆။ မြေလတ်မှာသင်း — *မောင်ခင်သာ* ၄၈
၇။ နေတစ်ဆူလတစ်စင်း
တောင်တွင်းအောင်သင်း — *မောင်မောင်ပြည့်အေး* ၅၀

**ဆောင်းပါး**

၁။ ကျွန်တော့်တစ်ဘဝဆရာ — *ဌေးနိုင်* ၅၃
၂။ ဝေးနေပေမယ့် နီးနေဆဲပါဆရာ — *ရှင်သင်းနွယ်* ၇၁
၃။ ကျွန်တော့်ဇာတ်ဆရာ — *ခင်မောင်ရင်* ၇၇
၄။ တို့ဆရာ — *သင်းသင်းလှိုင်* ၈၁
၅။ သူနှင့်ကျွန်တော် — *သိန်းအောင်* ၈၅
၆။ ဆရာအောင်သင်းနှင့်ကျွန်တော် — *တိုးကိုထွေး* ၉၂
၇။ ဇ — *မြင့်ဦး* ၉၇
၈။ အသံဖြင့် သရုပ်ဆောင်သူ — *မောင်ယဉ်ငွေ* ၁၀၀
၉။ ဆရာဦးအောင်သင်း
ရေးသော တေးတစ်ပုဒ် — *မင်းသိမ်း* ၁၁၇
၁၀။ ဖူးငုံဘဝကတည်းက
မွှေးကြိုင်တဲ့ပန်း — *ငမင်ခင်မောင်ဦး* ၁၂၄



၁၁။ ပေးလေးပင်အလိမ္မာဖိုရမ် — *အရှင်မေ့ပီယ* ၁၂၉
၁၂။ နဂါးနီ၊ စစ်သားကြီးမဟုတ်သော
စစ်သားကြီးနှင့် ချစ်သူ့နယ်မြေ — *ဆရာသိမ်း* ၁၃၅
၁၃။ မောရှမ်းမြေက ပေးစာ — *မောင်ရိုးဂုဏ်* ၁၄၁
၁၄။ ယပ်တောင်တစ်ခတ်
လေတစ်ဟပ်လည်း — *ဆွေမောင်* ၁၄၆
၁၅။ ကျွန်တော်သိသော ဆရာ — *အောင်သက်စိုး* ၁၅၂
၁၆။ နှလုံးသားပဝါနှင့် သိမ်းထုပ်ထားသော
ဆရာ့အမွေ — *အမေ့သား* ၁၅၆
၁၇။ ဗိဿနိုးမြေ၌ ရေကြည်တော်
ဆက်ရခြင်း — *သန့်စိုး* ၁၆၃
၁၈။ အာဂလူ — *ရွှေအိမ်ကို* ၁၆၇

○○○

## အောင်သင်း၏အမှာစာ

တောင်တွင်းကြီး မြို့သူမြို့သားများက ကျွန်တော့်ကို ချီးကျူးကြသည်။ ထိုအချက်မှာ အဆန်းမဟုတ်ပါ။ ကိုယ်မြို့သား တစ်ယောက်အတွက် ဂုဏ်ယူတတ်ကြမြဲဖြစ်ပါသည်။ သို့သော် သူတို့စာပေလူငယ်အချို့က ''ကျွန်တော်သိသော ဦးအောင်သင်း'' ဆိုသည့် သဘောမျိုး ကျွန်တော့်အကြောင်းကို ရေးကြသည့်စာများကို စုပေါင်းပြီး စာအုပ်ထုတ်ဝေကြမည် ဆိုသောအခါ ကျွန်တော် လန့်သွားပါသည်။ အမှန်ပြောရလျှင် ခပ်ရှုတ်ရှုတ်ဖြစ်နေမိပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဤမျှလောက် (စာပွဲလောက်အောင်) ကြီးကျယ်လှသည်ဟု မထင်မိရိုးအမှန်ပါ။ ထို့ကြောင့် ကျွန်တော်က မသိချင်ယောင်ဆောင်နေခဲ့ပါသည်။

သို့သော် ပြဿနာပေါ်လာသည်က နိုင်ငံကျော်ဓမ္မကထိက၊ မရှေဟိတသူရဲကောင်း မေတ္တာရှင်ဆရာတော် ဖြစ်သည်။ နယ်လှည့်တရားဟောရင်း ဆရာတော်က တောင်တွင်းကြီးသို့ ရောက်

သွားသည်။ စာကြည့်တိုက်၊ စာကြည့်သင်းကို အလွန်စိတ်ဝင်စားသော ပုဂ္ဂိုလ်ဖြစ်၍ တောင်တွင်းကြီးစာကြည့်တိုက်ဖြစ်မြောက်အောင် ကျွန်တော်က စတင်လှူဒါန်းခဲ့ကြောင်း ပြောပြကြသည်။ ဒီတော့မှ "မင်းတို့ ဦးအောင်သင်းအကြောင်း မှတ်တမ်းမတင်ကြဘူးလား"ဟု မေးမြန်းသည်။ ဒီတော့ သူတို့ရေးထားသမျှ "ဦးအောင်သင်းအကြောင်း ဆောင်းပါး စာပေ တို့ထွာ" လေးများကို ထုတ်ပြလျက် စာအုပ်ထုတ်ဝေရန် စီစစ်နေပါကြောင်း လျှောက်ထားကြသည်။

သည်တော့ ထိုစာတိုပေစလေးများကို ဆရာတော်က ဖတ်ရှုပြီး "ဒီစာအုပ်ကို ငါထုတ်ပေးမယ်"ဟု ပြောပြီး ထိုစာလေးများကို ဆရာတော်ကိုယ်တိုင်ယူသွားသည်။ ဒီအကြောင်းကို စကြားလိုက်တော့ ကျွန်တော် အတော်လေး လန့်သွားပါသည်။ တစ်ပြည်လုံးအတွက် ဒီစာအုပ်ကို ဖြန့်လိုက်ရင်တော့ ဒုက္ခပဲပေါ့။

သို့သော် ဆရာတော်ကို ကျွန်တော် မလွန်ဆန်ဝံ့ပါ။

မေတ္တာရှင်ဆရာတော်နှင့် ကျွန်တော် ရေစက်ဆုံ တွေ့ကြုံခဲ့ရပုံကို ပြောချင်သေးသည်။ ကျွန်တော်က ဆရာတော်၏စာတွေကို အတော်များများ ဖတ်ဖူးသည်။ ထူးခြားသော မဓ္ဈကထိကပဲဟုလည်း ကောက်ချက်ချမိသည်။ တွေ့သမျှ၊ ကြုံသမျှ လူ့ဘဝကို လှေ့လာစူးစမ်းတတ်သော ပါရမီရှိသည်။ ထိုအတွေ့အကြုံကို ပြန်လည်ရေးသား ဟောပြောတတ်သော စွမ်းရည်လည်း ရှိသည်။



တုန်းကြီးမဓ္ဈကထိကဖြစ်၍ ဘာသာရေး၊ သာသနာရေး၊ ကျမ်းဂန်စာပေ အတွေ့အကြုံများကို ရေးသားနိုင်စွမ်းရှိသည့် အရည်အချင်းကတော့ အထူးပြောစရာမလိုတော့ပါ။ ထို့ကြောင့် ဆရာတော်ကို မတွေ့ဖူးမီကပင် သူ့စာတွေကို ဖတ်ပြီး သူ့ကို မမြင်ဖူးမီကပင် ထူးခြားသော ဆရာတော်ပေပဲဟု အဝေးက လှမ်းပြီး လေးစားကြည်ညိုနေမိခဲ့သည်။ သို့သော် တစ်ခါမျှ မတွေ့ခဲ့ဖူးပါ။

သို့သော် ဆရာတော်က တရားဟောလှည့်ခိုက် ခရီးကြုံ၍ ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာခဲ့သည်။ ကျွန်တော်သည် အံ့သြသွားမိသည်။ ဝမ်းလည်း သာသွားသည်။ သို့သော် ရင်ထဲက ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်ကိုလည်း ဝန်ခံပါသည်။ 'ဆရာတော် ဘာကြောင့်များ ကြွလာပါလိမ့်သလဲ' ပေါ့။ သို့နှင့် နှစ်ဦးသား စာကြောင်းပေကြောင်း စကားလက်ဆုံကျသွားသည်။ ဆရာတော်က စကားပြောရာ၌လည်းကောင်း၊ ရယ်မောရာ၌လည်းကောင်း အလွန်ကို လွတ်လပ်ပွင့်လင်းသည်။

ထို့နောက် သူနှင့် ပါလာသော တပည့်တစ်ယောက်အား လှမ်းပြီး စကားတစ်ခွန်းဆိုလိုက်သည်။ တပည့်က အထုပ်ကလေး တစ်ခု ယူလာသည်။ 'အဲဒီအထုပ်ကို ဆရာကြီးကို ပေးလိုက်' ဟု ပြောသောအခါ ထိုတပည့်က ထိုအထုပ်ကလေးကို ကျွန်တော့်အား ရိုသေစွာ ကမ်းပေးပါသည်။ ကျွန်တော်က လက်ခံယူလိုက်ပါသည်။ ငွေစက္ကူထုပ်မှန်း သိလိုက်ပါသည်။ ဆရာတော်က

ကျွန်တော့်အား စွန့်ကြဲသည့်ငွေကြေး ဖြစ်ကြောင်း သိလိုက်ပါသည်။ ထို့ကြောင့်

"ကျေးဇူးတင်ပါတယ်ဘုရား၊ ဆရာတော်နဲ့ တပည့်တော်တို့ နှစ်ဦးရဲ့ စွန့်စားခန်းပါပဲ"ဟု လျှောက်လိုက်သောအခါ ဆရာတော်က

"ဘယ်လိုကြောင့် စွန့်စားခန်းလို့ ပြောလိုက်ရတာလဲ"ဟု မေးပါသည်။

"အရှင်ဘုရားက စွန့်တော့ တပည့်တော်က စားရတာပေါ့ဘုရား"

ဆရာတော်က နှစ်ခြိုက်စွာ ရယ်မောပါသည်။

ဆရာတော် ပြန်သွား၍ စွန့်ပေးထားခဲ့သည့် ငွေကို ရေတွက်ကြည့်လိုက်သောအခါ ငွေတစ်သိန်းကို နည်းနည်းလေးပဲ လျော့ပါသည်။ ကျွန်တော့်အဖို့တော့ အတော်လေးများသော ဆုလာဘ်ဖြစ်ပါသည်။ ဤသို့ဖြင့် ဆရာတော်နှင့် သိပေါင်းကျွမ်းပေါင်း ဖြစ်ခဲ့ရပါသည်။

ဆရာတော်အား ကျွန်တော် ကြည်ညိုမိသည့်အချက်မှာ ပရဟိတလုပ်ငန်း ကြီးပမ်းမှုများကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် ကလေးလူငယ်များ နှီးဆော်ပေးမှု၊ စာကြည့်တိုက်၊ စာကြည့်သင်းများ ဖြစ်မြောက်ရေး လှုံ့ဆော်ဟောပြောမှုများကြောင့် ဖြစ်ပါသည်။



ယခု ကျွန်တော့်အကြောင်း ရေးသားထားသော စာမူများကို စုစည်းထုတ်ဝေပေးမည် ဆိုလိုက်သောအခါ ဆရာတော်က ကျွန်တော့်အား ဂုဏ်ပြုခြင်း ဖြစ်သည် ဟု ဝမ်းသာမိရိုးအမှန်ဖြစ်ပါသည်။ သို့သော် ကျွန်တော့်စိတ်တွင် မဝံ့မရဲဖြစ်နေမိသည်မှာလည်း အမှန်ဖြစ်ပါသည်။

စာဖတ်သူအား ကြိုတင်၍ သတိပေးစကား မှာကြားလိုပါသည်။ ကျွန်တော်သည် ထိုက်သင့်သလောက် ကျော်ကြားသော စာပေသမားဖြစ်ကြောင်း အားလုံး သိကြပါသည်။ ထိုအတွက် တောင်တွင်းကြီး မြို့သူမြို့သားများကလည်း ကိုယ့်မြို့သားအဖြစ် ဂုဏ်ယူကြသည်မှာ အဆန်းမဟုတ်ပါ။

ကျွန်တော်၏ဘဝကို ပြန်လည်စဉ်းစားလိုက်တော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ခေတ်ပျက်ထဲတွင် လူလားမြောက်ခဲ့ရသည်။ ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရ။ တော်သလို လျော်သလို ကြီးပြင်းခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားဖြစ်ဖို့၊ မဟာဝိဇ္ဇာအထိ အောင်မြင်ဖို့ ဆိုတာတွေကို ကျွန်တော် ယောင်လို့မျှ မတွေးဝံ့ပါ။ မှန်းလည်းမမှန်းတတ်ခဲ့ပါ။ သို့သော် ကျွန်တော် တတ်စွမ်းသမျှ ကြိုးပမ်းအောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့်ဇာတိ မြို့သူမြို့သားများက ကျွန်တော့်ဘဝအခြေခံကို သိကြသောကြောင့် ချီးမြှောက်ကျူးကြသည်။ ဒီတော့ သူတို့ သားသမီးတွေနှင့် နောင်လာနောက်သား သူငယ်များအား ကျွန်တော့်ကို အားကျ ကြိုးစား

စေချင်ကြသည်။ ကျွန်တော့်အကြောင်းကို (ကျွန်တော်၏ ကြိုးပမ်းတက်လှမ်းအောင်မြင်မှု အကြောင်းကို) ပုံပြင်သဖွယ် ပြောပြတတ်ကြသည်။ ထိုသို့ ပြောပြသည့်အတွက် လူငယ်များကလည်း ကျွန်တော့်ကို အားကျ ချီးကျူးခြင်း ဖြစ်ကြသည်။

ထို့ကြောင့် စာဖတ်သူအား ကြိုတင်ပန်ကြားထားလိုသည်က ကျွန်တော့်အား ချီးကျူးသော စကားများကို တွေ့ကြရပါလိမ့်မည်။ မူလရည်ရွယ်ချက်မှာ တောင်တွင်းကြီးမြို့နယ် မျိုးဆက်သစ်များအတွက်သာ ဖြစ်ပါသည်။ ဆရာတော် မေတ္တာရှင်၏ စေတနာကြောင့်သာလျှင် ထိုက်သင့်သလောက် ပုံနှိပ်သွားသော စာအုပ်ဖြစ်ပါသည်။ ကျွန်တော်၏ အရည်အချင်း အောင်မြင်မှုများကို အမွှန်းတင် ချီးကျူးရန် မဟုတ်ဘဲ တောင်တွင်းကြီးမြို့သူမြို့သား၊ နောင်လာနောက်သား လူငယ်များ ကြိုးစားအားကျလာအောင် တိုက်တွန်း လှုံ့ဆော်သော စာများသာ ဖြစ်သည်ဟု မုဒိတာစိတ်ဖြင့် ဖတ်ရှုကြပါရန် တိုက်တွန်းလိုက်ရပါသည်။

မေတ္တာရှင်ဆရာတော်၏ ကျေးဇူးကို ဆင်ခြင်လျက်-

အောင်သင်း

၂၉-၁၁-၁၂

## မုဒိတာစာရေးဆရာ

ဆယ်တန်းစကားပြေစာအုပ်ထဲတွင် အံ့ဖွယ်စာရေးဆရာ ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရဖူးသည်။ ထိုဆောင်းပါးထဲတွင် ကျမ်းပြုစာရေးဆရာ ဆရာတော်နှစ်ပါး တွေ့ဆုံခန်းပါရှိသည်။ ရွှေဥမင်ဆရာတော်က တောထဲတွင်နေပြီး ဝိနည်း နိသယကျမ်းကို ရေးသားပြုစုသည်။ တောင်ဖီလာဆရာတော်က မြို့ပေါ်တွင်နေပြီး မင်းအပူဇော်ခံကာ ကျမ်းစာရေးသားသည်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်ကို လာရောက်ဖူးမြော်ရင်းဖြင့် ရွှေဥမင်ဆရာတော် ရေးသားသော ဝိနည်းနိသယကျမ်းကို ဖတ်မိသွားသည်။

တောင်ဖီလာဆရာတော်လည်း ဝိနည်းနိသယကျမ်းကို ရေးသားပြုစုပြီး ဖြစ်သည်။ သို့သော် ရွှေဥမင် ဆရာတော်ရေးသားသော ကျမ်းက ပိုမိုကောင်းမွန်သောကြောင့် ကျမ်းစာနှစ်ခု အပြိုင်မရှိသင့်ဟုဆိုကာ မိမိရေးသားသော ကျမ်းစာကို စေတီရင်ပြင်တွင်

မီးပူဖော်ပစ်လိုက်သည်။ တောင်ဖီလာဆရာတော်ကို အံ့ဖွယ်စာရေးဆရာဟူသော ဂုဏ်ပုဒ်အပြင် မှဒီတာစာရေးဆရာဟူသော ဂုဏ်ပုဒ်ကိုလည်း ထပ်ဆင့်ပေးလိုက်ချင်ပါသေးသည်။

မနာလိုခြင်းနှင့် ဝန်တိုခြင်းသည် ပုထုဇဉ်တိုင်းမှာ အနုသယအနေနှင့် တည်ရှိသည်။ သောတာပန်ဖြစ်မှသာ ထိုစိတ်ဆိုးစိတ်ယုတ်နှစ်မျိုးကို ပယ်သတ်နိုင်သည်။ ထို့ကြောင့် ပုထုဇဉ်များသည် များသောအားဖြင့် ကိုယ့်ထက်သာသူအပေါ် ဝမ်းမြောက်နိုင်သူကရှားပြီး မနာလိုဖြစ်သူက များသည်။ လောသကတိဿမထေရ်သည် ရဟန္တာဖြစ်ပါလျက် ဆွမ်းဝအောင် မဘုဉ်းပေးရသောကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ပရိနိဗ္ဗာန်ဝင်စံခဲ့ရသည်။ မထေရ်မြတ်သည် ဘဝတစ်ခုက ကျောင်းထိုင်ဘုန်းကြီး ဖြစ်ခဲ့ဖူးသည်။

ကျောင်းဒကာက တည်းခိုရန် အခက်ခဲဖြစ်နေသော ရဟန်းတစ်ပါးကို ကျောင်းသို့ ပင့်ဆောင်ခဲ့သည်။ နေရာထိုင်ခင်းလည်း ပြုလုပ်ပေးသည်။ လူဝတ်ကြောင် ကျောင်းဒကာက သဘောထားကြီးသော်လည်း သင်္ကန်းဝတ် ဆရာရဟန်းက သဘောထားသေးနေသည်မှာ အလွန်အံ့သြစရာကောင်းသည်။ ကျောင်းထိုင်ဘုန်းကြီးက ဧည့်သည်ရဟန်းအပေါ် မနာလိုဖြစ်လျက် ရှိသည်။ သူ့ကျောင်းတွင် ကြာကြာတည်းမှာ စိုးသောကြောင့် စကားမပြောဘဲနေသည်။ ကျောင်းဒကာက အပြန်တွင် ဆွမ်းစားပင့်သွားသည်။ ဆွမ်းစားပင့်ကြောင်းကို ကျောင်းထိုင်ဘုန်းကြီးကိုသာ လျှောက်ခဲ့



သည်။ ဧည့်သည်ရဟန်းကို ပင့်ခဲ့ရန်လည်း တစ်ခါတည်းလျှောက်သည်။

နံနက် ဆွမ်းစားကြွသောအခါ ကျောင်းထိုင်ဘုန်းကြီးက ဧည့်သည်ရဟန်းကို မပင့်ဘဲ တစ်ပါးတည်း ကြွသွားသည်။ ကျောင်းဒကာက ဧည့်သည်ရဟန်းဘုဉ်းပေးရန် ထည့်ပေးလိုက်သော ဆွမ်းနှင့် ဟင်းများကိုလည်း လမ်းမှာသွန်ပစ်ခဲ့သည်။ သူ့ ပြစ်မှားနေသည်ကို အဘိညာဉ်ရ ရဟန္တာဖြစ်သော ဧည့်သည်မထေရ်က ကျောင်းမှ သိနှင့်နေသည်။ ထို့ကြောင့် ကျောင်းထိုင်ဘုန်းကြီး အပြစ်မကြီးစေရန် အလျင်အမြန် ကြွသွားသည်။ ကျောင်းထိုင်ဘုဉ်းကြီးသည် သေသောအခါ အဝီစိငရဲသို့ ကျခဲ့ရသည်။ စိတ်ဓာတ်နိမ့်ကျလျှင် ဝတ်ထားသော သင်္ကန်းက ဘာမျှမတတ်နိုင်ကြောင်း သက်သေပင်တည်း။

ငရဲမှလွတ်သောအခါ ခွေးဘဝငါးရာ ဖြစ်ရသည်။ ထို့နောက် ဘီလူးဘဝငါးရာ ဖြစ်ရသည်။ ခွေးများကို သေချာလေ့လာကြည့်ပါက မနာလိုဝန်တိုစိတ် အားကြီးကြောင်း တွေ့ရသည်။ မိမိစိတ်တွင် မနာလိုဝန်တိုစိတ် ပေါ်လာပါက ခွေးများကို လှမ်းကြည့်ပြီး 'ငါ ခွေးဖြစ်တော့မယ်' ဟု သတိပြုကာ ပယ်သတ်လိုက်ပါ။ လောသကတိဿမထေရ်သည် ရဟန္တာဖြစ်ရမည့် ဘဝမှာပင် သူတောင်းစားရွာ၌သွားပြီး လူဖြစ်ရသည်။ သူသန္ဓေတည်သည်နှင့် တစ်ရွာလုံး တောင်းစားမရဖြစ်ကာ ငတ်ပြတ်ဆင်းရဲကြသည်။

သူမွေးလာသောအခါတွင်လည်း သူ့ကိုပွေ့ချီပြီး သွားတောင်းလျှင် ပေးမည့်သူမရှိချေ။ ထို့ကြောင့် သူ့ကို တစ်နေရာတွင် ချထားပြီး သွားတောင်းရသည်။ နောက်ဆုံး မိခင်ဖြစ်သူပါ သူ့ဒဏ်ကိုမခံနိုင်ဘဲ ထွက်ပြေးသွားရသည်။ လမ်းမတွင် လှည့်လည် တောင်းစားနေသော လောသကတိဿကို ရှင်သာရိပုတ္တရာက ခေါ်ယူပြီး ကိုရင်ဝတ်ပေးလိုက်သည်။ နောင်၌ ရဟန်းဖြစ်သော အခါ ရဟန္တာဘဝသို့ ရောက်ခဲ့ရသည်။ သို့သော် ရဟန္တာဘဝသို့ ရောက်သည့်အထိ တစ်ကြိမ်မျှ ဆွမ်းဝအောင် မဘုဉ်းပေးရပေ။

ဆွမ်းလောင်းမည့်သူ မရှိသောကြောင့် မဟုတ်၊ ဆွမ်းလောင်း၍ မရသောကြောင့်သာ ဖြစ်သည်။ မြင်သာအောင် ပြရလျှင် ရဟန္တာအပါး တစ်ရာကို အမျိုးသမီးတစ်ဦးက ဆွမ်းလောင်းနေသည်။ လောသကတိဿမထေရ်အလှည့်သို့ရောက်လျှင် လောင်းနေသော ဆွမ်းနှင့်ဟင်းများ ပျောက်ကွယ်သွားသည်။ လောသကတိဿမထေရ် ကျော်သွားလျှင် ဆွမ်းနှင့် ဟင်းများ ပြန်ပေါ်လာသည်။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ပရိနိဗ္ဗာန်ဝင်စံခဲ့ရခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်ကို ကြည့်ပြီး ဒဿနလေးတစ်ခု ရေးထားမိသည်။

ရဟန္တာဖြစ်တိုင်းလည်း ဘုန်းမကြီး၊ ဘုန်းကြီးတိုင်းလည်း ရဟန္တာ မဟုတ်ဟူသော ဒဿနပင် ဖြစ်၏။ ဆိုလိုသည်မှာ ရဟန္တာဖြစ်သော်လည်း အရင်ဘဝများက မနာလိုဝန်တိုစိတ် အား



ကြီးခဲ့လျှင် ဘုန်းမကြီးပေ၊ ပုထုဇဉ်ဖြစ်သော်လည်း မနာလိုဝန်တို စိတ်ကို သံဝေဂအသိဖြင့် ပယ်သတ်နိုင်ပြီး ဒါနပြုခဲ့လျှင် ဘုန်းကြီးသည်။ ထို့ကြောင့် ဝန်းသိုဆရာတော်ကြီးက

*မွေးမည့်မွေးရင် ကြက်တွေ၊ ဘဲတွေပဲ မွေးပါ၊ မနာလိုစိတ်နဲ့ ဝန်တိုစိတ်ကို မမွေးပါနဲ့၊ အကုသိုလ်ဖြစ်တာချင်း အပါယ် ကျတာချင်း တူသော်လည်း ကြက်တွေ ဘဲတွေ မွေးတာက ကြက်ဥ၊ ဘဲဥစားပြီးမှ အပါယ်ကျသည်။ မနာလိုစိတ်နှင့် ဝန်တိုစိတ်ကို မွေးသည့်အတွက်ကား ဘာမျှမစားရဘဲ အပါယ်သို့ ကျသည်။*

ဟု ဆုံးမတော်မူခဲ့သည်။ အမှားဟူသည် မောဟမကင်းသူ ပုထုဇဉ်တိုင်းနှင့် ဆက်ဆံသည်။ လောက၌ အမှားကင်းသူသည် ဘုရားရှင်တစ်ဆူသာ ရှိသည်။ စေတနာဆိုးဖြင့် လောကကို ဖျက်ဆီးရန် အတွေးမှား အရေးမှားများကို တင်ပြနေသော အဓမ္မ ပါဒီတို့ကိုကား အမုန်းခံပြီး အမုန်ကို ရေးသားဟောပြောကာ တိုက်နိုက် ချေမှုန်းရပေလိမ့်မည်။ ဥပမာအားဖြင့် အလိုတူလျှင် ကာမပိုင်ရှိသော အမျိုးသမီးနှင့် ပျော်ပါးနိုင်သည်။ ပြည်သူထဲတွင် မိမိကိုယ်တိုင် ပါဝင်နေသောကြောင့် ပြည်သူပိုင်ပစ္စည်းကို ခိုးလျှင် အပြစ်မရှိ စသော အဓမ္မဝါဒ တို့ကို တင်ပြနေသော ပစ္စုပ္ပန္နကမ္မ ဝါဒဓေါ မိုးပြာဂိုဏ်းမျိုးကိုကား အမုန်ဘက်မှ ရပ်တည်ကာ တိုက်နိုက် ချေမှုန်းရပေလိမ့်မည်။

သတိမေ့လျော့မှုကြောင့်၊ အမှတ်မှားမှုကြောင့်၊ ကျမ်းဂန်မနှံ့စပ်မှုကြောင့် အမှားအချို့ကို ရေးသားဟောပြောနေခြင်းမျိုးကိုကား အဓမ္မဝါဒီတံဆိပ်ကပ်ပြီး ထောင်ကျရန်၊ လူထွက်ရန်အထိ မလုပ်သင့်ပေ။ လူကိုယ်တိုင်သော်လည်းကောင်း၊ စာရေး၍သော်လည်းကောင်း၊ ဖုန်းဆက်၍သော်လည်းကောင်း အမှန်ကို ပြုပြင်ပေးသင့်သည်။ ထိုသို့ ပြုပြင်၍မရမှ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ရေးသားသင့်သည်။ ထိုအဆင့်နှင့်မျှမရလျှင် နောက်ဆုံးအဆင့်အနေဖြင့် ဝိနိစ္ဆယခုံရုံးသို့ တင်ရပေမည်။

ယခုခေတ် ဝေဖန်ရေးစာများကို ရေးနေသူအားလုံး စာမေးပွဲဖြေဖူးကြသူချည်းသာ ဖြစ်သည်။ အမှတ်တစ်ရာပေးလျှင် အမှတ်တစ်ရာပြည့်ရအောင် မဖြေနိုင်ခဲ့ကြပေ။ အနည်းငယ်သော အမှားကို ရေးသားဖြေဆိုဖူးကြသူချည်း ဖြစ်သည်။ သို့ဆိုလျှင် ၎င်းတို့ကိုလည်း အဓမ္မဝါဒီဟု သတ်မှတ်ရပေလိမ့်မည်။ လဲကျသူကို မြင်ရသောအခါ စိတ်ဓာတ် နိမ့်ကျသူများသည် လက်ခုပ်တီး၍ အော်ဟစ်လှောင်ပြောင် ရယ်မောကြသည်။ စိတ်ဓာတ်မြင့်မြတ်သူများသာ ထူမပေးပြီး ကူညီကြသည်။

ထို့အတူ မေ့လျော့မှုကြောင့်လည်းကောင်း၊ အမှတ်မှားမှုကြောင့်လည်းကောင်း၊ ကျမ်းဂန်မနှံ့စပ်မှုကြောင့်လည်းကောင်း စေတနာဆိုးမပါဘဲ မှားယွင်းရေးသား ဟောပြောမိသူများကို စိတ်ဓာတ် နိမ့်ကျသူများက မဂ္ဂဇင်းများ ဂျာနယ်များတွင် ရေးသား၍



အရှက်ခွဲကြ သိက္ခာချကြသည်။ စိတ်ဓာတ်မြင့်မြတ်သူများကားစာတိုက်မှ စာရေး၍သော်လည်းကောင်း၊ ဖုန်းဖြင့်ဆက်၍သော်လည်းကောင်း အမှားကို ပြင်ပေးကြသည်။ မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းများ ပေါများကြွယ်ဝပါလျက် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဖြစ်ရခြင်း၏ အကြောင်း တစ်ဆယ့်တစ်ချက်တွင် ကိုယ့်ထက်သာ မနာလိုခြင်းဟူသော အချက်တစ်ချက်သည်လည်း ပါဝင်လျက် ရှိသည်။

ဆုံးမခြင်းနှင့် ကဲ့ရဲ့ရှုံ့ချခြင်းသည် မတူပေ။ သူတော်စဉ်များက ဆုံးမခြင်းကို ပြုကြသည်။ မသူတော်များက ကဲ့ရဲ့ရှုံ့ချခြင်းကို ပြုကြသည်။ ဆုံးမခြင်းသည် မေတ္တာကရုဏာကြောင့် ဖြစ်ပေါ်လာပြီး သူတော်ကောင်းစကား ဖြစ်သည်။ ကဲ့ရဲ့ရှုတ်ချခြင်းသည် မာနနှင့် ဒေါသကြောင့် ဖြစ်ပေါ်လာသော မသူတော်စကား ဖြစ်သည်။ ထိုအမှားမျိုး နောင်မဖြစ်စေချင်သောမေတ္တာ ထိုအမှားကြောင့် ဆိုးကျိုးကို မခံစားစေလိုသော ကရုဏာကြောင့် ဆုံးမခြင်းစကားသည် ရင်ထဲမှ ဖြစ်ပေါ်လာသည်။ အမှားရေးမိသူထက် မိမိက ပိုတတ်သည်ဟု ထောင်လွှားလိုသောမာန၊ အမှားရေးမိသူကို ဂုဏ်သိက္ခာကျစေလိုသော ဒေါသတို့ကြောင့် ကဲ့ရဲ့ရှုံ့ချခြင်း စကားသည် ရင်ထဲမှ ဖြစ်ပေါ်လာသည်။ ဝေဖန်ရေးစာရေးဆရာတိုင်း အထူးသတိပြုသင့်သည့် အင်္ဂုတ္တိုရ်ပါဠိတော်လာ သူယုတ်မာလက္ခဏာလေးချက်နှင့် သူတော်ကောင်းလက္ခဏာ လေးချက်ရှိသည်။

### သူယုတ်မာလက္ခဏာ လေးပါး

၁။ သူတစ်ပါး မကောင်းကြောင်းကို မမေးဘဲပြောခြင်း၊
၂။ မေးလျှင် ကျယ်ကျယ်ဝန်းဝန်းပြောခြင်း၊
၃။ သူတစ်ပါးကောင်းကြောင်းကို မမေးလျှင် မပြောခြင်း၊
၄။ မေးခဲ့လျှင် လျှော့ပေါ့ပြောခြင်း။

### သူတော်ကောင်းလက္ခဏာ လေးပါး

၁။ သူတစ်ပါး မကောင်းကြောင်းကို မမေးလျှင်မပြောခြင်း၊
၂။ မေးလျှင် လျှော့ပေါ့ပြောခြင်း၊
၃။ သူတစ်ပါးကောင်းကြောင်းကို မမေးဘဲ ပြောခြင်း၊
၄။ မေးလျှင် ကျယ်ဝန်းပြည့်စုံစွာ ပြောခြင်း
တို့ ဖြစ်သည်။

စာရေးဆရာကောင်းတို့၏ အရည်ချင်းနှစ်ချက်ကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဩဝါဒပေးခဲ့ဖူးသည်။ တစ်ခါတွင် အရှင်မဟာသမေပဏ္ဍိတသည် ကျော်အောင်စံထားဆရာတော်ကြီး၏ အားနည်းချက်အချို့ကို ဆောင်းပါးတစ်ပုဒ်ရေးသားလိုက်သည်။ ထိုဆောင်းပါးကို မဂ္ဂဇင်းသို့ မပို့မီ ဂန္ဓာရုံဆရာတော်ဘုရားကြီးကို ဆက်ကပ်လိုက်သည်။ ထိုဆောင်းပါးတွင် ထိုခေတ် ကျော်အောင်စံထားဆရာတော်၏ နက္ခတ် ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်ပုံများကို ထေရဝါဒ ကျမ်းဂန်နှင့် မညီကြောင်း ဝေဖန်ရေးသားထားခြင်း ဖြစ်သည်။



ဆရာတော်ကြီးက စာမူကို ဖတ်ပြီးသည်နှင့် အရှင်မဟာသမေပဏ္ဍိတကို ခေါ်ယူပြီး ယခုလို ဩဝါဒပေးတော်မူသည်။

''စာရေးဆရာကောင်းဆိုတာ သူတစ်ပါးမကောင်းကြောင်းကို ဝေဖန်ထောက်ပြတတ်ရုံတစ်ခုတည်းနှင့် မပြည့်စုံသေးဘူး၊ သူတစ်ပါးရဲ့ ကောင်းကြောင်းကိုလည်း ထုတ်ဖော်ရေးသားတတ်ရတယ်၊ ဦးပဥ္စင်းဆောင်းပါးက ဆရာတော်ကြီးရဲ့ မကောင်းကြောင်းတွေပဲ ပါတယ်။ ရော့ ဆောင်းပါးကို ပြန်ယူသွား ဆရာတော်ကြီးရဲ့ ကောင်းကြောင်းတွေကိုလည်း ထုတ်ဖော်ရေးသားလိုက်ပါဦး''

ထိုအချိန်က ဝန်ကြီးချုပ် ဦးနုသည် ကျော်အောင်စံထားကျောင်းသို့ ဓာတ်ရိုက်ဓာတ်ဆင်ကိစ္စဖြင့် မကြာခဏ ရောက်သည်။ တစ်ခါတွင် ဆရာတော်ကြီးက ဆဋ္ဌသင်္ဂါယနာတင်သင့်ကြောင်း ဩဝါဒပေးလိုက်သဖြင့် ကမ္ဘာ့တွင်ထင်ရှားသော ဆဋ္ဌသင်္ဂါယနာပွဲကြီး ဖြစ်ခဲ့ရသည်။

**မှတ်ချက်။** ။ ထိုအကြောင်းရာကို စာရေးဆရာ ပန်းဒကာကိုတင်မြင့်ထံမှ ကြားသိရသည်။ ပန်းဒကာကိုတင်မြင့်သည် မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကိုရင်ဘဝမှ ရဟန်းဘဝအထိ သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ ဘာသာဋီကာကျမ်းစာ အတော်များများအတွက်လည်း လက်ရေးဖြင့် ရေးကူးပေးခဲ့ရသူ ဖြစ်သည်။ ဝေဖန်ရေးစာရေးဆရာများ အထူး

သတိပြုသင့်သည့် အတွေးမြင်လေးတစ်ခုကိုလည်း ဖော်ပြလိုက်ပေသည်။

*မသူတော်သည် သူတစ်ပါး၏ ဆိုးနေလောက်ရှိသော အပြစ်ကို ရှာဖွေပြီး မြင်တတ်သော်လည်း မိမိ၏ မြင်းမိုရ်တောင်လောက်ရှိသောအပြစ်ကိုကား မမြင်တတ်ပေ။ သူတော်ကောင်းသည် သူတစ်ပါး၏ မြင့်မိုရ်တောင်လောက်ရှိသော အပြစ်ကို မမြင်တတ်သော်လည်း မိမိ၏ ဆိုးနေလောက်ရှိသော အပြစ်ကိုကား ရှာရှာဖွေဖွေ မြင်တတ် ပြုပြင်တတ်ပေသည်။*

ခေတ်စာရေးဆရာ အများစုသည် ဘာသာရေးစာရေးဆရာများကို အများအားဖြင့် အထင်မကြီးတတ်ကြပေ။ ခေတ်စာပေလောကသို့ ဝင်ရောက်ရန် ခဲယဉ်းပြီး ဘာသာရေးစာပေလောကသို့ ဝင်ရောက်ရန် မခဲယဉ်းဟု ခံယူထားကြဟန်တူသည်။ အမျိုးသားစာပေဆုများတွင် ဘာသာရေးစာပေ မပါခြင်းကလည်း သူတို့အယူအဆကို ထောက်ခံနေသကဲ့သို့ ရှိသည်။ စာရေးသူ၏အတွေ့အကြုံအရ ခေတ်စာပေလောကမှာဖြစ်စေ၊ ဘာသာရေးစာပေလောကမှာဖြစ်စေ ပရိသတ်လက်ခံသော စာရေးဆရာကောင်းတစ်ယောက်ဖြစ်ရန် မလွယ်ကူသော အချက်ပင် ဖြစ်သည်။

ဘာသာရေးစာပေလောကတွင်လည်း ပရိသတ်က နှစ်ပေါင်းများစွာ လက်ခံနှစ်သက်သော စာရေးဆရာများကား လက်ချောင်း



ဆယ်ချောင်းပင် မပြည့်ပေ။ ပိုက်ဆံရှိသူတိုင်း စာအုပ်ထုတ်ဝေနိုင်သည်။ သို့သော် စာအုပ်ထုတ်ဝေနိုင်တိုင်း စာရေးဆရာ မဖြစ်ပေ။ ပရိသတ် နှစ်သက်လက်ခံမှသာ စာရေးဆရာ ဖြစ်ပေသည်။ ဆရာကြီးဦးသုခသည် မေတ္တာသုတ်စာအုပ်ဖြင့် ဘာသာရေးစာပေလောကတွင် နာမည်ကြီးစာရေးဆရာကြီး ဖြစ်လာခဲ့သည်။ ထိုစာရေးဆရာကြီးကို ခေတ်စာရေးဆရာတစ်ဦးက ဆွမ်းစားကျောင်းဟုရေးသည်မှာ မှားသည်၊ ဆွမ်းဘုဉ်းပေးကျောင်းဟု ရေးရမည်သာ ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

အနှိုင်းမဲ့ဟူသောစကားသည် ဆရာကြီးဦးရွှေအောင်၏ ကိုယ်ပိုင်စကားလုံး ဖြစ်သည်။ ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့ ကိုယ်ကျင့်ဗုဒ္ဓဝင်ဟူသော စာအုပ်ကြီးဖြင့် ဘာသာရေးလောကတွင် တဟုန်ထိုး ထင်ရှားလာခဲ့သည်။ ဆရာကြီး၏ ရေးသားချက်များကို သူတော်ကောင်းအများစုက ဝမ်းမြောက်ရိုးမွမ်းကြသော်လည်း မသူတော်အချို့က အပြစ်မရှိအပြစ်ရှာကာ ဝေဖန်ကဲ့ရဲ့ကြသည်။ ခေတ်စာရေးဆရာတစ်ဦးက ဆရာကြီးဦးရွှေအောင်သည် ဝါကျကိုပင် မှန်အောင်မရေးတတ်ဟု ဆိုကာ မဂ္ဂဇင်းတစ်စောင်တွင် ဝေဖန်ရေးသားလိုက်သည်။

တစ်ပြည်လုံးရှိ ဆရာကြီးကိုကြည်ညိုသော သူတော်ကောင်းစာရေးဆရာများက ဝိုင်းဝန်းရေးသားလိုက်ကြရာ ထိုမသူတော်စာရေးဆရာမှာ စာပေလောကမှ ပျောက်ကွယ်သွားသလောက်

ဖြစ်ခဲ့ရသည်။ မနာလိုဝန်တိုသော စာရေးဆရာများသည် ကြယ်နှင့်တူသည်ဟုဆိုလျှင် မိမိထက်သာသူအပေါ် ဝမ်းမြောက်တတ်သော စာရေးဆရာများကိုကား လမင်းနှင့်တူသည်ဟု ဆိုရပေလိမ့်မည်။ ဆရာကြီး ဦးအောင်သင်းသည် လမင်းနှင့်တူသော စာရေးဆရာမျိုး ဖြစ်သည်။ ထို့ကြောင့်လည်း ရဟန်းရှင်လူ အများစုက ဆရာကြီး၏ စာပေများကို ရိုသေလေးစားကြသည်။ တန်ဖိုးလည်း ထားကြသည်။

မနာလိုဝန်တိုသော စာရေးဆရာအများစုက သူတစ်ပါး ရေးသားသော ဆောင်းပါးများ၊ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များ၊ လုံးချင်းစာအုပ်များကို ရစရာမရှိအောင် အမှားတွေ ထောက်ပြပြီး ကဲ့ရဲ့ရှုတ်ချနေချိန်တွင် ဆရာကြီးက အောင်သင်း အကြိုက်ဆုံးဝတ္ထုတိုများဟု ခေါင်းစဉ်တပ်ပြီး ကောင်းကွက်များကို လစဉ်ဝေဖန်ရေးသားခဲ့ရာ စာပေသမိုင်းတွင် ဝတ္ထုတိုရွှေခေတ်ဟု ခေါ်စမှတ်ပြုရလောက်အောင် ထင်ရှားကျော်ကြားခဲ့ပေသည်။ ဝတ္ထုတို ရေးတတ်ချင်သူများအနေဖြင့် ဝတ္ထုတို နှစ်ဆယ့်ငါးပုဒ်ပါသော အောင်သင်း အကြိုက်ဆုံးဝတ္ထုတိုများ စာအုပ်ကို ဖတ်ရှုလေ့လာသင့်ပေသည်။

စာရေးသူကိုယ်တိုင် ထိုစာအုပ်ကြီးကို ဖတ်ရသောကြောင့် ဝတ္ထုတိုအနည်းငယ် ရေးတတ်လာခဲ့ပေသည်။ ဆရာကြီးသည် ခေတ်စာပေ၊ ဘာသာရေးစာပေ မခွဲခြားဘဲ ကောင်းလျှင် ကောင်း



ကြောင်းကို ဝမ်းပန်းတသာ မုဒိတာစိတ်ထားဖြင့် ရေးသားခဲ့သည်။ စစ်ပြန်မဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါးအနေဖြင့် ပါရှိခဲ့သော ဆရာကြီး ဦးရွှေအောင်၏ ဒေဝဒတ်အမည်ရှိ ဆောင်းပါးသုံးပုဒ်ကို ဖတ်ရှုပြီး ယခုလို ချီးမွမ်းရေးသားခဲ့သည်။

**''ဆရာကြီးဦးရွှေအောင်ရဲ့ ဒေဝဒတ်လို ဆောင်းပါးတစ်ပုဒ်ကိုသာ ရေးနိုင်မယ်ဆိုရင် ကျွန်တော် တစ်သက်လုံးရေးခဲ့တဲ့ ဆောင်းပါးအပုဒ်ပေါင်း သုံးလေးရာကို အမှိုက်ပုံးထဲ ထည့်လိုက်ချင်ပါတယ်''**

ထိုကဲ့သို့ မုဒိတာစကားမျိုးကား စာပေလောကတွင် ကြားရခဲပါဘိခြင်း။ စာပေလောကတွင် စကားလေးတစ်ခု ရှိ၏။ အယ်ဒီတာ ညံ့သည် စာကိုမရွေး လူကိုသာ ရွေးသည်။ အယ်ဒီကောင်းသည် လူကိုမရွေး စာကိုသာ ရွေးသည်။ ဆရာကြီးဦးအောင်သင်းကား အယ်ဒီတာကောင်းတစ်ယောက်ဟု ဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီးသည် လူကိုမရွေး စာကောင်းကိုသာ ရွေးသောကြောင့်တည်း။ လွန်ခဲ့သော ဆယ်နှစ်ကျော်က စာရေးသူသည် စာပေခယောင်းတောကြီးကို တစ်ယောက်တည်း ခဲခဲယဉ်းယဉ်း ဖြတ်သန်းနေချိန် ဖြစ်သည်။ မေတ္တာရှင်ရွှေပြည်သာဟု လူတစ်ရာလျှင် တစ်ယောက်သာသိကြသည်။

ထိုစဉ်က ဆရာကြီးဦးအောင်သင်းသည် ဈေးကွက်ဂျာနယ်တွင် မျိုးဆက်သစ် တိုးတက်ရစ်ဖို့ ဟူသော ခေါင်းစဉ်ဖြင့်

စာရေးသူရေးသားသော စာရိတ္တသတ္တိစာအုပ်၏ ကောင်းကြောင်းများကို မုဒိတာစိတ်ဖြင့် ချီးမွမ်းရေးသားခဲ့သည်။ ဆရာကြီးဆောင်းပါးကြောင့် စာရေးသူ၏စာအုပ်များသည် ဘာသာရေးစာပေလောကမှ ခေတ်စာပေလောကသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ ဆရာကြီး၏နောက်တွင် လူငယ်စာဖတ်ပရိသတ်များထုနှင့်ထည်နှင့် ရှိနေသည် မဟုတ်ပါလော။ အမှန်ဆိုလျှင် ထိုအချိန်က ဆရာကြီးသည် စာရေးသူနှင့် ရင်းနှီးဖို့ ဝေး၍ တွေ့ပင်မတွေ့ခဲ့ဖူးပေ။

အသက်အားဖြင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း စာပေဝါသနာဖြင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း ဆရာကြီးသည် စာရေးသူ၏ အဖေအဆင့်သာမက အဘိုးအဆင့်ပင် ရှိနေခဲ့သည်။ သို့ပါလျက် မိမိထက် အသက်အားဖြင့်လည်းကောင်း၊ စာပေဂုဏ်အားဖြင်လည်းကောင်း ငယ်သော စာရေးသူ၏စာအုပ်ကို ချီးမွမ်းရေးသားနိုင်ခြင်းကား နှလုံးဖြူ အူစင်းသော သူတော်ကောင်းစိတ်ကြောင့်သာဟု ဆိုရန်မှတစ်ပါး အခြားမရှိပေ။ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်ကလည်း ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မိမိထက် အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ငယ်သော မဟာစည်ဆရာတော်ဘုရားကြီးကို ယခုလို ချီးမွမ်းစကား မိန့်တော်မူခဲ့ဖူးသည်။



''ဒီကနေ့ရှေ့လျှောက် မဟာစည်ဆရာတော်ထက် သာသူကို မဆိုထားနဲ့ တန်းတူသူကိုတောင် တွေ့ရဖို့မလွယ်တော့ဘူး။ မဟာစည် ဆရာတော်ဟာ ခေတ်အဆက်ဆက် ဘယ်သူမမြင်ခဲ့တဲ့ သင်္ဂြိုဟ်ကျမ်းပြုဆရာ အရှင် အနုရုဒ္ဓါရဲ့ အမှားကို တိတိကျကျ ထောက်ပြနိုင်ခဲ့တယ်။ ဒါကြောင့်လည်း တို့များက ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီးကို ပြုစုဖို့ မဟာစည်ဆရာတော်ကို တိုက်တွန်းရတာပဲ''

ဝမ်းသာစရာ မုဒိတာသတင်းစကားနှင့်အတူ ယခုဆောင်းပါးကို နိဂုံးချုပ်ပါတော့မည်။ မုဒိတာစာတမ်းများကို ရေးသားတတ်သူ ဘာသာရေးစာရေးဆရာတစ်ဦး စာပေလောကတွင် ပေါ်ထွက်လာခဲ့ပေပြီ။ ထိုစာအုပ်ဆရာကား ဝီရသူ (မစိုးရိမ်) ပင်ဖြစ်သည်။ အမျိုးဘာသာ သာသနာအတွက် အကျဉ်းထောင်ထဲတွင် ရှစ်နှစ်နေခဲ့ရသော ဘုရားအလောင်းကဲ့သို့ အနစ်နာခံသူတစ်ဦးလည်း ဖြစ်သည်။ အကျဉ်းထောင်ထဲရောက်နေချိန်တွင် စာရေးသူ၏ စာအုပ်များကို အစအဆုံး ဖတ်ရှုပြီး ထောင်တွင်းရောက်မှ မိတ်ဆွေရင်းဖြစ်ခဲ့ရသူ တစ်ယောက်ပင်။

အကျဉ်းထောင်ထဲတွင် နေထိုင်ရင်း စာရေးသူ၏စာအုပ်များမှ အားနည်းချက်များကို ပြုပြင်ရန်၊ အားသာချက်များကို ပို၍ ကြိုးစားရန် မုဒိတာစိတ်ဖြင့် ဝေဖန်ရေးဆောင်းပါး ဆယ်ပုဒ်ခန့်ကို ရေးသားခဲ့သည်။ သံတိုင်ကြားမှ ချီသောလက်အုပ် ဟူသောအမည်

ဖြင့် ထိုစာအုပ်ထွက်နေပေပြီ။ ဆရာကြီး ဦးအောင်သင်းကဲ့သို့၊ ဇီရသူ (မစိုးရိမ်)ကဲ့သို့ မှဒိတာစာရေးဆရာများ များများပေါ်ထွက်စေချင်ပါသည်။ သို့မှသာ စာပေလောကမှ ရန်ပွဲများ ငြိမ်းအေးပြီး ကောင်းမွန်သော၊ အဆင့်မြင့်သော စာပေများ ပေါ်ထွက်လာမှာဖြစ်ပေသည်။

ကျန်းမာချမ်းသာကြပါစေ...

မေတ္တာရှင် ရွှေပြည်သာ

## မှတ်တမ်းမှသည် သမိုင်းဆီသို့

လူ့လောကပတ်ဝန်းကျင်တွင် လူအများ နေ့စဉ်ပြောဆို လုပ်ကိုင်ဆောင်ရွက်နေမှုများသည် သာမန်ပြောရိုးပြောစဉ်၊ လုပ်ရိုးလုပ်စဉ်များဟု ထင်မြင်စရာရှိသော်လည်း ထိုအပြောအဆို လုပ်ကိုင်မှုများသည် အမှတ်မထင် မှတ်တမ်းဝင်သွားပြီး နောင်တစ်ချိန်တွင် သမိုင်းဝင်ပြောစကား၊ သမိုင်းဝင် ဆောင်ရွက်မှုအဖြစ် မော်ကွန်းတင်ခံရသော အကြောင်းအဖြစ် ပြောင်းလဲသွားတတ်ပါသည်။

ကျွန်တော်တို့ ရပ်ကွက်ထဲတွင် ဦးမြင့်ကြည်ဟု ခေါ်သော အဘိုးကြီးတစ်ယောက် ရှိသည်။ အဘဦးမြင့်ကြည်သည် ရပ်ကွက်ထဲရှိ ကိုယ်ဝန်ဆောင်တစ်ယောက် ကလေးမီးဖွားပြီဆိုသည်နှင့် မွေးဖွားလာသော ကလေး၏မိဘအမည်၊ မွေးဖွားသည့် နေ့နှင့် အချိန်တို့ကို မှတ်သားထားလေ့ ရှိပါသည်။ မွေးဖွားလာသည့် ကလေး၏ မိဘများက မှတ်သားထားကြသော်လည်း နှစ်ကြာလာပြီး အကြောင်းတစ်ခုခုကြောင့် ကလေးမွေးနေ့ မွေးလ အချိန်တို့

မေ့လျော့သွားလျှင် အဘဦးမြင့်ကြည် မှတ်သားထားသော စာအုပ်ကြီးထဲတွင် လာရောက် ကြည့်ရှုကြပါသည်။ ဤသို့ဖြင့် အဘဦးမြင့်ကြည်၏ စာအုပ်ကြီးသည် ရပ်ကွက်တွင် ကလေးမွေးဖွားမှု သမိုင်းပမာ ဖြစ်သွားပါသည်။

ယခုလည်း ၁၃၇၃ ခုနှစ် ဝါဆိုတွင် (မေတ္တာရှင်ရွှေပြည်သာ) ဆရာတော် တောင်တွင်းကြီးမြို့တွင် ဝါဆို ဝါကပ်တော်မူစဉ် ဆောင်ရွက်တော်မူခဲ့သော ကောင်းမှုကုသိုလ် မှတ်တမ်းများကို တင်ပြလိုက်ပါသည်။

**ဗုဒ္ဓပူဇာ ရှေးဦးစွာ**

တောင်တွင်းကြီးမြို့၏ အရှေ့ဘက် နတ်မှီတောရအနီးမှ ဖြတ်သွားလျှင် သုံးမိုင်ခန့် အကွာရှိ ရေပြားရွာအနီးမှ ကြက်မောက်ရွာတွင် ပြိုကျပျက်စီးနေသည့် ရှေးဟောင်းဘုရားတစ်ဆူ ရှိရာ ထိုစေတီကို ပြန်လည် ပြုပြင်ပြီး ထီးတော်တင်ခဲ့ပါသည်။ ၄၄ ပေါင်း ကုန်ကျငွေ သိန်းတစ်ရာကျော် ဖြစ်ပြီး ဘုရားဂုဏ်တော်ကို ရည်မှန်း၍ လှူဒါန်းပူဇော်ခြင်း ဖြစ်ပါသည်။

**တရားတော်ကို ပူဇော်ခြင်း**

ဆရာတော်သည် မြို့ရွာဒေသအသီးသီးသို့ နှစ်ပေါင်းများစွာ တရားဟော ကြွနေရသည့်အတွက် ကိုယ်တိုင်တရားအားထုတ်ခွင့်



ခဲရ ဖြစ်နေသည်။ ထို့ကြောင့် ကိုယ်တိုင်တရားအားထုတ်လိုသည့် အလျောက် လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်က ဝတ်ဆောက်တည် ခဲ့သော ဆယ်ရွာ ရွာကြီးနှင့် ငါးမိုင်ခန့်ဝေးသော ဆည်ကြီးရွာတွင် ပါဝင်၍၊ တရားအားထုတ်ရန် ဆုံးလိုက်သည်။ သို့သော် ဆည်ကြီးရွာသို့ ရောက်သောအခါ ဆည်ကြီးရွာသည် ယခင်လို မဟုတ် တောရွာ ရွာကျောင်းမှာ လူများဖြင့် စည်ကားနေသည့်အတွက် ဆည်ကြီးရွာနှင့် တစ်မိုင်ခန့်ကွာရှိ မူလဆည်ကြီး ဆရာတော်ကြီး ကြွင်းသုံးသွားတော်မူခဲ့သော သမင်အိုင်တောရကျောင်းတွင် တရားအားထုတ်ရင်း ဝါဆိုဝါကပ်တော်မူပါသည်။ ဤသို့ ဝါကပ် တော်မူမိုက် တရားတော်ကို ပူဇော်သောအားဖြင့် မြွန်ဝကြီးရွာတွင် ပါရိသုဒ္ဓ ဟုခေါ်ဆိုသော လပြည့်လကွယ် ဥပုသ်ကို ဆောက် တည်ခဲ့ပါသည်။

ထို့ပြင် တောင်တွင်းကြီး တစ်နယ်လုံးရှိ စာသင်ကျောင်းများ အားလုံးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မှတ်ရန် ဆရာတော် ရေးသားသော-

လူဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်
တစ်ရာထက်မြတ်သော တစ်ရက်
မေတ္တာဖြင့် စီးပွားရှာခြင်း စာအုပ်များ၊
ဆရာလယ်တွင်းသားစောချစ်ရေးသော
ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး

ခေါင်းလောင်းသံချိုချို
ကျောက်ဆစ်ဒိုးနှင့်

လမ်းထွင်သူ စသည့်စာအုပ် ခြောက်မျိုးကို လှူဒါန်းခဲ့ပါသည်။ စုစုပေါင်း သိန်းနှစ်ဆယ်ခန့် တန်ဖိုးရှိပါသည်။ ထိုစာအုပ်များကို ဖတ်ရှုပြီး ဆရာ ဆရာမများ အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သတင်းစကားများလည်း ကြားရပါသည်။ ဆရာတော်သည် တောရကျောင်းနှင့်နီးသော ကြမ်းကြားရွာ၊ နတ်ရွာ၊ ပြွန်ဝကြီးရွာ၊ အမှတ် (၅) သကြားစက် စသည့်နေရာများတွင် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးခဲ့ပါ၏။

## သံဃာတော်ကို ပူဇော်ခြင်း

အိမ်ခြေ ငါးဆယ်ခန့်ရှိသော ကြက်မောက်ရွာတွင် ရေးနှစ်ပေါင်းများစွာက တည်ရှိနေသော သိမ်နေရာတွင် သံဃာတော်များ မွေးထုတ်နိုင်ရန် အလို့ငှာ အာရုံစီ တိုက် သိမ်ကျောင်း၊ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကုန်ကျငွေ (၁၆၅) သိန်းကျော် ဖြစ်ပါသည်။ ထို့ပြင် ကြက်မောက်ရွာနှင့် လေးမိုင်ခန့် ဝေးသော တောင်ပေါ်တွင် တည်ထားသော အောင်သပြေရွာတွင် အိမ်ခြေ ငါးဆယ်ခန့်ရှိပြီး ရွာသူရွာသားများသည် သောက်သုံးရေ အခက်အခဲတွေ့နေရသည်။ ရွာဦးကျောင်း ဘုန်းကြီးသုံးရန် ရေကို လျှိုတွေထဲသို့ လိုက်ခပ်စုဆောင်းပြီး ဘုန်းကြီးကျောင်းသို့ လှည်းများ၊



[illegible] ပို့ပေးရသည်။ ရွာသူရွာသားများကို သနားသည့်အတွက် ဘုန်းကြီးများ သုံးရက်မှတစ်ခါသာ ရေချိုးရရှာသည်။ ရေ [illegible] ရေသန့် မဟုတ်သဖြင့် ရွာမှကလေးများလည်း ကျန်းမာရေး ထိခိုက်ကြသည်။ ထို့ကြောင့် ဆရာတော်က ရွာ၏ မူလတန်းကျောင်း[illegible]ထဲတွင် ကျောက်များကို ဖောက်၍ အဝီစိတွင်း တူးပေးရာ တစ်လကျော်ကြာသောခါ၌ ပေပေါင်း (၄၈၀) တူးအပြီး ရေထွက်ပါလေသည်။ လွယ်ကူသည်တော့ မဟုတ်။ နှစ်နေရာ [illegible] တူးရသည်။ ယခုအခါ ရွာဦးကျောင်းဆရာတော်နှင့် ရွာသူရွာသားများသည် သောက်သုံးရေ အခက်အခဲ ကြုံတွေ့မှု ဒုက္ခမှ ကင်းလွတ်သွားကြပေပြီ။ ရေကန်ရေစက် အလှူဒါနအတွက် (၁၇) သိန်း၊ ကုန်ကျပါသည်။

ဝါကျွတ်၍ ရန်ကုန်ပြန်ကြွခါနီးတွင် ဆရာကြီးဦးအောင်သင်း [illegible]ဆောင်ထားသော 'လောကအလင်းစာကြည့်တိုက်' ကို ဆိုက်ရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ စာကြည့်တိုက် အမှုဆောင်များက ဆရာကြီးကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းရေးသားထားကြသည့် 'တောင်တွင်းကအောင်သင်း' အမည်ရှိ စာစုကို စာအုပ်ထုတ်ဝေလိုကြောင်း လျှောက်ထားကြရာ ဆရာတော်မှ တာဝန်ယူထုတ်ဝေပေးမည် ဖြစ်ပါသည်။

စာကြည့်တိုက်ရောက်ခဲ့စဉ်က ဆရာတော် ရေးသားခဲ့သော အမှတ်တရ စာသားကိုလည်း အများပြည်သူသိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

မြန်မာများ အင်္ဂလိပ်ကျွန်ဖြစ်ရခြင်း အကြောင်း များစွာတွင် စာမဖတ်ခြင်းသည်လည်း တစ်ကြောင်း အဖြစ် ပါဝင်သည်။ စာမဖတ်သော မြန်မာများက သံလုံးကြီးထည့်ပြီး အမြောက်ပစ်ချိန်တွင် စာဖတ် သော အင်္ဂလိပ်များက တစ်ချက်မှန်ပြီး ကွဲထွက်လိုက် သည်နှင့် လူပေါင်းများစွာသေသော အမြောက်များကို သုံးနေကြပြီ ဖြစ်သည်။

ထို့ကြောင့်လည်း အထက်မြန်မာပြည်ကို ကြက် ကလေး၊ ငှက်ကလေးတို့လို သိမ်းယူသွားနိုင်ခြင်း ဖြစ် သည်။ ကမ္ဘာ့အချမ်းသာဆုံး အမေရိကန်မှ စာကြည့် တိုက်ကြီးသည် ပေသုံးထောင်ပတ်လည် နှစ်ထပ်တိုက် အမြင့်ကြီးဖြစ်သည်။ စာအုပ်ပေါင်း သန်းချီရှိသည်။

စာအုပ်တင်ထားသော စင်များကို စီတန်းထားလိုက် လျှင် မိုင်ပေါင်း ၄၅၀ ရှည်လျားသည်။ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ အားလုံး တိုးတက်ချင်လျှင် စာဖတ်ရပါမည်။ ရုပ်ခန္ဓာကြီးထွားရေးအတွက် နေ့စဉ် မပျက် ထမင်းစားသလို နာမ်ခန္ဓာ ကြီးထွားရေး အတွက် ဆရာကြီး ဦးအောင်သင်း တည်ထောင်ခဲ့ သော လောကအလင်းစာကြည့်တိုက်မှ စာအုပ်များကို နေ့စဉ်ဖတ်လိုက်ပါ။



ရုပ်ခန္ဓာသာ ကြီးထွားလျှင် မိမိ မိသားစု အကျိုး စီးပွားအတွက်သာ ကုန်ထမ်းနိုင်မည်။ နာမ်ခန္ဓာ ကြီး ထွားလျှင် တစ်လောကလုံးအကျိုးကို ထမ်းဆောင်နိုင် မည်။ အက်ဒီဆင်၏ နာမ်ခန္ဓာကြီးထွားမှုကြောင့် တစ် ကမ္ဘာလုံး အလင်းရောင်ရသည်ကို မမေ့သင့်ပါ။

မေတ္တာရှင် (ရွှေပြည်သာ)

မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏ ၂၀၁၂ ခုနှစ် ဝါတွင်း ကာလ ကုသိုလ်တော်မှတ်တမ်းသည် သာမန်မျှသာ ဖြစ်ကောင်း ဖြစ်ပါမည်။ သို့သော် တောင်တွင်းကြီးမြို့အကြောင်း သမိုင်း တစ်စောင် ပေါ်ပေါက်ခဲ့ပါလျှင် ဆရာတော်၏ ဤကုသိုလ် မှတ် တမ်းသည် တောင်တွင်းကြီးမြို့ သမိုင်းမှ သာသနာရေးဆိုင်ရာ ကိစ္စများအတွက် အချက်အလက်တစ်ခုအဖြစ် ထာဝရ တည်ရှိနေ မှာ ဖြစ်ပါတော့သည်။

ညီမေတ္တာ

## ကဗျာ

**စာပေဝန်းရပ်၊ မြေလတ်သစင်၊ အလင်္ကာနှင်းဆီ**

နောင်ရင်းများဆွေတို့ရဲ့
'တောင်တွင်းသား'ပေမို့
နောင် အငြင်းမပွား အချင်းမများရလေအောင်
(ကိုရင်တို့ရယ်...)
အမောင် သတင်းစကားဆိုလိုက်ပါချင်... ။

(အိမ်း... )
ကိုယ့်ငါးချဉ်ကိုယ် ချဉ်တယ်ပြောစေတော့
တောင်ပြင်ရပ်ကွက်သားရယ်လို့
နောင် အမြင် မှတ်ချက်မမှားရအောင်ကလည်း
ဆိုရ ညွှန်းရမည်ပင်... ။

'စာ'ဆိုတာ ဒေါင်းတောက်အောင် ရှာဖွေဖတ်ကြည့်ခါမှ
မနာလိုစရာ ကောင်းလောက်အောင် အရေးအသားကောင်းပြီး

ဆရာဆိုသဟာ ခေါင်းမီးတောက်အောင် အတွေးအားကောင်းသူကိုဖြင့်

လေးလေးစားစား ကန်တော့လိုက်ပါရစေ သခင်
(ဟောဒီက) မြေလတ်တစ်ခွင်ရဲ့ အလင်္ကာအကြီးအမှူး…။

ဩော်…
တေးသီချင်း ပြဇာတ် ကဗျာဓာတ်တွေနှင့်
သံချပ်တွေ မှန်ချပ်တွေ ဖွဲ့သီကုံးငုံဖြင့်
အုန်းခနဲ ကျွက်ခနဲ စာပေလှိုင်းခတ်သူကြီးပေပ
စာပန်းချီ မှုန်းမှုန်းပြီး ရေးချယ်သ ပြန်တော့
အတွေးနယ်ကြွ ရင်ခုန်လှိုင်းထသကွဲ့
ကိုင်းလဟဲ့… ကိုင်းလဟဲ့… ဆိုပြီး
(အမယ်မင်း) ရေးတိုင်းလှတဲ့ ဆရာ့ရဲ့ စာပေကျေးဇူး…။

(တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ကွက် မွေးဇာတိဖြစ်သူ စာရေးဆရာကြီး ဦးအောင်သင်းအား ဤကဗျာဖြင့် ဂုဏ်ပြုကန်တော့အပ်ပါသည်။)

တောင်တွင်း မောင်သင်းကျော်
(၁-၁၂-၂၀၁၀)

## လမ်းတစ်လျှောက် သင်းပါတယ်

ပေလေးပင် ရှင်လေးပါးဟာ
တောင်တွင်းရဲ့ နှလုံးသားတွေ ဖြစ်ပါတယ်
ဦးကြော့ရဲ့ ပန်းပိတောက်မင်း
တောင်တွင်းကစပြီး တစ်နိုင်ငံလုံးသင်းမြပါတယ်။

ကျောက်ကွင်းအရေးတော်ပုံ
တစ်နိုင်ငံလုံး သိမ့်သိမ့်တုန်
ဗုဒ္ဓရဲ့အဟုန် အခင်းအကျင်း
တောင်တွင်း နတ်မီဆရာတော်က
အလင်းအလှူပေးခဲ့တယ်။

တောင်တွင်းသားတွေဟာ
အမှောင်ခွင်းသမားတွေ ဖြစ်ခဲ့တယ်
အမှောင်ခွင်းခဲ့တဲ့ တောင်တွင်းသားတွေထဲမှာ
ကျွန်တော် ချစ်ခင်လေးစားခဲ့ရတဲ့
"ဆရာအောင်သင်း" ရှေ့တန်းက ပါ,ပါတယ်။

မောင်သင်းနိုင်
၁၀-၁၂-၂၀၁၀

## လူငယ်တွေရဲ့ဆရာ

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ
ဆရာနဲ့ဆုံခဲ့ပါတယ်။
တောင်တွင်းကြီးမိသားစုတက္ကသိုလ်များ (ရန်ကုန်)ရဲ့
ကိစ္စအဝဝကို
လမ်းညွှန်ပြသ ပံ့ပိုးခဲ့။

နဝဒေးမဂ္ဂဇင်းမှာ
ဆရာအယ်ဒီတာလုပ်တော့
''မောင်ကြည်သာဆိုတာ
ငါနဲ့ရင်းပါတယ်
ငါ့တပည့်ပါကွာ
သူ့ကဗျာ ငါပြင်လို့ရပါတယ်''တဲ့
ဆရာရဲ့စကား
ကျွန်တော်
အများကြီး ဝမ်းသာဂုဏ်ယူ ပီတိဖြစ်မိပါတယ်။



''မျိုးဆက်သစ်တို့ တိုးတက်စေဖို့'' ဆိုတဲ့စကား
အဓိပ္ပာယ်များစွာနဲ့
လူငယ်တွေအားရှိပါတယ်။

အကျဉ်းအကြပ်ထဲမှာပင်
ပညာကိုရှာဖွေခဲ့တဲ့ ဖွဲ့ လုံ့လ ဝီရိယ
အားကျအတုယူစရာတွေပေါ့။

သုညတစ်ခြမ်းပိန်နဲ့ စခဲ့ရတဲ့ဘဝ
အခြေတင့်အနေတင့် ဂုဏ်တင့်နေပါပြီ။

ကံဆိုးခဲ့ပေမဲ့
မိုးမမှောင်အောင် အားထုတ်တတ်တဲ့ဆရာ
သက်တော်ရာကျော်ရှည်ပါစေကြောင်း
လက်စုံမိုး၍ ရှိခိုးကန်တော့
ဆုမွန်ကောင်း တောင်းလိုက်ပါရဲ့ . . . ။

မောင်ကြည်သာ (တောင်တွင်း)

## ပင်စင်နေ့မှာ

ကျောင်းတော်က ခေါင်းလောင်းသံကြောင့် ထထိုင်မိ
သင်ကြားလွယ်အိတ်ဟောင်းလေးကို ကောက်လွယ်မိ
မဟုတ်သေးပါဘူး
စာသင်ခန်းတွေဆီ စိတ်က ခုန်ခုန်ဝင်သွား
ရုပ်ကို ပြန်ပြန် နုတ်ယူနေကြရတဲ့ မိသားစုကိုလည်း
အားနာနေပါပြီ
"မင်္ဂလာပါ ဆရာ"
"မင်္ဂလာပါ ကလေးတို့ရယ်"
တကယ်ပဲ မင်္ဂလာရှိပါစေရမယ်လို့
အဖြူနဲ့အစိမ်း ယူနီဖောင်းကလေးတွေ
အိမ်ရှေ့ ဖြတ်သွားတာ မြင်ရင်
"ဟာ" သွားတဲ့ ရင်ကို ဘာနဲ့မှ ပြင်လို့မရ
တစ်ချိန်မှာ သူစိုက်ခဲ့တဲ့ ပန်းတချို့
ပြန်ပွင့်ကြ-



သူထိုင်ခဲ့တဲ့ ကုလားထိုင်နဲ့ စားပွဲနေရာ
အစားထိုး ဝင်လာတာကိုလည်း မုဒိတာပွားပါရဲ့။
သို့သော်လည်း စိတ်အနာက
ရေးခြစ်ခဲ့ရတဲ့ မြေဖြူတိုကလေးလို ကုန်မသွားဘူး။
ဝ,လုံးကလေးကစ သင်ကြားခဲ့တဲ့ ဆရာ
ခုချိန်မှာ ဝပ်အားနည်းလာတဲ့ မီးလုံးပမာ
နောက်ဆုံး ကျွမ်းလောင်ရ
သူ့ ရှည်လျားတဲ့ နေ့တွေကို
သက်ပြင်းနဲ့ မှုတ်ထုတ်ပေါ့
သူ့ ညအခွေများ...
ကြယ်ကလေးများနဲ့ ပွင့်နေလှပနေပါလေရဲ့။ ။

(ဆရာဦးအောင်သင်းနှင့် တစ်ခါတုန်းက ဆရာတွေ...)

ရာမျိုး

## ဆရာအောင်သင်း
## တောင်တွင်းမြို့ရဲ့ နှလုံးသား

''တောင်တွင်း''သား မဟုတ်ပေမယ့်
''ဝမ်းတွင်း''သား ကျွန်တော်လည်း ဆရာ့တပည့်
ဆရာရဲ့ ''ချိုတကူးနဲ့ ဂုဏ်ရည်မတူ''
(၁၀) တန်းတုန်းက သင်ယူခဲ့ရတယ်။

ဗီသနိုးရဲ့ ပန်ထွာ
ဆရာရဲ့ တောင်တွင်းသား ''ချိုတကူး''
နိုင်ဝင်းဆွေရဲ့ တောင်တွင်းသူ ''မသိန်းရှင်''
တောင်တွင်းကြီး ရင်းတွင်းဖြစ် ဇာတ်ကောင်များ
ကျွန်တော့်ကို ညို့ယူဖမ်းစားခဲ့။

တောင်တွင်းသူနဲ့ အိမ်ထောင်ကျ
ဇာတိပုည ဂုဏ်မာနကြီးမြတ်ရာ
တောင်တွင်းကြီးရောက်စမှာ
ခေတ်သစ်သြဘာညွန့် ရုပ်ရှင်ရုံရှေ့



ရွှေလမင်း ရုပ်ရှင်ရုံရှေ့
''ချိုတကူး''နဲ့များ တွေ့လေမလား...

အကြီးအမှတ် အကာအခုန်နဲ့
အုန်းတောအရဏ်တော် အိမ်ရှေ့ရောက်တိုင်း
''ချိုတကူး''ဆိုတဲ့ မြေလျှောက်မင်းသား
မျှောက်ကများ ကလေမလား...
သွားလေရာရာ ရောက်လေရာရာ
''ချိုတကူး''ကို ရှာမိတယ်။
တကယ်တော့
ဆရာဦးသုခရဲ့ အနုပညာက ''ချိုတကူး'' ကို ဖမ်းစားသလို
ဆရာ့အနုပညာက ကျွန်တော့်ကို ညို့ယူဖမ်းစား
ကျွန်တော်လည်း ဆရာရဲ့ အနုပညာ တပည့်သားမြေး
ဆရာ့ကျေးဇူး မကင်းသူပါ။

ဆရာ့စာပေခရီး
အသချေ အသချာ ကမ္ဘေကမ္ဘာအရှည်အကြာစီးနေမှာပဲလို့
တောင်တွင်းမြေက ''ဝမ်းတွင်း''သား
ရဲရဲယုံကြည်ထားမိပါတယ်ဆရာ။

ချစ်လေးမြတ် (ဝမ်းတွင်း)
၁၈-၁၂-၂၀၁၀

## မြေလတ်မှာ သင်း

(အထက်မှာ "မာ" အောက်မှာ "ပါ" မြေလတ်မှာ "သင်း"
ဂုဏ်သတင်းကို ထုံးမွှမ်းခြင်းများလည်း ကြားမိပါ၏)
ဆရာ့အကြည့် ဘယ်သတိတွေရှိသလဲ
ဆရာ့သတိ ဘယ် ကတိ ထိကြည့်သလဲ
ရောင်စုံတွေအားကောင်း ၁၉၄၉-၅၀-၅၁ ခေတ်ဟောင်းမှာ
"အပါးတော်မြဲ" ကောင်းအဖြစ်နဲ့တစ်မျိုး
"ဖျာလိပ်ခွေးမောင်း" နိုင်ငံရေးမြင်းစောင်းထဲမှာ
သူဟာ နိုင်ငံရေးကို မရွေး ပညာရေးကို ရွေးခဲ့
၁၉၇၀ ကျော်မှာ မဟာဝိဇ္ဇာ (မြန်မာစာ) အထက်တန်း
ကျကျ
အနှစ် နှစ်ဆယ်မက ပညာရပ်ဝန်းနယ်မြေမှာ
ဉာဏ်နဲ့စာ နပန်းလုံး အသိကို တစ်ဆုံးထိလိုက်ကာ
ဆရာမြို့မမောင် ပင်ကိုယ်အမှာ ကိုလေးစား
"များများစဥ်းစားပြီး ရေးထားတဲ့စာအုပ်နည်းနည်းကို ဖတ်ပြီး
ကိုယ်တိုင်များများ စဥ်းစားစေချင်တယ်"
အဲသလို မျိုးစေ့ကို ဆရာသယ်ပြီး



"မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့"
ဒါဟာ သူ့စကား
ဒါဟာ သူ့လေ
ဒါတွေဟာ သူ့ ကတိ
ပကတိတရား
ပွားနိုင်သူများ ပွားကြလော့။

ဇော်ဂျီ၊ မင်းသုဝဏ် သူတို့မြင်တဲ့လမ်းကလည်း လမ်းပါပဲ
ဆရာကောင်းတပည့် ပန်းကောင်းပန်
ဆရာလည်း သူ့ရဲ့ဟန် သူ့အတွေးနဲ့
အနာဂတ်အရေး
စေ့စေ့တွေး စိစိပြုံးရင်း
မဆုံးခြင်းအနန္တကို ဟန်ကျပန်ကျဖူးပွင့်ပြနေတာ
ဘယ်အရာတုပနိုင်သတုန်း
အမုန်းနဲ့အကြောက်တရား ဂရုမမူအား
နေရာထိုင်ခင်း မထားခြင်းနဲ့အတူ
ရှေ့တူရူ ဉာဏ်တစ်ဆုံးကို ဆရာလျှောက်ဦး (ဦး)မယ်ဆိုတာ
သံသယဖြစ်စရာမရှိ (ဤနေရာမှပင်) ရှိသေစွာ ဦးညွတ်
လိုက်ပါ၏။

မောင်ခင်သာ-တောင်တွင်း

## နေတစ်ဆူ လတစ်စင်း
## တောင်တွင်းအောင်သင်း

ရွှေတွင်းမြို့ (နှစ်)တောင်ပြင်
စာဆိုရှင် မွေးထုတ်ပေး၊
ဘသခင် မျိုးချစ်ပန်းနဲ့
လှမ်းလိုက်ပေါ့လေး။

တတ်သိရှင် ပညာသင်
ဉာဏ်ရည်ရွှင် စာတော်မြဲ။
သာမဏေ အောင်မြေနင်းတော့
သားချင်းပျော်ကဲ။

စာနဲ့လှ အလင်္ကာ
စာပေရွာ ဖြန့်ဝေပေး၊



နေတစ်ဆူ လတစ်စင်းနှယ်
လင်းဆောင်ပေါ့လေး။

“လေးပါးရှင်” “ခင်ကြီးပျော်”
“ဉက္ကဋ္ဌ”တို့ ဂုဏ်လင်း၊
လူငယ်တွေ အားသစ်တိုး
ဖိုးတန်တဲ့ “အောင်သင်း”။

မောင်မောင်ပြည့်အေး
တောင်တွင်း

# ဆောင်းပါး

## ကျွန်တော့် တစ်ဘဝဆရာ

လောကအလင်း စာကြည့်တိုက်၏ ဂုဏ်ထူးဆောင် အဝေးရောက် နာယကကြီး ဆရာဦးအောင်သင်းအား ပူဇော်ကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲအခမ်းအနားတွင် တောင်တွင်းမှ စာပေတာပည့်များက ဆရာ့အတွက် ဂုဏ်ပြုရေးသားသည့် ကဗျာ ဆောင်းပါးစာမူများကို လက်ရောက်ပေးအပ်ခဲ့ပါသည်။ ယင်းစာမူများကို ဆရာက မြို့နယ်အဆင့်သာ ထုတ်ဝေရန် ညွှန်ကြားခဲ့ပါသည်။ စာပေတာပည့်များကလည်း လောကအလင်း စာကြည့်တိုက်၏ ငါးနှစ်မြောက် အထိမ်းအမှတ်အနေနှင့် ထုတ်ဝေရန် အမြတ်အစွန်းကိုလည်း စာကြည့်တိုက်ရန်ပုံငွေအဖြစ်ထားရန် အကြံပေးဆန္ဒပြုပါသည်။ ယင်းစာမူများနှင့် ပတ်သက်၍ နမဖြစ်သူ ဒေါ်သင်းသင်းလှိုင် ပေးပို့သော ဆောင်းပါးနှင့် အခမ်းအနားတွင်

တောင်တွင်း မောင်သင်းကျော် ဖတ်ပြသော ကဗျာတစ်ပုဒ်သာ ဖတ်ဖူး ကြားဖူးထားပါသည်။ သို့ဖြစ်၍ စာအုပ်ထုတ်သင့် မထုတ်သင့် အစည်းအဝေးတွင် သဘောထားတင်ပြနိုင်ရန် ယင်းစာမူဖိုင်ကို စာကြည့်တိုက်မှ တောင်းယူဖတ်မိရာမှ ရေးချင်စိတ်များ တဖွားဖွားပေါ်ပြီး ယခုဆောင်းပါးကို ရေးဖြစ်ပါသည်။ ဆရာထံ တင်ပြပြီး ဆရာခွင့်ပြုပါက "တောင်တွင်းရဲ့ အောင်သင်း" စာအုပ်၏ နောက်ဆုံးဆောင်းပါး၊ နောက်တိုးဆောင်းပါး ဖြစ်ပါသည်ဟု ဝန်ခံအသိပေးပါရစေ။

မြင်ဆရာ သင်ဆရာ ကြားဆရာ ဟု ကြားဖူးခဲ့ရာ ကျွန်တော်သည် ဆရာဦးအောင်သင်းထံ စာသင်သည့်တပည့် မဖြစ်ခဲ့ဖူး၍ ဆရာသည် ကျွန်တော်၏ စာသင်သည့်ဆရာတော့ မဟုတ်ခဲ့ပါ။ ဆရာ့စာများကိုဖတ် ဆရာ့ဟောပြောခွေများကို နားထောင် ဆရာနှင့် သိကျွမ်းခင်မင်သွားသည့်အခါ ဆရာ့ပြောစကားများ မှတ်သားရင်း နာယူရင်း မိမိကိုယ်ကို ဆရာ့တပည့်ဟု ခံယူမိသည့်အချိန်တွင် မြင်ဆရာ သင်ဆရာ ကြားဆရာမက တစ်ဘဝဆရာ ဟုပင် မှတ်ယူချင်ပါတော့သည်။

ကျွန်တော် အလယ်တန်းကျောင်းသားအရွယ် (၅တန်း၊ ၆တန်းခန့်)က ဖြစ်မည် ထင်ပါသည်။ ယခင် သြဘာညွန့် ရုပ်ရှင်ရုံ (ယခု ရွှေလမင်းရုပ်ရှင်ရုံ)တွင် စာရေးဆရာများ ဟောပြောပွဲလို့ မသုံးသေးဟု ထင်ပါသည်) ကျင်းပပါသည်။ ဆရာဦးရန်အောင်



ဂျာနယ်ကျော်မမလေးနှင့် ဆရာအောင်သင်းတို့ ပါပါသည်။ ငယ်သေး၍ ကောင်းကောင်း မမှတ်မိသော်လည်း ဂျာနယ်ကျော်မမလေး ဟောပြောချက် ပျင်းစရာကောင်းပြီး ဦးရန်အောင်နှင့် ဦးအောင်သင်းတို့ကတော့ တဝါးဝါး ရယ်ရတာ မှတ်မိပါသည်။ အထူးသဖြင့် ပဏ္ဏာမတွင်ပင် ဆရာက ဆရာဦးရန်အောင်ကို စာချိုးနှင့် ကလိချက်ကြောင့် ဝါးကနဲ ရယ်လိုက်ရသည်ကို မှတ်မိနေပါသည်။ "အောင်သင်းတို့ရဲ့ တောင်တွင်းကိုတော့ ရောက်ပြီ ဆရာ ပလောင်မထင်းဖို့လား ပလောင်ထင်းဖို့လား" ရှေ့ဆက် မမှတ်မိတော့ပါ။ "အော်... တောင်တွင်းက အောင်သင်းဆိုတော့ စာရေးဆရာ ဦးအောင်သင်းက တို့မြို့သားပဲ" ဟူသော ဂုဏ်ယူစိတ်နှင့် ငေးမောကြည့်မိခဲ့သည်ကိုတော့ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရပါသည်။

အဟောအပြောတွင် ထိပ်တန်းဖြစ်သည့် ဆရာနှင့် ကျွန်တော် ပထမဆုံးတွေ့ဆုံခြင်းကို အမှတ်တရ တင်ပြခြင်း ဖြစ်ပါသည်။ စာပေဟောပြောပွဲများ ယခုလို ခေတ်မစားမီကပင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ၂၇ လမ်း စာပေဟောပြောပွဲနှင့်လည်း ကြုံရဖူးပါသည်။ ရှားရှားသူ မြန်မာဝတ္ထုရေးဆရာမ ခင်ခင်ချော (မြန်မာဝတ္ထုများအကြောင်း)၊ ဆရာဦးသုခ (အမေအကြောင်း)နှင့် ဆရာဦးအောင်သင်း (အတ္ထုပ္ပတ္တိမှ ရသော ရသ) တို့ ပါဝင်ပါသည်။ အဲဒီနေ့က တစ်နေ့လုံး ဈေးဝယ်ပြီး ညစာစားရန် ထွက်လာသည့်

ကျွန်တော်တို့ သားဖနစ်ယောက် ဟောပြောပွဲပြီးမှ ထမင်းပြေးစားရသည်ကိုလည်း သတိရမိပါသေးသည်။

ထို့ပြင် တောင်တွင်းဘုရားပွဲတော်တွင် နှစ်စဉ်ရုံပွဲသွင်းသည့် ရွှေအင်းတောင်မြောက်မုခ်က စာတ်ရုံတွင် ကျင်းပသည့်ဟောပြောပွဲမှသည် ရွှေအင်းတောင်တန်ဆောင်းမှ အလင်းရောင်ချစ်သူများ စာကြည့်တိုက်ဖွင့်ပွဲ၊ ဖောင်တော်ဦး ဓမ္မာရုံမှ လောကပါလ စာကြည့်တိုက်ဖွင့်ပွဲ၊ မိုးထိ ဆရာကန်တော့ပွဲမှ ကန်တော့ခံဆရာတစ်ဦး၏ ဆုံးမအမှာစကားထိ ဆရာ့ဟောပြောပွဲ မှန်သမျှ လက်မလွှတ်ခဲ့ပါ။ တစ်ပြည်လုံးပေါက်ခဲ့သည့် ''အမွေ''နှင့် ''လက်ခံလိုက်စမ်းပါ'' ဟောပြောပွဲတိတ်ခွေများမှသည် ဟိုမှဒီမှ သူငယ်ချင်းများ ပေးလာသည့် ပြည်၊ မကွေး ဟောပြောပွဲခွေ စသည့် ဆရာပါသည့် ဟောပြောပွဲခွေဆိုလျှင် ထပ်ပြန်တလဲလဲ နားထောင်မြဲ ဖြစ်ပါသည်။

ဟောပြောပွဲတိုင်း ဟောပြောပွဲခွေတိုင်း မှတ်သားစရာနှင့် စဉ်းစားဆင်ခြင်စရာ တစ်ခုခုတော့ ဆရာပေးမြဲ ဖြစ်ပါသည်။ ယင်းတို့အနက်မှ ထူးထူးခြားခြား တစ်ခု မှတ်တမ်းပြုပါရစေ။ (၈၈) အရေးအခင်းကာလ ဩဂုတ်လ နောက်ပိုင်း ဆန္ဒပြပွဲများ အရှိန်တက်ချိန် ဖြစ်ပါသည်။ ကိုယ့်လမ်း ကိုယ်ကင်းစောင့်ရသည့် အရမ်းဗရုတ်ဗရက်အချိန်၊ တစ်အိမ်လုံး ကလေးကစ လူကြီးအဆုံး ခေါင်းစီးတွေစီး၊ အလံတွေ ပြောင်းပြန်လွှင့်ပြီး၊ လမ်းပြောင်းပြန်



ကားတဝီဝီမောင်းကာ စည်းမရှိ ကမ်းမရှိ ဖြစ်ချင်သလို ဖြစ်နေသည့်ကာလ ဖြစ်ပါသည်။ ကံကောင်းထောက်မစွာ ကျွန်တော် ရန်ကုန်တွင် ရောက်နေချိန်ဖြစ်သဖြင့် လမ်းတိုင်းလိုလို ဒီမိုကရေစီ ဟောပြောပွဲများ လိုက်လံနားထောင်ပါသည်။ အများသိကြသည့် အတိုင်း ယင်းအချိန်တွင် ဦးရာလူပြောကြေး အုတ်အရောရော ကျောက်အရောရော ကာလဖြစ်ပါသည်။ ဖရုသဝါစာများ မိုးလုံးမွှန်နေချိန် ဖြစ်ပါသည်။ ဟောပြောသူအများစု၏ အနှစ်နှစ်အလလ ရင်ထဲက မျိုသိပ်ထားသမျှဒေါသကို အတုံးလိုက် အတစ်လိုက် ဖွင့်ချကြခြင်း ဖြစ်သည်ဟုသာ ဆိုသံ ဆဲသံ ကလော်တုတ်သံများကို နားလည်မှုပေးရတော့မည် ထင်ပါသည်။

ယင်းအချိန်က ဒီမိုကရေစီအကြောင်း စာအုပ်စာတမ်း ရှားပါးသလို ဟောပြောချက်များလည်း မကြားဖူးပါ။ ၂၃ လမ်းထိပ် ဟောပြောပွဲတွင် ဖြစ်ပါသည်။ သရက်တောကျောင်းမှ ဆရာတော်တစ်ပါး၊ လင်းယုန်မောင်မောင်နှင့် ထုံးစံအတိုင်း ဆရာက အပိတ်ဟောပါသည်။ ဆရာ ဒီမိုကရေစီအကြောင်း ဟောပါသည်။ အထိအခိုက် အစောင်းအမြောင်း တစ်လုံးမှမပါ။ ဆရာက လမ်းပြောင်းပြန် မောင်းနေသောလူများကို လက်ညှိုးထိုး ညွှန်ပြပြီး **''အဲဒီလို ဖြစ်ချင်သလိုဖြစ်နေတာ ဒီမိုကရေစီ မဟုတ်ဘူး၊ ဒီမိုကရေစီနိုင်ငံမှာ အားလုံးရဲ့အပေါ်မှာ တရားဥပဒေ ရှိတယ်၊ လူတိုင်း စည်းကမ်းရှိရမယ်။ လမ်းစည်းကမ်း ယာဉ်စည်းကမ်း**

လူစည်းကမ်း အားလုံးလိုက်နာရမယ်။ စည်းကမ်းကိုလည်း ဥပဒေနဲ့ ထိန်းထားတယ်။ ဒီမိုကရေစီ နိုင်ငံတွေမှာ လမ်းလျှောက်သွားရင်း ပလက်ဖောင်း မညီလို့ ချော်လဲရင်ချော်လဲသူက မြူနီစပယ်ကို တရားစွဲလို့ရတယ်။ ဘာလို့လဲ ပြည်သူလူထုက ပေးထားတဲ့ အခွန်နဲ့ ပလက်ဖောင်း ကောင်းအောင်မလုပ်လို့ အားလုံးရဲ့အပေါ်မှာ တရားဥပဒေရှိလို့ တရားစွဲလို့ရတာ'' စသဖြင့် ထုံးစံအတိုင်း အာဝဇ္ဇန်းရွှင်ရွှင် အလင်္ကာရသ အစုံအလင် ဥပမာ ဥပမေယျ တစ်ပုံတစ်ပင်တို့ဖြင့် သာမန်လူ နားလည်အောင် ဒီမိုကရေစီအကြောင်းကို တစ်ဆင့်ခြင်း ရှင်းပြကာ စာသင်သကဲ့သို့ ဟောသွားပါသည်။

ကျွန်တော်အပါအဝင် ပရိသတ်မှာ ဆရာအတည်ပြောလျှင် တုတ်တုတ်မျှမလှုပ် ဆရာဟာသနှောလျှင် တသောသောဖြင့် ဆရာဆွဲခေါ်ရာသို့ လိုက်ပါရင်း ဒီမိုကရေစီဆိုတာ ဒီလိုပါလားဟု သိလိုက်ရပါသည်။ ဆရာ့နိဂုံးချုပ်အဆုံး အပြန်ပြန် အလှန်လှန် သြဘာပေးနေသည့် မဆုံးနိုင်သော လက်ခုပ်သံနှင့်အတူ ပရိသတ်၏ ''ကောင်းလိုက်တာ'' ''ဒါမျိုးတစ်ခါမှ မကြားဖူးဘူး'' ''ခုမှပဲ ဒီမိုကရေစီဆိုတာ သိတော့တယ်'' စသည့် ချီးကျူးသံများကြား မဆီမဆိုင် ''ငါတို့တောင်တွင်းသားကွ'' ဟူသည့် ဂုဏ်ယူစိတ်နှင့် ခြေဖျားပင် ထောက်လိုက်မိပါသေးသည်။

ကျွန်တော်သည် ၆ တန်းအရွယ်ကပင် ဝတ္ထုဖတ်တတ်နေပါပြီ။ စာဖတ်နှသူတို့ ထုံးစံအတိုင်း စုံထောက်၊ လျို့ဝှက်သဲဖိုမှစခဲ့ရာ



မိုးဝေ၏ စုံထောက်တင်မောင်ဆွေ ရှုပ်၏ ဝသုံးလုံး ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားမှသည် ခင်နှင်းယု၏ မွေး၊ မိုးကျော်သူ၊ ခင်ဆွေဦး၏ ဒို့တိုင်းဌာနီ အထိ အရသာခံတတ်နေပါပြီ။ စာစုံဆက်ဖတ်ပြီး စာပေဆောင်းပါးများအထိ နယ်ချဲ့ခဲ့ရာ ရှုမဝတွင် ဆရာက ဆရာမင်းမော်၏ ကာရန်မဲ့ကဗျာအကြောင်း ဆောင်းပါးကို (မှားရင်ခွင့်လွှတ်ပါဆရာ) ပြန်လည်တုန့်ပြန်ရေးခဲ့သည့် ဆရာ့ဆောင်းပါးကို သတိရမိပါသည်။ အကြောင်းအရာကို ကျွန်တော်မမှတ်မိတော့ပါ။ ဆောင်းပါးမှ တင်ပြသည့် အချက်အလက်မှန်သမျှ ပိုင်ပိုင်နိုင်နိုင် ရှိပုံနှင့် စာဒကမတက်နိုင်အောင် ရေးထားခြင်း ဖြစ်သည်ကို သတိရပါသည်။ အမှတ်မိဆုံးမှာ ဆရာ့ဆောင်းပါးအမည်ပေးပုံ ဖြစ်ပါသည်။ **အညာစာတမ်းတစ်စောင်သို့ တုံ့ပြန်ခြင်း** ဟု ထင်ပါသည်။ ထိုစဉ်က ဆရာမင်းမော် မန္တလေးတက္ကသိုလ်မှ ရေးခြင်းဖြစ်သဖြင့် အညာစာတမ်းဟု အမည်ပေးသလိုလိုနှင့် ညာနေသောစာတမ်းဟု နှစ်ခွအဓိပ္ပာယ်ထွက်သည့် ခေါင်းစဉ်နှင့်ပင် ကလိပြီးဖြစ်သွားခြင်းကို သတိရမိပါသည်။

ယင်းသို့ ခေါင်းစဉ်သာပြောနိုင်တော့သည့် ဆရာ့ဆောင်းပါးများသာမက တရှိုက်မက်မက် စောင့်ဖတ်ခဲ့ရသည့် သဘင်မဂ္ဂဇင်းမှ ''ကျွန်တော်အကြိုက်ဆုံး ဝတ္ထုတိုများ''မှသည် ဈေးကွက်ဂျာနယ်မှ ''မျိုးဆက်သစ်တိုးတက်ရစ်ဖို့'' များအထိနှင့် ကြုံလျှင်ကြုံသလို ပါလေ့ရှိသည့် အခြားဂျာနယ်မဂ္ဂဇင်းများမှ ဆရာ့

ဆောင်းပါးများကို ကျွန်တော် လက်လှမ်းမီသမျှ မလွတ်တမ်း ဖတ်ခဲ့ပါသည်။ မကြာခဏ ထွက်သမျှ ဆောင်းပါးပေါင်းချုပ်များ တွင်လည်း ဖတ်ဖူးသည့် ဆောင်းပါးများနှင့်အတူ ကျွန်တော်တို့ လက်လှမ်းမမီသည့် အသင်းအဖွဲ့ ကျောင်း ကောလိပ် စသော် တို့၏ အထိမ်းအမှတ် စာအုပ်များမှ ဆောင်းပါးများ ပါလာ ဘာ စမြဲ ဖြစ်သလို အားရဝမ်းသာ ပျော်ပျော်ကြီး ဖတ်ခဲ့သည်သာ ဖြစ်ပါသည်။

အားလုံးကိုခြုံ၍ ကျွန်တော် သတိထားမိသမျှ ကျွန်တော် ခံစားမိသလို တင်ပြရလျှင် ဆရာ့ဆောင်းပါးနှင့် ဆရာ့ဟောပြော ချက်များသည် ရိုးသားမှုအခြေခံတွင် စေတနာအဓိကထား၍ တင်ပြသည်ဟု ခံစားမိပါသည်။ စာဖတ်သူအား ပြောချင်သည့် အကြောင်းအရာ အချက်အလက်တို့ကို ပညာရှင်ပီသစွာ အလင်္ကာ ရသ ဥပမာဥပမေယျတို့ဖြင့် မွမ်းမံကာ ပိုင်ပိုင်နိုင်နိုင် ဖြေးဖြေး ချင်း တင်ပြသွားပါသည်။ အဆုံးသတ်တွင် တင်ပြပြီးအချက်များ ကို ပြန်ချုပ်ကာ နိဂုံးအဆုံးသတ်ပုံမှာလည်း ဆရာ့မူပိုင်ဟန်ဖြစ်၍ စာဖတ်သူနှင့် နားထောင်သူရင်တွင် စုစည်းကျစ်လျစ်စွာ စူးဝင် စွဲထင်စေသည်ဟု ထင်မြင်မိပါသည်။

အခြားသူများ မည်မျှ ရင်တွင်းစွဲထင်မှု ရှိမရှိကိုတော့ ကျွန်တော်အပိုင်မပြောနိုင်ပါ။ ကျွန်တော်ကတော့ သားသမီးများ ကို ပညာရေးနှင့်ပတ်သက်၍ ဆုံးမမည်ကြံလျှင် ဆရာ့စကားလုံး



"ကိုယ့်ကိုယ်ကိုယ် မနိုင်းတဲ့လူဟာ တစ်ချိန်ချိန်မှာ သူများအနိုင်း ခံရမယ် ဘော်ဒါပို့ရတယ်ဆိုတဲ့ ကျောင်းသားဟာ ကိုယ့်ကိုယ် ကိုယ် မနိုင်းလို့ သူများ အနိုင်းခံရတာ ကိုယ့်ကိုယ်ကိုယ်နိုင်းမလား သူများနိုင်းတာခံမလား" က စပါသည်။ နှစ်ကုန်ခါနီး စာတွန်း ကျက်ရမည့်အချိန် သူငယ်ချင်းနှင့်ပါသွား မနက်စာကြည့်ချိန် နိုးမရနှင့် ဝီရိယလျော့ပုံပေါ်လာလျှင် ဆရာပြောသည့် "ဟော့ သစ်သားထဲကို သံတစ်ချောင်း ရိုက်ထည့်ကြည့်လိုက်စမ်း သံက သစ်သားထဲဝင်သွားတယ်လို့ မမြင်နဲ့ အမာကို အပျော့က နေရာ ဖယ်ပေးလိုက်ရတာ၊ မင်းတို့လည်း စိတ်မမာရင် သူများကို နေရာ ဖယ်ပေးလိုက်ရလိမ့်မယ်၊ စိတ်ကတောင်းကျိုက် မဖြုတ်လိုက်နဲ့ နှစ်စတုန်းကထားခဲ့တဲ့ အဓိဋ္ဌာန်ကို မေ့နေပြီလား" ဒီလိုပြောလို့မှ စိတ်ထဲအားမရသေးလျှင် "ရော့ ဟောဒီ ဆရာ့ခွေနားယောင် ကြည့်စမ်း ပြီးရင် ဘယ်လိုသဘောပေါက်လဲ လာပြောလှည့်" ပေါ့။ ဤနည်းဖြင့် သားသမီးများကို ဘော်ဒါမပို့ခဲ့ရဘဲ လိုရာ ပန်းတိုင်ရောက်အောင် ဆရာ့အသုံးအနှုန်း ဆရာ့စကားလုံးများနှင့် ဆုံးမလမ်းညွှန်ခဲ့ရပါသည်။

ကျွန်တော်၏ စတိုးဆိုင်လုပ်ငန်းတွင် အမိပေါင်းသား ကျောင်းသားဘဝကလာသည့် ဘွဲ့ရ၊ ၁၀ တန်းအောင် ၁၀ တန်း ပျက်များနှင့် လုပ်ငန်းလည်ပတ်ရပါသည်။ ဈေးသည်စိတ်မထား တတ်သေး ဈေးသည်ရှာန် မဝင်သေးသူများ ဖြစ်ကြပါသည်။

ပို၍အရေးကြီးသည်မှာ တစ်ဆိုင်လုံး ကွန်ပျူတာနှင့် ထိန်းချုပ်သည် ဖြစ်၍ ကွန်ပျူတာ တိကျသကဲ့သို့ ဝန်ထမ်းများ တိကျရန် အမှား မများရန်လည်း လိုပါသည်။ ထို့ကြောင့် ၃-လပြည့်သော ဝန်ထမ်း သစ်များကို ဥပုသ်ရက်များတွင် ဝန်ထမ်းများထားရှိရမည့် သဘော ထားနှင့် အရောင်းကောင်တာအတွင်း ဆောင်ရန်ရှောင်ရန် ပြား ကျွန်တော်ကိုယ်တိုင် သင်ကြားရပါသည်။

ယင်းသင်တန်းတွင် အမှားနှင့်ပတ်သက်၍ မမှားသောသူ မရှိ၊ တစ်ခါမှားပြီးလျှင် နောက်တစ်ကြိမ် ထပ်မမှားရန် ဂရုစိုက် ရမည်။ နောက်မှာ မှတ်ချက်အနေနှင့် **(လူမိုက်တို့မည်သည် တစ်ကြိမ်မှားပြီးမှ မှားမှန်းသိကြကုန်၏။ လူလိမ္မာတို့သည်ကား သူများ၏ အမှားမှ သင်ခန်းစာယူတတ်ကြပြီး သာ၍ မိုက်မဲသော သူတို့မှာကား မိမိတို့ မှားသည်ကိုပင် မှားမှန်း မသိကြကုန်။ အောင်သင်း)** "ကဲ… တစ်ခါမှားလို့ လူမိုက်ဖြစ်ပြီးကြပြီ။ ထပ် မှားတယ်ဆိုရင်တော့ ကိုယ့်အမှားကို ကိုယ်မသိတဲ့ ပိုပြီးမိုက်တဲ့ သူတွေ ဖြစ်ချင်ကြသလား"ဟု တပည့်များကို ဆုံးမသင်ကြား ရာတွင်လည်း ဆရာ့ဆောင်းပါးထဲက စာသားကို ပြဋ္ဌာန်းကိုးကား ခဲ့ရပါသည်။

ဘာသာရေးနှင့် ပတ်သက်၍လည်း မိဘများက နတ်မို ဆရာတော် သျှင်ဥတ္တမ္ဘကို ကိုးကွယ်သူများဖြစ်သဖြင့် ကျွန်တော် လည်း ဥပုသ်နေ့တိုင်း နတ်မိုကျောင်းသို့သာ သွားမြဲဖြစ်ပါသည်။



တရားလိုက်စားကာစအချိန် တရားသဘောကိုလည်း မသိသေး ချိန်က ဖြစ်ပါသည်။ ဝါရင့်ဓမ္မမိတ်ဆွေများက သခင်မြတ်ဆိုင်၏ ကျောက်ကွင်းအရေးတော်ပုံကို စပြီး ဖတ်ခိုင်းပါသည်။ ဗုဒ္ဓ ဘာသာနှင့် ခရစ်ယာန်တို့ ပြိုင်ပွဲတွင် ဗုဒ္ဓဘာသာမှ အနိုင်ရခြင်း ကို အလွန်သဘောကျပါသည်။ ယင်းစာအုပ်တွင် ဆရာတော်က မည်ကဲ့သို့ ချေပခဲ့သည်ကို တိတိကျကျ ရေးမထားပါ။ ဆရာတော့် အသံနှင့် ယင်းအချိန်က မည်သို့ ချေပခဲ့ကြောင်း တိတ်ခွေကို မရအရ ရှာပါသည်။ ခရစ်ယာန်ဘာသာ၏ ချို့ယွင်းချက် အား နည်းချက် အနတ်လက္ခဏာ အချက်များကို အထပ်ထပ်အခါခါ နားထောင်ပါသည်။ ချရေးမှတ်စုထုတ်ပြီး အလွတ်ကျက်ပါသည်။ ခရစ်ယာန်နှင့်တွေ့လျှင် အပိုင်ပြောပြီး အနိုင်ယူရန် ဖြစ်ပါသည်။

၁၀၅ ကြိမ်မြောက် ပေလေးပင် နတ်မိုတောရဆရာတော် သျှင်ဥတ္တမ္ဘ အထိမ်းအမှတ်ပွဲတွင် ဆရာဦးအောင်သင်းက ရှေ့မီ နောက်မီ ဆရာတော်၏တပည့် တစ်ဦးဖြစ်သည်နှင့်အညီ ကျွန်တော် တို့ မမီမသိလိုက်သည့်အကြောင်းများ တပုံတပင် ထည့်သွင်း ဟောကြားပါသည်။ ယင်းဟောကြားချက်များအနက်မှ ကျောက် ကွင်းအရေးတော်ပုံတွင် ဗုဒ္ဓဘာသာဘက်မှ ကိုယ်စားပြု ပြိုင်မည့် သူမရှိ၍ ပြိုင်လိုက်ရသော်လည်း ဆရာတော်၏ ခရစ်ယာန်များ အပေါ်ထားသည့် ပျော့ပြောင်းသော သဘောထားနှင့် "**ဘာသာ တရားခြင်း ပြိုင်တယ်ဆိုတာ သူ့အိပ်မက်ထဲက အိမ်နဲ့ ကိုယ့်**

**အိပ်မက်ထဲကအိမ် အလှခြင်းပြိုင်သလို တကယ်တော့ အလကား ပါကွာ**'' ဟူသည့် ဆရာတော့်စကားကိုလည်း ဆရာဖောက်သည် ချ၍ မှတ်သားမိပါသည်။ ယင်းအချိန်မှစပြီး ကျွန်တော့်အနေနှင့် အခြားဘာသာများအပေါ် မြင်သည့်အမြင် ပြောင်းလဲသွားပါ သည်။ ဘာသာတရားခြင်း အယုတ်အမြတ် အနိုင်အရှုံးနှင့် နှိုင်း ယှဉ်စိတ်လည်း ချုပ်ငြိမ်းသွားပါသည်။ ဆရာ့အတွေ့အကြုံ တစ်ခု ကြောင့် ဘာသာရေး တစ်တန်း အောင်မြင်သွားသည် ထင်ပါ သည်။ ကျေးဇူးကြီးလှပါသည် ဆရာခင်ဗျား။

ကျွန်တော့်ဖခင်ဘက်မှ အစ်ကိုဝမ်းကွဲတစ်ယောက်သည် ဆရာနှင့် သူငယ်ချင်း ဖြစ်ပါသည်။ ကျွန်တော် ဆရာ့ထံကတိ ပေးပြီး စာကြည့်တိုက်ဆောက်ရန် လှုပ်ရှားနေချိန်က ထင်ပါ သည်။ ဆရာက ''**မင်းအစ်ကိုက ငါ့ကို ခင်ဗျား ကျွန်တော့်ညီကို ဘာ... မဟုတ်တရုတ်တွေ မြှောက်ပေးနေတာလဲဆိုလို့ ဘယ် ကလာ မဟုတ်တရုတ်ကမှာလဲ အဲဒါ ဟုတ်တရုတ်ကွ**''လို့ ပြော ခဲ့ရသေးကြောင်း ပြုံးပြုံးကြီး စမြုံ့ပြန်ပါသည်။ (ကျွန်တော်တို့က တရုတ်သွေးစပ်ပါသည်။) ယင်းအစ်ကို၏ ညီနှင့် ညီမက သူတို့ သားသမီးများ (ကျွန်တော့်တူတူမများ)ကို ဆရာ့ထံ ကျောင်းစာက လွှဲပြီး ဆရာသင်ချင်တာသင်ပါဟု ကျူရှင်အဆန်း အပ်ပါသည်။ ကျွန်တော်လည်း သားနှင့်သမီး ရန်ကုန်ရောက်သောအခါ သူ့ ဝမ်းကွဲ ညီအစ်ကိုအစ်မများနှင့်အတူ ဆရာ့ထံပို့ပြီး ယင်းကျူရှင် ဆန်းတွင်ပင် အပ်လိုက်ပါတော့သည်။



ဆရာသည် သူ့တပည့်များကို စာဖတ်သည့်အကျင့်ရအောင် လုပ်ပါသည်။ ကိုကိုလေး၏ မှော်ဆရာမှတ်တမ်း စာအုပ် ''ဆရာ က ဖတ်ကြည့်ဖို့ ပေးလိုက်တာ'' လို့ ကျောင်းစာအုပ်နှင့် ဂိမ်း ကစားရန်သာ စိတ်ဝင်စားသည့် သားထံတွင် တွေ့လိုက်ပါသည်။ ကလေးတွေ စိတ်ဝင်စားမည့် စာအုပ်များနှင့် စာဖတ်အကျင့်ကို စတင်တည်ဆောက်ပုံရပါသည်။ နောက် ရှိတ်စပီးယားပြဇာတ်ကို တက်ပေးပါသည်။ အင်္ဂလိပ် ဂန္ထဝင်စာပေကို မြည်းစမ်းစေပါ သည်။

ဆရာနှင့် ကလေးများ၏ ဆက်ဆံရေးသည် ဆရာတပည့် ဆက်ဆံရေးမက သူငယ်ချင်းကဲ့သို့ တိုင်ပင်မေးမြန်းစရာ ဦးကြီး ဘကြီးပမာ ဖြစ်ပုံရပါသည်။ ကျွန်တော့်တူမတစ်ယောက် ရည်း စားထားခါနီး ''တစ်ဘဝတာ လက်တွဲဖို့ ရည်းရွယ်သူကို ရွေးမယ် ဆိုရင် ဘယ်အချက်ကို အဓိကထားပြီး စဉ်းစားရမလဲ''လို့ ဆရာ ကို မေးပါသည်တဲ့။ ဆရာ့အဖြေက ''**တာဝန်ယူတတ်တဲ့စိတ် ရှိတဲ့သူ ဖြစ်ရမယ်တဲ့**''။ ကျွန်တော့်တူမ ဆရာပြောသလို ရွေးခဲ့ ပုံရပါသည်။ ရည်းစားဘဝမှ အိမ်ထောင်ကျလို့ အိမ်ထောင်သက် ၅ နှစ်ခန့်ရှိပါပြီ။ ဘာသံမှ မကြားပါ။ ကျွန်တော့်ကလေးတွေ အမြီးပေါက်ချိန်တန်လျှင်လည်း သူတို့ဆရာပြောသလို ရွေးကြ လိမ့်မည်ဟုသာ ယုံကြည်မိပါသည်။ ဤသည်မှာ အနီးကပ် တပည့်များအတွက် ဆရာ့အဖိုးတန် လမ်းညွှန်ချက် ဖြစ်ပါသည်။

ကျွန်တော်တို့မြို့က လူငယ်များအတွက် ကွက်လပ်ဖြစ်နေသော၊ ဆရာ့ရင်ထဲက ဖြစ်စေချင်နေတာ ကျွန်တော်တို့မြို့တွင် စာကြည့်တိုက်ပေါ်ပေါက်စေရန် အဖိုးတန် ဆရာ့ နှိုးဆွလမ်းညွှန်ချက်တစ်ခုကိုလည်း မှတ်တမ်းပြုပါရစေ။ ၁၀၅ ကြိမ်မြောက် နတ်မှီဆရာတော် သျှင်ဥက္ကဋ္ဌ၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဖြစ်ပါသည်။ **ကြောင်းကျိုးသိခြင်းသည် ပညာ၊ အတွေ့အမြင်နှင့် အတွေးအကြံကို လက်ဆင့်ကမ်းနိုင်ခြင်းသည် ပညာရေး ကစ၍ ပညာရှာမှီးနိုင်သော ပညာဖြန့်ဖြူးနိုင်သော စာကြည့်တိုက်အကြောင်း** များကို ပရိသတ်သဘောပေါက်နိုင်မည့် အတွေ့အကြုံ အလင်္ကာ ဥပမာ ဥပမေယျ ဟာသများဖြင့် မွမ်းမံကာ ဆွဲခေါ်လာပါသည်။ ဘော်လီဘောကစားခြင်းကို ဥပမာယူရလျှင် ဘော်လီဘောကို ပိုက်နားသို့ အတို့ အပင့်တို့ဖြင့် ဆင့်ကာ ဆင့်ကာ သယ်လာပါပြီ။

မြန်မာပြည်တစ်နံတစ်လျား စာကြည့်တိုက်ဖွင့်ပွဲများ သွားခဲ့ရကြောင်းများနှင့် မြို့တစ်မြို့မှ မီးလောင်ရာတွင် သူတို့ စာကြည့်တိုက် မီးထဲပါသွားကြောင်း လာပြောသည့်လူငယ်ကို "**မင်းတို့မြို့ကမှ လောင်စရာ စာကြည့်တိုက်ရှိသေးတယ်။ ငါတို့မြို့က တစ်မြို့လုံး မီးလောင်ခဲ့တာ လောင်စရာ တူတူတန်တန် စာကြည့်တိုက်ဆိုတာ မရှိခဲ့ဘူးကွ၊ မင်းတို့ ကြိုးစားရင် အချိန်တန် ပြန်ဖြစ်လာမှာပေါ့**"လို့ အားပေးလိုက်ရကြောင်း ပြောပါသည်။



"စာကြည့်တိုက် အရည်အသွေးနဲ့ ပြည့်မီတဲ့ စာကြည့်တိုက်ဆိုတာ ဘီငါးလုံး (Book, Borrower, Building, Budget, Brain) နဲ့ ပြည့်စုံရတယ်"။ ဘီငါးလုံးအကြောင်းကို ဆရာရှင်းပါသည်။ ဆရာ သေသေသပ်သပ် ပင့်ထောင်လိုက်ပါပြီ။

**"ဟောဒီ ငါ့မြို့ တောင်တွင်းကြီးမှာ ခု ငါပြောသလို တူတူတန်တန် အရည်အချင်းနဲ့ပြည့်စုံတဲ့ စာကြည့်တိုက် ပေါ်ပေါက်လာမယ်ဆိုရင် ငါစာရေးဆရာပါ၊ ငါ့အတွက် ငွေတစ်သိန်းဆိုတာ မနည်းကြိုးစားရတာပါ၊ အဲဒီတစ်သိန်း ထည့်ဝင် မတည်ပါမယ်ဆိုတာ အောင်သင်းပြောခဲ့မယ်၊ မင်းတို့ လူငယ်တွေ ကြိုးစားကြပါ**"လို့ တိုက်တွန်း နှိုးဆော်စကားဖြင့် ဆရာဖောက်ခွဲလိုက်ပါသည်။ ဆရာ့ရိုက်ချက်က ပြင်းလည်းပြင်း ကျွန်တော်တို့ရင်ကိုလည်း တည့်တည့်ထိပါသည်။

တစ်ပြည်လုံးကို စာကြည့်တိုက်များ လိုက်ဖွင့်နေသော၊ လူငယ်တွေကို စာဖတ်ဖို့ တစ်ချိန်လုံး တိုက်တွန်းနေသော ဆရာ့မြို့မှာ ဆရာဖြစ်စေချင်သော အရည်အချင်းပြည့်မီသည့် စာကြည့်တိုက်မျိုး မရှိဘူးဆိုသည်မှာ ဖြစ်သင့်ပါမည်လား။ ငါတို့ ညံ့လှချည်လားဟု မခံချင်အတွေးနှင့် ဆရာ့ထံ ဆရာဖြစ်စေချင်သည့် အရည်အချင်းမှီ စာကြည့်တိုက် ဖြစ်စေရပါမည်ဟု ကတိပေးခဲ့ပါသည်။ စာပေ ဝါသနာရှင် ဆရာ့တပည့်များ၏ ကြိုးစားမှု၊ မြို့လူထု၏ တခဲနက် ကူညီမှု၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့

အစည်းများ၏ ပံ့ပိုးမှုများနှင့် လောကအလင်းစာကြည့်တိုက်ကို ထူထောင်နိုင်ခဲ့ပါသည်။

ကျွန်တော်သည် မိုးထိဆရာကန်တော့ပွဲကို အားကျ၍ အထက-၁ ဆရာကန်တော့ပွဲကို တစ်နှစ်နောက်ကျပြီး ဦးဆောင်လုပ်ဖြစ်ခဲ့ပါသည်။ ယခုကဲ့သို့ စာကြည့်တိုက်တစ်ခု ဖြစ်အောင်လုပ်ဖြစ်လိမ့်မည်ဟု မစဉ်းစားမိခဲ့ပါ။ ဆရာ့ချွေးနည်းစာ ငွေတစ်သိန်းနှင့် မတည်ပါမည်ဟူသည့် စိန်ခေါ်ချက်ကို မခံချင်လို့ ဒေါက်တာဦးကြည်မျိုး ဆွဲခေါ်သွားလို့ လုပ်ဖြစ်တာဟု ပေါ့ပေါ့တွေးမိသော်လည်း သေချာစဉ်းစားကြည့်လျှင် ယင်းမခံချင်စိတ်ပင်လျှင် ‘‘**နောင်အနာဂတ်ရဲ့ လူငယ်တွေကို ရွေချပေးမှ သူတို့ရဲ့ အနာဂတ် တောက်ပမှာပေါ့**’’ ဟူသည့် အဆုံးအမ ဆရာ့အယူအဆကို လက်ခံကျင့်သုံးသည့်စိတ်က မွေးဖွားပေးလိုက်ခြင်းပင်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါခဲ့သော ကျွန်တော်သည် စာအုပ်ဆိုင်လည်း ရှိသည်ဖြစ်ရာ ထွက်သမျှ ဂျာနယ်မဂ္ဂဇင်း မှန်သမျှ မည်သည်ကိုမှ အလွတ်မပေးခဲ့ပါ။ သုတလည်း သုတမို့၊ ရသလည်း ရသမို့၊ ဘာသာရေးဆိုလည်း မလွတ်တမ်း၊ စီးပွားရေးဆိုလည်း ကိုယ့်ကိစ္စ၊ ကျန်းမာရေး ဆိုလည်း အရေးကြီး၊ ဝတ္ထုဆိုလည်း အလွန်စွဲ၊ ကဗျာဆိုလည်း မြည်းရမှ၊ ဘောလုံးဆိုလည်း လုံးလိုက်ကာနှင့် ဖတ်လို့မဆုံး တပြုံးပြုံး ဖြစ်နေသူ



ဖြစ်ပါသည်။ ပြီးခဲ့သော မိုးထိဆရာကန်တော့ပွဲတွင် ဖြစ်ပါသည်။ ဆရာက ‘‘**မင်းတို့ စာဂျပိုးတွေ စာတွေချည်း နင်းကန်ဖတ်မနေနဲ့ စဉ်းလည်း စဉ်းစားကြ၊ စာဖတ်ရုံဖတ်ပြီး မစဉ်းစား မတွေးခေါ်ရင် ကြာရင် ‘‘စာပေါကြီး’’ ဖြစ်သွားတတ်တယ် မှတ်ထား၊ စာလျှော့ဖတ်ပြီး များများစဉ်းစားကြ**’’ဟု ပြောပါသည်။ ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်သလို ခံစားရပါသည်။ ကျွန်တော့်ကို ချာကနဲ ဆွဲလှည့်လိုက်သလို အလှည့်အပြောင်းတစ်ခု ဖြစ်ရပြန်ပါသည်။ ယခု ကျွန်တော် များများစဉ်းစားပြီး ဤဆောင်းပါးကို ရေးဖြစ်ပါပြီ။

အခြား ကျွန်တော့်ရင်တွင် စွဲနေသည့် ‘‘**ရင်ထဲမှာ ဘုရားတည်ရမည်**’’၊ ‘‘**ယောက်ျားကောင်း ယောက်ျားမြတ်တို့မည်သည် ဆုမတောင်း ဆုပန်သည်။ ဆုပန်သည်ဆိုခြင်းမှာ ချမှတ်ထားသော သန္နိဋ္ဌာန်ရည်မှန်းချက်ပန်းတိုင်သို့ ရအောင် ရောက်အောင် ကြိုးစားခြင်း ဖြစ်သည်**’’ စသည့် ဘာသာရေးနှင့်ပတ်သက်သည့် ဆရာ့အဆိုအမိန့်များကို လက်ခံကျင့်သုံးသကဲ့သို့ အခြား ကြီးပွားရေး စီးပွားရေး လူမှုရေးကအစ အထွေထွေ အရေးများပါမကျန် ဆရာ့အဆုံးမနှင့် မကင်းခဲ့ပါ။ ဆရာ့စကားလုံးယူသုံး၊ ဆရာ့အရေးအသားကို ကိုးကား၊ ဆရာ့အတွေးအခေါ်ကို လက်ခံ၊ ဆရာ့အတွေ့အကြုံနှင့် တစ်ဆင့်တက်၊ ဆရာ့အဆုံးအမနှင့် အလှည့်အပြောင်းဖြစ်ကာ ဘဝတစ်သက်တာ မဟုတ်တာမလုပ်သည့်

ဆရာချစ်စနိုး ကျီစယ်ခဲ့သည့် ဟုတ်တရုတ် ဖြစ်လာခဲ့ရခြင်းကို ကျေနပ်မိသည်သာမက ကျွန်တော့်တစ်ဘဝလုံးအတွက်တာ ဆရာ ဖြစ်နေသည့်အတွက် ပဏာမတွင် ဆိုထားသကဲ့သို့ "တစ်ဘဝ ဆရာ" ဟုပင် ခေါ်လိုက်ချင်ပါတော့သည် ဆရာခင်ဗျား။

ဆရာ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် အသက် နှစ်တစ်ရာမက ရှည်ပါစေကြောင်း ဆန္ဒပြုရင်းဖြင့်

ချစ်တပည့်

ငွေးနိုင်
ပုလဲစာပေ

## ဝေးနေပေမယ့် နီးနေဆဲပါဆရာ

ကျွန်မ ဆရာ့ကို ရင်းရင်းနှီးနှီး သိပါသည်။ ဆရာနှင့် ကျွန်မသည် လောကအလင်းစာကြည့်တိုက်တွင် အမြဲဆုံနေကြ။ တိတိကျကျပြောရလျှင် မနက် (၁၀) နာရီမှ ညနေ (၅) နာရီ ထိုးသည်ထိပါပဲ။ ဆရာက ကျွန်မကို အမြဲ မျက်စိဒေါက်ထောက် ကြည့်နေတတ်သည်။ ဆရာသည် နှုတ်မှ စကားတစ်လုံးမှ မဟ သော်လည်း ဆရာ၏အကြည့်များသည် ကျွန်မ၏ တစ်နေ့တာ လုပ်ငန်းရပ်များကို စောင့်ကြည့်စစ်ဆေးနေသယောင်မို့ ကျွန်မ ဘာတစ်ခုမှ မညာရဲပါ။ ဘာတစ်ခုမှ မဟုတ်တာ မလုပ်ရဲပါ။

"ဟောဒီ လောကအလင်းစာကြည့်တိုက်ကို ငါတည်ထောင်ဖို့ တိုက်တွန်းခဲ့တာ" ဟု ဆရာကိုယ်တိုင် နှုတ်မှ ဖွင့်ဟမပြောခဲ့ သော်လည်း ဆရာ၏ တပည့်များမှတစ်ဆင့် ကျွန်မကြားခဲ့ သိခဲ့ ရပါသည်။

ဆရာ၏စာများကိုလည်း ကောင်းသည်ဟု ကျွန်မ မကြေညာရဲပါ။ အဘယ်ကြောင့်ဆိုသော် ယောမင်းကြီးဦးဖိုးလှိုင်၏ စာများကို မြင်းထိန်းတောက ကောင်းကြောင်းချီးမွမ်းပြောဆိုသည်ကို ယောမင်းကြီး သိရှိသွားကာ 'ဟဲ့... တော နင် ငါ့စာတွေ ချီးမွမ်းမနေနဲ့။ နင့်လို စာမတတ်သူက ငါ့စာတွေကို လိုက်ပြီး ချီးမွမ်းနေတာ ကောင်းမလား၊ နောက်ဆို မပြောနဲ့' ဟုဆိုကာ မုန့်ဖိုးပေးလိုက်သည်ဟု ကျွန်မ ဖတ်ဖူးခဲ့ပါသည်။ ဒါကြောင့် ကျွန်မလို မိန်းကလေးမျိုးက ဆရာ့စာများကို လူလည်လူတတ်ကြီးလုပ်ကာ မပြောရဲပါ။ ပြောလည်း ပြောစရာမလိုပါ။ အဘယ်ကြောင့်ဆိုသော် ဆရာ့စာများမှာ ''စာတစ်ကြောင်း စကားတစ်ခွန်း''ကို ဖတ်မိ ကြားသိရုံဖြင့် ကြက်သီးမွေးညင်းများ ထလာစေတတ်သည်ထိ စာဖတ်သူအတွက် အားမာန်ခွန်အား အပြည့်ပေးသောစာများ ဖြစ်နေသောကြောင့်ဟု ထင်ပါသည်။

ဆရာ့မျက်လုံးများက ကျွန်မကို ''ဟော့... မရိုးမသားမလုပ်နဲ့၊ စာကြည့်တိုက်ဝန်ထမ်းဖြစ်ပြီး စာကြည့်တိုက်ဂုဏ်ကို ဆောင်နိုင်အောင် ကြိုးစား'' ဟု နေ့တိုင်းနေ့တိုင်း ဆုံးမနေပါသည်။

တစ်ခါတစ်ခါ ဆရာ့ကို တစ်နေ့တာ ကြုံတွေ့ရသမျှ စာကြည့်တိုက် အသင်းဝင်များနှင့်ဆက်ဆံရေး၊ ငှားပြီးစာအုပ် ပြန်မအပ်သည့် အခက်အခဲလေးများကို ရှည်ရှည်ဝေးဝေး အားကိုးတကြီးနှင့် ပြောပြမိသောအခါ ဆရာ့တုန့်ပြန်ပုံမှာ 'ကဲ... နင်



အဲဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲ ငါကြည့်နေမယ်' တဲ့ ဆရာ၏ အပြုံးတေ့တေ့ကို ကြည့်၍ အားတင်းကာ ဖြေရှင်းရပြန်ပါသည်။

''ဆရာရယ် ကျွန်မ တစ်ခါတစ်ခါ ဒီမှာလုပ်ရတာ စိတ်ဓာတ်တွေကျမိတယ်''ဟု ပြောလျှင်လည်း ''အေး စေတနာရယ်၊ ဝါသနာရယ်၊ ရိုးသားမှုရယ်သာ အဓိကထားလုပ် ကျန်တာ ဘာအမှိုက်မှ ခေါင်းထဲမထည့်နဲ့သမီး''ဟု ညှို့မှိုင်းသော ဆရာ့မျက်လုံးအစုံက အားပေးစကားပြောတတ်ပါသည်။

ဆရာနှင့်တွေ့တိုင်း ''ဆရာတည်ထောင်ထားတဲ့ လောကအလင်း စာကြည့်တိုက်မှာ သမီး စေတနာထား ဆောင်ရွက်နေပါတယ် ဆရာ။ တကယ်လို့ အမှားအယွင်းရှိခဲ့ရင်လည်း သမီးရဲ့ စေတနာအမှားလို့ သတ်မှတ်ပေးပါ''လို့ အမြဲပြောမိပါသည်။

ထိုအခါ ဆရာက 'အေး... တစ်နေ့တာအမှားထဲက တစ်နေ့ချင်း သင်ခန်းစာယူ ကြားလား သမီး' ဟု မျက်လုံးတစ်ချက်ဝင့်ကာ ပြောလိုက်ပြန်တော့ ကျွန်မ အလုပ်လုပ်ရတာ ပျော်လာပါသည်။ ဆရာ့ရဲ့ အဆုံးအမ၊ ဆရာ့ရဲ့ အမှားမလုပ်ရဲအောင် ကြည့်နေတဲ့ အကြည့်များနှင့်အတူ ကျွန်မ စာကြည့်တိုက်ကို သံယောဇဉ်တွယ်လာရပါသည်။

''ဆရာရဲ့လက်အောက်မှာ ကျွန်မသည် စာကြည့်တိုက်အတွက် တစ်ရက်ပဲ လုပ်လုပ်၊ တစ်နာရီပဲလုပ်လုပ် ဆရာဖြစ်စေ

ချင်သလို စေတနာနှင့် ရိုးသားမှုကို အခြေခံပြီး လုပ်ပါမယ် ဆရာ''ဟု ကတိပေးမိပါသည်။ ကျွန်မ၏ ကတိကို ဆရာက နားထောင်ကာ

''မရိုးမသား လုပ်မိရင်လည်း အိုးတိုက်ဖွဲပြာရောင်းတဲ့ မိန်းကလေးတွေလောက်တောင် ကိုယ်ကျင့်မဖြူပါလားလို့ တွေးပြီး ရှက်လိုက်စမ်းပါလို့'' မျက်မှန်ထဲမှ ခပ်တည်တည် ဆရာ့မျက်လုံးအကြည့်က ပြောပြန်သည်။

ဆရာသည် ကျွန်မ တာဝန်ထမ်းဆောင်နေချိန် တစ်လျှောက်လုံး အလစ်မပေး စောင့်ကြည့်နေတတ်သူ တစ်ဦးဖြစ်ပါသည်။ ကျွန်မ ရုံးခန်းထဲတွင် မဂ္ဂဇင်းများ၊ သုတ၊ ရသစာအုပ်များကို ပလတ်စတစ်ဖုံးကာ ချုပ်နေလျှင်လည်း သေသပ်မှုရှိ၊ မရှိ၊ စနစ်တကျ လုပ်ဆောင်မှုရှိ၊ မရှိကို ကုလားထိုင်ကြီးပေါ်မှာထိုင်ကာ ကြည့်နေတတ်သူတစ်ယောက် ဖြစ်ပါသည်။

ဒါတင်မကသေး ကွန်ပျူတာရှေ့ထိုင်ကာ စာအုပ်ငှားသူများ၊ စာအုပ်လာအပ်သူများနှင့် ပြောဆိုဆက်ဆံမှု၊ လစဉ်ကြေး အသင်းဝင်ကြေး ပေးသွင်းမှု၊ စာအုပ်ငှားခနှင့် နောက်ကျကြေး အရှုပ်အရှင်း ဖြေရှင်းမှု စသည်များကိုလည်း တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောဘဲ မျက်လုံးဖြင့် အသာကြည့်နေတတ်သည်။

ဟိုးလွန်ခဲ့သောနှစ်များက ဆရာတောင်တွင်းကို ဟောပြောပွဲလာခဲ့ဖူးသည်။ ဆရာ၏ ဟောပြောမှုများကို လက်ခုပ်လက်ဝါး



တီးကာ အားပေးကြသူ အများအပြားပင်။ ထိုအထဲမှ ကျွန်မအစ်ကိုဝမ်းကွဲက ဆရာနှင့်အတူ ယှဉ်တွဲကာ ဓာတ်ပုံအမှတ်တရ ရိုက်ပြီး ကျွန်မကို ကြွားသည်။ အစ်ကိုက ''ဆရာ့လိုဆရာမျိုးနဲ့ အခုလို ဓာတ်ပုံတွဲရိုက်ချင်ရင် ငါ့လို ထူးချွန်အောင်ကြိုးစား၊ ငါ့လိုမှ ထူးချွန်အောင် မကြိုးစားရင် ဓာတ်မင်းသား၊ ရုပ်ရှင်မင်းသားတွေနဲ့ပဲ တွဲရိုက်လို့ရမယ်။ ဆရာ့အနားတော့ အရိပ်တောင်သီလို့မရဘူးမှတ်''ဟု ဆုံးမခဲ့ဖူးပါသည်။

သို့ပေမယ့် ကျွန်မသည် ယနေ့အချိန် ထူးချွန်သူတစ်ယောက် မဖြစ်ခဲ့ပါ။ ဆရာတပည့် ကျွန်မရဲ့အစ်ကိုလို B.V.S ဘွဲ့လည်း မရခဲ့ပါ။ သို့သော် ဆရာတည်ထောင်ရန် တိုက်တွန်း နှိုးဆော်၍ အကောင်အထည်ပေါ်ခဲ့သော လောကအလင်းစာကြည့်တိုက်မှာတော့ ဆရာနှင့် အနီးကပ်ဆုံး၊ ဆရာ့မျက်စိအောက်တွင် ကျွန်မ အလုပ်တွေ လုပ်နေရပါသည်။

အစ်ကို့ကို ကျွန်မ ကြွားကြွားလေး ပြောလိုက်ချင်ပါတယ်။ ''အခု ဆရာ့ရဲ့အရိပ်အောက်မှာ၊ ဆရာ့ရဲ့ မျက်လုံးအကြည့်နဲ့ နှုတ်ခမ်း အပြုံးအရယ်တွေရဲ့အောက်မှာ ကျွန်မတစ်ယောက် ဆရာနဲ့ အနီးကပ် တာဝန်တွေ ထမ်းဆောင်နေရပါပြီရှင်''လို့။

ဆရာသည် စာအရေးအသားကောင်းသကဲ့သို့ အဟောအပြော ကောင်းသဖြင့် မြန်ပြည်တလွှား နာမည်ကြီးလာသူတစ်ဦး ဖြစ်သည်ဟု ကျွန်မ သိထားပါသည်။ ဟောပြောပွဲများ

တွင် နားထောင်ကြသည့် လူပေါင်း ထောင်သောင်းများစွာ ရှေ့တွင် ဆရာ စကားတွေ အများကြီး ပြောခဲ့သည်။ ဆရာရေးခဲ့သည့် စာအုပ်များတွင်လည်း ထိထိမိမိ စကားလုံးများဖြင့် အများကြီးရေး၍ ပြောခဲ့သည်။ သို့သော် ကျွန်မ တာဝန် ထမ်းဆောင်နေသော လောကအလင်းစာကြည့်တိုက်တွင်တော့ ဆရာသည် စကားဆို၍ တစ်လုံး တစ်ပါဒမျှ မဟာပါ။ မျက်လုံးဖြင့်သာ အပြုံးဖြင့်သာ စကားများစွာ ပြောပါသည်။

ဆရာသည် ကျွန်မ၏ ခပ်ညုံ့ညုံ့ လုပ်ပုံကိုင်ပုံ၊ ခပ်ညုံ့ညုံ့ စကားများ၊ ခပ်ညုံ့ညုံ့အပြောများကို ခွင့်လွှတ်ပြုံးဖြင့် ကြည့်နေသော်လည်း အားရကျေနပ်မှုမရှိသေးသော မျက်လုံးများဖြင့် ''စေတနာထား ဒီထက် ကြိုးစားဖို့ လိုသေးတယ်''ဟု ပြောနေသယောင်…။

(လောကအလင်း စာကြည့်တိုက်တွင် ချိတ်ဆွဲထားသော ဆရာဦးအောင်သင်း၏ ဓာတ်ပုံကို ခံစားရေးမိပါသည်။)

ရှင်သင်းနွယ်

## ကျွန်တော့်ဓာတ်ဆရာ

××× ပညာရေး အရင်းရှိမှ… လူရာဝင်တယ်။ အမှန်ပင် ဤလူ့ဘုံဝယ်… တွေးဆသင့်တယ်။

××× ကျောင်းနေချိန်တုန်းဝယ်… ဂရုမစိုက်တာ မှားမိလေသမျှ… ကျွန်တော်မှာ လက်တွေ့ကြုံပြီကွယ်။

××× လူ့လောက ဓာတ်ခုံပေါ်ဝယ် အထင်အမြင်တွေ သေးကြလို့… အရေးမစိုက်ကြပါတယ်။

ဆရာဦးအောင်သင်း စပ်ဆို သင်ပြပေးခဲ့သော ''နှောင်တ'' ကျောင်းပြဇာတ်မှ ဇာတ်လိုက်လူဆိုးကြီး မြဒင် သီဆိုခဲ့သော သီချင်းစာသားအချို့တို့ ဖြစ်သည်။

''နှောင်တ''ပြဇာတ်သည် လွန်ခဲ့သော အနှစ်ခြောက်ဆယ်ခန့်က ကပြသီဆိုခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် (၁၈)နှစ်သားအရွယ် တောင်တွင်းကြီးမြို့၊ တန်းမြင့် ကျောင်းသားဘဝက ဆရာဦးအောင်သင်းကို တောင်ပြင်ရပ်၊

ရွှေမော်ဓောဘုရားလမ်း သူငယ်ချင်းကိုကျော်စိန်အိမ်တွင် ကျောင်းကပွဲ ပြဇာတ်တိုက်စဉ် စတင်တွေ့ဆုံခဲ့ပါသည်။

ကျွန်တော်၊ ကိုကျော်စိန်၊ ကိုဘရှိန်း၊ ကိုတိုးလှိုင်၊ ကိုတင်အေး၊ ကိုထွန်း၊ ကိုကျော်လွင်၊ ကိုမြတ်မင်း၊ ကိုရာညွန့်၊ ကိုသန်းထွန်း၊ ကိုလှထွန်းတို့ ကပြခဲ့ရသော ပြဇာတ်အမည်က 'နေ ်င်တ' ဖြစ်သည်။

သီချင်း၊ ဟန်အမူအရာ၊ ပြောပုံ၊ ဆိုပုံကအစ သင်ပေးသူက ဇာတ်ဆရာဒါရိုက်တာ၊ တောင်ပြင်ရပ် ကာလသား ကိုအောင်သင်း ဖြစ်ပါသည်။ ကိုအောင်သင်းသည် ရွှေမော်ဓော၊ ဆုတောင်းပြည့်၊ လေးကျွန်းအောင်မြေ ဘုရားပွဲများတွင် ကဇာတ်၊ ပြဇာတ်၊ ယိမ်းများတွင် စိတ်ရှည်လက်ရှည် သင်ပြပေးသော၊ လူငယ်များ ချစ်လှသော ပေါ်ပြူလာအဖြစ်ဆုံးမှာ သူဖြစ်သည်။

လွတ်လပ်ရေးရပြီးအချိန်၊ တက်ကြွချိန်မှာ ကျွန်တော်တို့လို လူငယ်အများ၊ အပျော်အပါးလိုက်၊ အရက်ဝိုင်း၊ ဖဲဝိုင်းတွင် စိတ်မဝင်စားစေဘဲ အရပ်ဘုရားပွဲများ၊ ကျောင်းကပွဲများတွင် ဇာတ်ဟန်ခင်းကျင်း၊ ပြဇာတ်များဖြင့် ငယ်စဉ်အခါ ပညာကို မသင်ရခဲ့၊ နောင်ခါမှ 'နောင်တ' ဆိုတဲ့ပြဇာတ်တွင် လူဆိုးကြီးမြဒင်အဖြစ် ကျွန်တော် ဇာတ်လိုက် လုပ်ဆောင်ခဲ့ရပါသည်။

ဆရာဦးအောင်သင်း (ထိုစဉ်က ဇာတ်ဆရာကိုအောင်သင်း) သည် သီချင်းရော၊ ဆိုပုံဆိုနည်း၊ စကားပြော၊ လေယူလေသိမ်းပါ



ကျွန်တော်တို့ကျောင်းသား ကျောင်းသူများကို သင်ပြပေးသည်။ ဟန်အမူအရာပါမက ပါးစပ်ဆိုင်းတီးပြ၊ စည်းဝါးကျစေရန် စိတ်ပါဝင်စားခဲ့သည့် အချိန်လေးများကို အမှတ်ရပြီး ဆရာ့အား ဂုဏ်ပြုမိပါသည်။

ကျွန်တော် ၁၉၅၈-၅၉ ခုနှစ် ရန်ကုန်မြို့၊ ကန်ဘဲ့ဆရာအတတ်သင် သင်တန်းတက်စဉ်မှာ ဆရာဦးအောင်သင်းက ရန်ကုန်တက္ကသိုလ် ရောက်ရှိနေပါသည်။ ထိုနှစ်သီတင်းကျွတ်ကျောင်းပိတ်ရက်လောက်မှာ ကျွန်တော်တို့ ကန်ဘဲ့ ဆရာအတတ်သင် ကောလိပ်ကျောင်း၊ အနုပညာအသင်းက ကဇာတ်၊ ပြဇာတ်ပွဲများ ပြိုင်ဆိုင်ပွဲများ ကျင်းပပြုလုပ်ကြရသည်။

အဆောင် (၃) ကိုယ်စားပြု ဆရာ၊ ဆရာမလောင်းများအဖွဲ့က 'နောင်တ' ပြဇာတ်ကိုပင် ရန်ကုန်မြို့တော်တွင် ကပြကြသည်။ ကျွန်တော်နှင့် ဆရာဦးကျော်ဟိုးတို့က ရန်ကုန်တက္ကသိုလ်ရောက်နေသည့် ဆရာဦးအောင်သင်းကို ဆက်သွယ်သတင်းပို့ကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးရောက် ဆရာဦးအောင်သင်းက ကန်ဘဲ့ဆရာအတတ်သင်ကျောင်း 'နောင်တ' ပြဇာတ်ကို လာရောက်အားပေးခဲ့သည်။ ကျွန်တော်ပင် လူဆိုးမြဒင်အဖြစ် သရုပ်ဆောင်ခဲ့ရာ ပထမရရှိခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့ ကပြနေစဉ် ရုပ်ရှင်မင်းသားကြီး ထွန်းဝေ၊ မေမြ စသည်တို့ကပင် ပြဇာတ်အပြီး နှုတ်ဆက်အားပေးခြင်း

ခံခဲ့ရပါသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ကထိကဆရာ၊ ဆရာမများကပါ ပညာရေးအားပေးသည့် 'နောင်တ' ပြဇာတ်ကို အလွန်သဘောကျ ချီးမွမ်းကြပါသည်။

ဆရာဦးအောင်သင်းသည် ငယ်စဉ်ကပင် ကျွန်တော်တို့လိုလူငယ်လူရွယ်များကို ချစ်ခင်တတ်သည်။ ဂန္ထဝင်စာပေများ၊ ပုံပြင်များ၊ ပြည်သူ့နီတိ၊ လူ့ကျင့်ဝတ်များကို ဖော်ကျူးပြောဟောပေးတတ်ပါသည်။

ယနေ့ဆိုလျှင် ဆရာဦးအောင်သင်းအား မြန်မာမှ ကမ္ဘာအထိဂန္ထဝင်မြောက်သည့် ပုဂ္ဂိုလ်၊ ဆရာတစ်ဆူဟု ဂုဏ်ပြုကြသည်ကိုများစွာ ပီတိ ဖြစ်မိပါတော့သည်။

ခင်မောင်ရင် (ပေလေးပင်)<br>
စာဆိုမြို့တော်<br>
တောင်တွင်းကြီးမြို့

## တို့ဆရာ

ဆယ်တန်းတွင် 'ချိုတကူးနှင့် ဂုဏ်ရည်မတူ' သင်ရစဉ်က ရေးသူ 'အောင်သင်း'ကို ကိုယ့်မြို့က 'ဆရာ' ဟု မသိခဲ့ရိုးအမှန်ပင်၊ ပညာရေးတက္ကသိုလ်ရောက်သည့် ဒုတိယနှစ်တွင် ဥပဒေတက်နေသည့် ညီမ 'မြိုင်'က 'ငါတို့ဆရာ ဦးအောင်သင်း သင်တာ သိပ်ကောင်းတာပဲ' ဟူသောအပြောနှင့်ပင် ဆရာ့ကို မြင်ဖူးကြုံဖူးချင်ခဲ့ပါသည်။ သို့သော် ဆရာ့ကို လူကိုယ်တိုင် မတွေ့ခဲ့ မကြုံခဲ့ရ။

၁၉၇၈ မတ်လ ၁၀ ရက် သောကြာနေ့၏ ပူလောင်ပြင်းပြသောနေ့တစ်နေ့တွင်မှ ဆူးလေနားရှိ စာအုပ်ဆိုင်တစ်ဆိုင်မှ အောင်သင်း၏ 'စာပေရေးရာ ဆောင်းပါးများ' [(အမေ့အိမ်စာစဉ်)မှ ထုတ်ဝေ၊ ပထမအကြိမ်ရိုက်နှိပ်ခြင်း တန်ဖိုး ၁၆ ကျပ်] ကို ဝယ်ယူခဲ့ပါသည်။ ထိုစာအုပ်တွင် ပါဝင်သည့်စာပေ

ရေးရာဆိုင်ရာ ဆောင်းပါးများကို အပြန်ပြန် အလှန်လှန် ဖတ်ရှုရင်း ဆရာ၏အတွေးအခေါ် အယူအဆ အရေးအသားတို့ကို တမေ့တမော ဖြစ်ခဲ့ရပါသည်။

မှတ်မှတ်ရရ။ ၁၉၇၈-၇၉ ဝန်းကျင် ဆောင်းတစ်ည။ အင်းစိန် (မည်သည့်ရပ်ကွက်) မမှတ်မိ၊ စာပေဟောပြောပွဲရှိသည်။ ဒါရိုက်တာ မောင်ဝဏ္ဏ၊ စာရေးဆရာ မောင်သာရ၊ ဦးအောင်သင်းတို့ ဟောပြောမည်ဆိုကတည်းက ထိုစာပေဟောပြောပွဲသို့ ရောက်အောင်သန်ခဲ့သည်။ ကြို့ကုန်းရှိ ဦးလေးအိမ်သို့ ညအိပ်ခွင့် တင်ရသည်။ ညီမဝမ်းကွဲများနှင့် အင်းစိန် စာပေဟောပြောပွဲသို့ ရောက်ခဲ့သည်။

ဆရာဟောသည့် ခေါင်းစဉ်ကိုမူ မမှတ်မိ။ အလင်္ကာတို့၏ ထိရောက်မှု၊ ထိရောက်လွန်း၍ တစ်ခါတလေ အန္တရာယ်ပင်ကြီးမားပုံ။ 'သံသရာဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည်၊ ချစ်သူရင်ခွင်ကြား နားနားနေနေ... ' သီချင်းစာသားတွင် နစ်ဝင်ပြီး ယောက်ျားနောက်လိုက်သွားသည့် မိန်းကလေးများ၊ 'ရှိုး-ဟီးဟီး-ဖတ်' ဟု ကြွေကျတတ်သော လက်ပံပွင့်များကို 'လက်ပံပွင့်တွေလေအတိုက် ကြွေလိုက်တဲ့အခါ တဝဲဝဲဝေ့လို့ လေယာဉ်ပမာ' ဟု သီချင်းရေးဆရာက လက်စွမ်းပြလိုက်သည့်အခါ လွမ်းမောကြည်နူးဖြစ်ပုံတို့လည်း ပါသည်။ ဝန်ကြီးချုပ် ဦးနု၏ ဟောပြောပုံအတိုင်းလည်း ပြောပြသည်။ မိမိချစ်သော မုဆိုးမလေးကို



အထက်တန်းကျကျ ညှော်ခံလို၍ မိမိအလွန်ချစ်ရ၊ မြတ်နိုးရသည့် လက်သပ်မွေးထားသည့် လင်းယုန်ငှက်ကို သတ်၍ ချက်ပြုတ်ညှော်ခံပြီးမှ မုဆိုးမလေး၏ သားလိုချင်သော လင်းယုန်ငှက်ကို မပေးနိုင်သဖြင့် ကြေကွဲခံစားရပုံ၊ မြို့စားငယ်လေးအကြောင်းကို တဖွဲ့တနွဲ့ပြောပြပြီး စာပေတို့မှ ဗဟုသုတ၊ အသိ၊ အတွေးအမြင်တို့အပြင် တစ်ခါတလေ စမ်းရေအေးအေး ဝတ္ထုလေးများလည်း ရှိကြောင်း ဟောပြောသွားသည်ကို ယခုတိုင် သတိရနေမိပါသည်။

ထို့နောက် ထို့နောက်တွင်မူ ဆရာ၏ ဆောင်းပါးများ၊ ဟောပြောပွဲခွေများ၊ 'မျိုးဆက်သစ် တိုးတက်ရစ်' ဆရာကြီးဟု ဝိသေသပြုသည်ထိ ဆရာ၏ စာများ၊ ဟောပြောချက်များက မြန်မာပြည်တန့်တလျားသို့ ပျံ့နှံ့ခဲ့ပါသည်။ စာပေဟောပြောပွဲတိုင်းတွင် ဆရာမပါလျှင် ပွဲမစည်သလောက် ဖြစ်သည်မို့ 'ငါတို့ဆရာ' ဟု အကြွားပိုခဲ့ရသည်။

ဆရာထံရောက်လျှင် 'ဟဲ့... ကောင်မတွေ' ဟု ကျောပြင်ကို တဖြန်းဖြန်းရိုက်ကာ အသိအမှတ်ပြုခံရသည်ကို ကျေနပ်ဝမ်းသာ ပီတိဖြာရပါသည်။ ကျွန်မ တပည့်များကို မြန်မာစာကဗျာ၊ စကားပြေ သင်ကြားပေးလျှင်လည်း ဆရာ၏တိုလီမုတ်စ စာပေထဲမှ ဖတ်ထားသိထား (ယခင်ကမသိ မကြားဖူးသည်များ) သည်များကို ဖောက်သည်ချရသည်။

'ပန်းချီမာရဲ့ ကွန်ပျူတာ ပညာဒါနသင်တန်း' လုပ်ဆောင်ရင်း အခက်အခဲလေးများ ကြုံနေရသည့် 'ဆရာငြိမ်းအောင်'အကြောင်း ဆရာ့ကို စကားစမိသည်နှင့်၊ သူ့ဆီ ခေါ်လာခိုင်းကာ 'ချမ်းငြိမ်းအောင်'နှင့် တွေ့ဆုံမေးမြန်းပြီး 'ဈေးကွက်' ဂျာနယ်၏ 'မျိုးဆက်သစ် တိုးတက်ရစ်ကဏ္ဍ'တွင် နှစ်ပတ်ဆက်၍ ဆောင်းပါးရေးပေးသည်။ လူငယ်တို့အတွက်ဆိုလျှင် ဆရာသည် သူစိမ်းသူကျက် မရွေး ထက်သန်တက်ကြွစွာ အားပေးခဲ့ပုံတို့ကိုလည်း အထူးပင် မမေ့နိုင်ပါ။

ဆရာ သက်တော်ရာကျော် ရှည်ပါစေ။
စာပေအကျိုး ဆထက်တိုး ဆောင်ရွက်နိုင်ပါစေ။
လူငယ်ထုအတွက် အစဉ်ရှေ့ဆောင်လမ်းပြပေးနေပါ ဆရာ။

သင်းသင်းလှိုင်

## သူနှင့် ကျွန်တော်

၁၉၄၇ ခုနှစ်၊ ဗမာပြည်လွတ်လပ်ရေးမရမီ အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျွန်ဘဝ သူက (၁၆) နှစ်သားခန့် ကျွန်တော်က (၁၃)နှစ်သား အရွယ်ခန့် ထိုအချိန်တွင် သူနှင့်ကျွန်တော် မွေးဖွားရာ ဇာတိမြို့ဖြစ်သော တောင်တွင်းကြီးမြို့၌ နယ်ချဲ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံရေးဆောင်ရွက်နေကြသော မျိုးချစ်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ကြ၏။ သူမွေးဖွားရာဖြစ်သော တောင်ပြင်ရပ်ကွက်၌ သခင်ကျော်ခွန်း၊ သခင်ညီမောင်၊ သခင်ကျော်စိန်၊ သခင်ခင်မောင်ဦး၊ သခင်တင်လှ အစရှိသည်ဖြင့် မျိုးချစ်ပုဂ္ဂိုလ်များလည်းကောင်း၊ မောင်းတိုင်ရပ်ကွက်၌ သခင်သိန်းရွှေ၊ ရွှေအိုးရပ်ကွက်၌ သခင်ရွှေဖေ၊ သခင်စောမောင် ဟူသော မျိုးချစ်ပုဂ္ဂိုလ်များ ရှိကြ၏။ ထိုအချိန်တွင် သူက သခင်ကျော်စိန်၊ သခင်ရွှေဖေ၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၊ သခင်ခင်မောင်ဦးတို့နှင့်သာ သူ့ကို အမြဲတွေ့ရလေ့ရှိ၏။ သူနှင့် အရွယ်မကွာသော သူ့ထက်

အသက် (၁) နှစ် (၂)နှစ်ခန့်ကြီးသော သခင်တင်လှ၊ သခင်သိန်း တို့နှင့် ပူးတွဲနေသည်ကို ကျွန်တော် သိပ်ပြီး မတွေ့ရပါ။ ကျွန်တော် သူ့ကို အများဆုံး တွေ့ကြုံနေရသည်မှာ သခင်ကျော်စိန်၊ သခင် ရွှေဖေ၊ ဗိုလ်ချုပ်အောင်ဆန်း အစ်ကို ဦးအောင်သန်း တို့ဆီမှာသာ တွေ့ရဖန်များပါသည်။ ကျွန်တော် အဲဒီအချိန်မှာ အဖေက ခဏ ခဏခိုင်းလို့ ကျွန်တော်နှင့် ကြုံကြိုက်ရခြင်း ဖြစ်ပါသည်။ ထို အချိန်က သူက ၁၆ နှစ်သားအရွယ် သူသွားနေကျ သခင်ကြီး များက အသက် ၄၀ ပတ်ဝန်းကျင် ဖြစ်ပါသည်။ သူက လူပျို ပေါက်အရွယ် ကျွန်တော်က ၁၃ နှစ်သားအရွယ် ဖြစ်ပါသည်။ သခင်လူကြီးများနှင့်အတူ သူ ဆက်ဆံသည့်နေရာမှာ သားကဲ့သို့ လည်းကောင်း၊ ဆရာတပည့်ကဲ့သို့လည်းကောင်း ခင်မင်ရင်းနှီး သည့် မိတ်ဆွေရင်းရင်းနှီးနှီးကဲ့သို့ လည်းကောင်း ရှိရှိသေသေဖြင့် ဆက်ဆံပေါင်းသင်းရုံတွင်မက သူ့မျက်နှာက ထာဝစဉ် ရွှင်ပြုံး ကြည်လင်ပြီး သွက်သွက်လက်လက်နှင့်ဆိုတော့ သူ့ကို လူကြီး များက ချစ်ခင်ကြ၏။ သူသည် အဲဒီအချိန်တုန်းက နိုင်ငံရေး လုပ်နေသည်ဟု ကျွန်တော် ထင်မြင်မိသည်။ ထို့ကြောင့် သခင် မျိုးချစ်ပုဂ္ဂိုလ်လူကြီးများနှင့်သူ နေ့ရောညရော အတူသွားလာနေ သည့်အတွက် သူ့ကို အမြဲမြင်တွေ့နေရခြင်း ဖြစ်ပါသည်။ အဲဒီ အချိန်က သူ ဆယ်တန်းဝင်ရောက်ဖြေဆိုခြင်း မရှိသေးပါ။ သူ နိုင်ငံရေး ဆောင်ရွက်နေစဉ် တောင်တွင်းကြီးမြို့၌ လွတ်လပ်ရေး



ရပြီးခါစ ရဲဘော်ဖြူ ကွန်မြူနစ်များ ဗိုလ်ကျအုပ်စိုးနေစဉ် ဖြစ်၏။ ထိုကာလမှာပင် သူ့အား ရဲဘော်ဖြူ ကွန်မြူနစ်များက မတရား ဖမ်းဆီးပြီး တောင်တွင်းကြီးထောင်၊ သရက်ထောင်များသို့ ပို့လိုက် ကြ၏။ ထောင်ကျခံရသည့် နိုင်ငံရေးသမားများထဲတွင် သူသည် အငယ်ဆုံး ဖြစ်၏။ ကျွန်တော်တို့ လူငယ်များနှင့် ကျောင်းသား များ များစွာစိတ်မကောင်းကြပါ။ ထို့ကြောင့် သူလွတ်မြောက်ရေး အတွက် ရဲဘော်ဖြူ တပ်ရင်း (၁) ကွန်မြူနစ်များ အုပ်စိုးနေစဉ် ကျွန်တော်တို့ ထောင်အပြင်ဘက်မှ သူ့ကို ကယ်ထုတ်ရန် ကြိုးစား ခဲ့ကြသေးသည်။ ဒီလိုဆောင်ရွက်မှုကို ယနေ့အထိ သူသိချင်မှ သိပါမည်။ သူ့ကိုလည်း ယခုစာရေးနေချိန်အထိ ကျွန်တော်တို့ ဖွင့်မပြောခဲ့ကြပါ။ ထိုစဉ်က လူငယ်များမှ ကိုတင့်ဆွေ၊ ကိုခင် မောင်မြင့်၊ ကိုတင်ထွန်း၊ ကိုသောင်းကြည်ခေါ် ကိုအောင်မြင့်၊ ကိုသိန်းအောင်တို့ ဖြစ်ကြသည်။ အဲဒီအချိန်က ရဲဘော်ဖြူကွန်မြူ နစ်တို့မှာ ကိုကျွဲကြီးခေါ် ကိုရာသိုက်၊ ကိုသံဒိုးခေါ် ကိုမြတ်စိုး၊ ကိုမြင့်အောင် ခေါ် ကိုမြစိန်၊ ကိုရဲလှ၊ ကိုမြမောင်၊ ကိုသောင်း ရွှေ၊ ကိုခင်စော၊ ကုလားကိုကျော်စိန်၊ ကိုဝမ်းဖေ၊ မငွေတင် တို့ဖြစ်ကြ၏။ အဲဒီအချိန်မှာ ကိုကျွဲကြီးနှင့် ရဲဘော်ဖြူများသည် ကျွန်တော့်အဖေ ကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ်ကို ကျွန်တော့်အမေအား သေနတ်များဖြင့် ချိန်ရွယ်၍ သေနတ်ထုတ် မပေးလျှင် ပစ်သတ်မည်ဟု ကြိမ်းဝါးသွားကြသည်။ ထို့အတူပင်

ထိုအဖွဲ့သည် ကျွန်တော့်သူငယ်ချင်း ကိုသောင်းကြည်၏ ဖခင်သေနတ်ကို ကြိမ်းဝါး၍ သိမ်းယူသွားကြသည်။ ထိုအချိန်တွင် ကျွန်တော့်အဖေသည် မျက်စိရောဂါ ဖြစ်နေ၍ ရဲဘော်ဖြူများထံ ဆေးကုရန် ရန်ကုန်သို့ သွားခွင့်ပေးပါရန် တောင်းဆိုခဲ့၏။ သူတို့က ရန်ကုန်သို့ လုံးဝသွားခွင့်မပေး၍ မျက်စေ့နှစ်လုံးစလုံး ကွယ်သွားရရှာ၏။ ထို့ကြောင့် အဲဒီအချိန်အခါတုန်းက ရဲဘော်ဖြူ ကွန်မြူနစ်များကို အထူးမုန်းကြ၏။ ယခုတော့ အဲဒီတုန်းက အမုန်းတရားများကို ယခုအသက် ၈၀ ကျော်မှ တရားဓမ္မနှင့် ဖြေ၍ သင်ပုန်းချေဖျက်ပစ်လိုက်ကြပါသည်။

၁၉၅၂ ခုနှစ်တွင် တောင်တွင်းကြီးမြို့ အထက်တန်းကျောင်းတွင် ဦးမူကြီး ကျောင်းအုပ်တာဝန် ထမ်းဆောင်စဉ် ကျွန်တော်က တက္ကသိုလ်ဝင်တန်းသို့ ပညာသင်နေပါသည်။ ထိုနှစ်တွင် တက္ကသိုလ်ဝင်တန်း ကျွန်တော်တို့အတန်း၌ ကျောင်းသူမိန်းကလေး ၅ ယောက်နှင့် ယောကျ်ားလေး ၁၅ ယောက်ခန့် ရှိပါသည်။ ကျောင်းသူလေး ခင်ခင်သီ၊ တင်တင်ရီ၊ မခင်မြိုင်၊ မတင်တင်ကြိုင်၊ မမြကြီး တို့ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း ကျောင်းသူများထဲတွင် အသက်အကြီးဆုံးနှင့် ကိုယ်လုံးကိုယ်ထည် အထွားကြိုင်းဆုံးမှာ မတင်တင်ကြိုင် (ခေါ်) မအုန်းကြိုင် ဖြစ်သည်။ ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှ မေမေဝင်း ပုံစံမျိုး ဖြစ်၏။ ထိုအချိန်တွင် ရုပ်ရှင်မင်းသား ခင်မောင်ရင်ပုံစံဖြင့် ကျောင်းသားများထဲတွင် အရပ်အမြင့်ဆုံးနှင့် ထောင်ထောင်မောင်းမောင်း ကျောင်းသားသစ် တစ်ယောက် ရောက်လာပါ၏။ ထိုသူကား ကိုအောင်သင်းပင် ဖြစ်၏။ တက္ကသိုလ်ဝင်တန်းထဲတွင် အသက်အကြီးဆုံး ကိုအောင်သင်းနှင့် မတင်တင်ကြိုင်တို့မှာ တကယ့်ကို ပညာလိုချင်၍ ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် ရည်ရွယ်ချက်ကြီးကြီးမားမားနှင့် ပညာသင်နေခြင်း ဖြစ်ပါသည်။ ၄င်းအချိန်တွင် စစ်ပြီးခေတ် မိဘများ ကျောင်းထား၍သာ ကျောင်းတက်နေကြသော ကိုတင်မောင်မြင့်၊ ကိုဆိုးဘက်၊ ကိုတင်ထွန်း၊ ကိုတင့်ဆွေ၊ ကိုသိန်းအောင် တို့မှာ ကျောင်းနေကြတာ ရည်ရွယ်ချက်ကြီးကြီးမားမား မထားကြ။ ကျောင်းတွင် ကစားခုန်စား ပျော်ပျော်ပါးပါးနှင့် နေကြသူများ ဖြစ်၏။ ထို့ကြောင့်လည်း ကျောင်းသားကြီး ကျောင်းသူကြီးများ ဖြစ်ကြသည့် ကိုအောင်သင်းနှင့် မတင်တင်ကြိုင်တို့အား ၄င်းတို့၏ နောက်ကွယ်မှ ပျော်ပါးမြူးတူးနေကြသော ကျောင်းသားညီငယ်များက သူတို့နှစ်ဦးကို ရွှေနဲ့မြနေနဲ့လကဲ့သို့ လိုက်ဖက်လွန်းလို့ ပေးစားလက်ထပ်ထားသည်ကို ကာယကံရှင်များအား ယခုမှ အသိပေးရပါသည်။ ထိုအချိန်က ကိုအောင်သင်းနှင့် မတင်တင်ကြိုင်တို့မှာ ကျွန်တော်၏ အစ်ကိုကြီးအရွယ် အစ်မကြီးအရွယ်ဖြစ်၍ သူတို့နှစ်ဦးအား ချစ်ခင် ရင်းနှီးကြသော်လည်း နောက်ပြောင်ကျီစယ်ခြင်း မပြုဝံ့ကြပါ။ သူတို့၏ နောက်ကွယ်မှာသာ အချင်းချင်းပြောကြ၏။ အလွန်ပျော်ရွှင်ကြ၏။

ဗိုလ်အောင်ဒင်နှင့် မမြဝင်းအဖြစ် နောက်ကွယ်မှာ လက်ထပ်ပေးစားထားကြ၏။ လွန်ခဲ့သည့်အနှစ် (၅၀) ကျော်က ကျွန်တော်တို့ စာသင်ဘက် ကျောင်းသား ညီငယ်သူငယ်ချင်းများ ပေးစား၍ ယခုအချိန်ထိ ရာသက်ပန်ဇနီးမောင်နှံများအဖြစ် ပေါင်းဖက်နေကြပါပြီ။ ဒါကို ကိုအောင်သင်း ယခုစာရေးနေသည်အထိ သိမည် မဟုတ်ပါ။

သခင်ရွှေဖေ၏ သေနတ်၊ ပညာအုပ်ရုံးအုပ်ကြီး ဦးအုန်းဖေ၏ သေနတ်များကို ရဲဘော်ဖြူကွန်မြူနစ်များက မတရားသဖြင့် အနိုင်ကျင့်သိမ်းသွားသည်ကို ကျွန်တော်တို့ ကျောင်းသားသူငယ်များက လုံးဝ မကျေနပ်ကြပါ။ ထို့ကြောင့် ကိုအောင်သင်း တောင်တွင်းကြီး ထောင်ထဲ၌ ရှိစဉ် ကျောင်းသားလူငယ်များနှင့် ဆိုရှယ်လစ်လူငယ်များဖြစ်ကြသော ကိုဘိုလှ ခေါ် ကိုဝေလင်း၊ ကိုဝင်းခင်တို့နှင့် ပူးပေါင်း၍ ကိုအောင်သင်း အကျဉ်းထောင်မှ လွတ်မြောက်ရေး ကြိုးပမ်းကြသည်ကို ကိုအောင်သင်းတစ်ယောက် သိမည်မထင်ပါ။ ကျွန်တော်တို့ သူငယ်ချင်းတစ်စု အသက်တွေ ၈၀ ကျော်လွန်ကုန်ပါပြီ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများ ဖြစ်သည့်အလျောက် ယခင်က အမုန်းပွားခဲ့သည့် ရဲဘော်ဖြူ ကွန်မြူနစ်များအပေါ် အမုန်းတရားများကို ချေဖျက်ပြီး မေတ္တာကရုဏာများပွားများလျက် ရှိကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကား ဗမာပြည်လွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးမလုပ်တော့ဘဲ စာရေးဆရာ



လုပ်မည်ဟု ကြံစည်ခဲ့ပါသည်။ သို့သော် လွတ်လပ်ရေး မရမီ လုပ်ကြံခံရ၍ စာရေးဆရာ ဖြစ်မသွားရသည်ကို အလွန်ပင် ဝမ်းနည်းမိပါသည်။ ကျွန်တော်တို့ကို အောင်သင်း ငယ်စဉ်အရွယ်က နိုင်ငံရေးလုပ်ခဲ့သော်လည်း ယခုနိုင်ငံရေးလုပ်သည်ဟု မကြားရတော့ဘဲ နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက် ဖြစ်သွား၍ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

သိန်းအောင်<br>
ပြန်ဆက်-ငြိမ်း<br>
တောင်တွင်းကြီးမြို့။

## ဆရာ ဦးအောင်သင်းနှင့် ကျွန်တော်

ဆရာ ဦးအောင်သင်းသည် ကျွန်တော်၏ ငယ်ဆရာတစ်ဦး ဖြစ်ခဲ့ပါသည်။ ကျွန်တော် (၅) တန်း (၆) တန်းလောက်က မိုးထိကျောင်း ယခု အ·လ·က (၂)၊ တောင်တွင်းကြီးတွင် ကြုံဆုံခဲ့ခြင်း ဖြစ်ပါသည်။ ဆရာက အထွေထွေသိပ္ပံ သင်သည်ဟု ထင်ပါသည်။ အတိအကျတော့ မမှတ်မိတော့ပါ။

ထိုစဉ် ဆရာပြောခဲ့သောစကားနှစ်ခွန်းကိုကား ယနေ့အထိ မမေ့သေးပါ။ ပထမတစ်ခွန်းက ဆရာစာသင်နေသော အခန်း၏ဘေးက အခန်းတစ်ခန်းတွင် ဆရာလွတ်ပြီး ဆူညံနေသဖြင့် ဆရာကသွားကာ ''ဟေ- မင်းတို့၊ ကာလအစမ်းပျက်ကြည့်နေတာလားကွ'' ဟု ပြောခဲ့သောစကားပါ။

ဒုတိယစကားတစ်ခွန်းမှာ ဆရာက ကျွန်တော်တို့အား မေးခွန်းတစ်ခုမေးခြင်း ဖြစ်ပါသည်။ ''မင်းတို့၊ မိန်းကလေးတွေ စကားအနည်းဆုံးလကို သိကြသလားကွ''ဟု။ တပကည့်တို့က



ထင်ရာမြင်ရာ လျှောက်ပြောသော်လည်း အဖြေမှန်မရကြ။ သို့နှင့် ဆရာက ''ဖေဖော်ဝါရီလကွ'' ဟု ဆိုပါသည်။ ''ဒီလကျမှ ဘာလို့များ မိန်းကလေးတွေ စကားနည်းကြပါလိမ့်''ဟု ဆက်တွေးကြရပါသည်။ ''သြော် ဒီလက ၂၈ ရက်ထဲရှိတာကို'' ဟု နှေးနှေးတွေးမှ ရေးရေးပေါ်လာပါသည်။ ဆရာက ''အေး၊ အဲဒါတောင် အားမရလို့ လေးနှစ်မှ တစ်ရက်အပိုဆောင်းပြောကြသေးသကွ''ဟု ထပ်ကွန့်လိုက်ပါသေးသည်။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ရောက်သည့်အခါ ဆရာက မြန်မာစာဌာနတွင် ဆရာဖြစ်နေပါပြီ။ ဆရာ၏စာသင်ခန်းဆိုလျှင် ကျောင်းသားများက ပြည့်လျှံနေပြီး သူ့အခန်းမှ မဟုတ်သည့် ကျောင်းသားများကပင် ကော်ရစ်တာမှ စုပြုံပြီးဆရာ့သင်ကြားမှုကို ခံယူကြပါသည်။

ကျွန်တော်လှည်းကူး အ·ထ·က တွင် အထက်တန်းပြဆရာ လုပ်စဉ်က ဆရာအောင်သင်း၊ ဆရာစိန်လွင်လေး၊ ဆရာမောင်သာနိုး တို့ကို တစ်လှည့်စီပင့်ဖိတ်၍ ကျောင်းတွင်းစာပေဟောပြောပွဲ ကျင်းပပေးခဲ့ပါသည်။ ဆရာ့ကို အိမ်ပြန်ကန်တော့လက်ဆောင်အဖြစ် ထန်းသီးခိုင်ကြီးတစ်ခု ဂျစ်ကားပေါ် တင်ပေးလိုက်သည်ကိုလည်း မှတ်မိနေပါသေးသည်။

တက္ကသိုလ်ပညာသင်အဖွဲ့က ကြီးမှူး၍ လှည်းကူးမြို့၊ မင်းလမ်းမကြီးပေါ်တွင် ဆရာတင့်တယ်နှင့် ဆရာအောင်သင်း

တို့ကို မြို့နယ်အဆင့် စာပေဟောပြောပွဲကျင်းပခဲ့ရာ ဆရာ၏ တပည့်ဖြစ်သော ကျွန်တော်က ဟောပြောပွဲစီစဉ်သူတို့၏ တာဝန် ပေးချက်အရ အခမ်းအနားစင်မြင့်ပေါ်တွင် သဘာပတိအဖြစ် ဆောင်ရွက်ပေးခဲ့ရသည်ကိုလည်း အမှတ်တရ ရှိနေပါသေးသည်။

ကျွန်တော် တောင်တွင်းကြီး အ.ထ.က (၂) ငါးခင့်တွ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူစဉ်ကလည်း ဆရာ့ကို ကျောင်းတွင်းစာပေဟောပြောပွဲအတွက် ပင့်ဖိတ်၍ ကျောင်းသူ ကျောင်းသားတို့အား စာပေမျက်စိဖွင့်ပေးခဲ့ပါသည်။

ကျွန်တော်ဦးဆောင်၍ ထုတ်ဝေခွင့်ရခဲ့သော ကျောင်းမဂ္ဂဇင်း များ၊ မြို့နယ်မဂ္ဂဇင်းများတွင်လည်း ဆရာထံမှ စာမူတစ်ပုဒ် မဖြစ်မနေ အပူကပ်တောင်းခံပြီး ထည့်သွင်းဖော်ပြခဲ့သည်ချည်း ဖြစ်ပါသည်။

အမှတ်ရသမျှ တင်ပြရလျှင်-

၁၉၇၉-၈၀ အထက (၁) ရွှေရတုမဂ္ဂဇင်း၌ 'မှန်ရွှေကူ ပြတင်းရယ်က' ဝတ္ထု၊

၁၉၉၇ ထုတ် တောင်တွင်းကြီးမြို့နယ်မဂ္ဂဇင်းတွင် 'ဝိုင်းဝန်း ပြုစု ဤကောင်းမှု' ဆောင်းပါး၊

၂၀၀၀ ပြည့်နှစ်ထုတ် အထက (၂) ရွှေရတုအကြိုမဂ္ဂဇင်း တွင် 'မြို့တော်တည်ဆောက်မှု' ဆောင်းပါးနှင့် 'အသရေတင့် စေသူနှင့် အခြေမြင့်စေသူ' ဆောင်းပါး၊



၂၀၀၅ အထက (၁) စိန်ရတုမဂ္ဂဇင်းတွင် 'ကံဆိုးသော် လည်း မိုးမမှောင်ပါ' ဆောင်းပါး၊

၂၀၀၇ ထုတ် ပုဏ္ဏဝတီမဂ္ဂဇင်းတွင် 'လုပ်ပြန်ပလား' ဆောင်းပါးတို့ ဖြစ်ပါသည်။

ဆရာ၏ဆောင်းပါးတိုင်းလိုလိုတွင် လူငယ်ပြုစုမျိုးထောင်ရေး နှင့် စာကြည့်တိုက်၊ စာကြည့်သင်း ဖြစ်ပေါ်တိုးတက်ရေးကို ဖောင်းပေး၍ အလေးအနက် ရေးသားတိုက်တွန်းခဲ့ပါသည်။

တစ်ခါက နယ်မှ တပည့်တစ်ဦးက ဆရာထံသွား၍ 'ဆရာ ကျွန်တော်တို့မြို့ မီးလောင်ရာမှာ ကျွန်တော်တို့ စာကြည့်တိုက် မီးထဲပါသွားတယ်ဆရာ' ဟု ပြောဖူးပါသည်တဲ့။

ဆရာက 'အေး... မင်းတို့မြို့ကမှ မီးလောင်စရာစာကြည့် တိုက်ရှိသေးတယ်၊ ငါ့ဇာတိ၊ တောင်တွင်းကြီးမြို့မှာ ခေတ်မီ စာကြည့်တိုက် မရှိသေးဘူးကွ' ဟု ပြန်ပြောပါသည်တဲ့။

ဆရာက တောင်တွင်းကြီးမြို့မှ တပည့်များအား စာနှင့် တတန် ဖုန်းဖြင့်တစ်မျိုး ဆက်သွယ်၍ 'ငါမချမ်းသာပါဘူး၊ ဒါပေမဲ့ ခေတ်မီစာကြည့်တိုက်တစ်ခု တည်ဆောက်ကြပါ၊ ဖောင် ဒေးရှင်းချပြီးရင် ငါတစ်သိန်း လှူပါမယ်' ဟု တိုက်တွန်းခဲ့ပါ သည်။

ဆရာ၏ စေတနာ၊ ဆရာ၏ ဆန္ဒ၊ ဆရာ၏ ဩဝါဒကို လေးစားသောအားဖြင့် ပုလဲစာပေမှ ကိုဌေးနိုင် အပါအဝင်

တပည့်ကြီးငယ်တို့က မြို့မိမြို့ဖ တို့၏ စေတနာကို ရယူကာ အာဏာပိုင် အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ခန်းမဝင်းကြီး အတွင်း ခေတ်မီစာကြည့်တိုက် တစ်ခုကို တန်ဖိုး (ငါးသိန်း) အကုန်အကျခံ၍ တည်ဆောက်ခဲ့ကြပါသည်။ အဆောက်အဦးပြီးသွားသောအခါ ဖောင်တော်ဦးဘုရား အပေါ်မှ လူငယ်တို့၏ 'လောကပါလ စာကြည့်တိုက်'၊ ရွှေအင်းတောင်ဘုရားပေးမှ 'အလင်းရောင်ချစ်သူ' စာကြည့်တိုက်တို့မှ တာဝန်ခံများကို ခေါ်ယူညှိနှိုင်းကာ စာအုပ်နှင့် ပရိဘောဂများကို စာကြည့်တိုက်အသစ်သို့ လှူဒါန်းကြရန်နှင့် စာကြည့်တိုက်အမည်ကို 'လောကအလင်းစာကြည့်တိုက်'ဟု ခေါ်တွင်စေရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

ယခုဆိုလျှင် ဆရာဖြစ်စေချင်သော ခေတ်မီစာကြည့်တိုက်တစ်ခုပေါ်ပေါက်ရှင်သန် ဖြစ်ထွန်းနေပြီဖြစ်ရာ ဆရာတစ်ယောက် ဝမ်းမြောက်ပီတိ ရှိပါစေတော့ဟု ဆန္ဒပြုလိုက်ရပါတော့သည်။

တိုးကိုထွေး (ပညာရေး)

"၈"

မြို့လယ်ရှိ မြို့မကျောင်းမှ အစပြုခဲ့ပြီး၊ နောင်တွင် တောင်ကျောင်းကြီးဟုလည်းကောင်း၊ တန်းမြင့်ကျောင်းဟုလည်းကောင်း အသိများခဲ့သော အထက (၁) ကျောင်းတော်ကြီးသည် လွန်ခဲ့သော ၂၀၀၅ ခုနှစ်က အသက် ၇၅ နှစ်တင်းတင်း ပြည့်ခဲ့ရာ၊ တပည့်သားသမီးဟောင်းများက စိန်ရတုပွဲကို တခမ်းတနားကျင်းပခဲ့ကြပေသည်။ ၎င်းတွင် စိန်ရတုအထိမ်းအမှတ်ကျောက်စာမော်ကွန်းတိုင်ကို အမှတ်တရ စိုက်ထူခဲ့ကြသလို စိန်ရတုမဂ္ဂဇင်းစာအုပ်ကိုလည်း အမှတ်တရ ထုတ်ဝေခဲ့ကြပေသည်။

၎င်းမဂ္ဂဇင်းတွင် ဆရာအောင်သင်းသည် ဆောင်းပါးတစ်ပုဒ်ကို 'ကံဆိုးတိုင်း မိုးမမှောင်ပါ' ဟူသောအမည်ဖြင့် ရေးပေးခဲ့ရာ၊ ဆရာ့ကို ကြည်ညိုချစ်ခင်လေးစားကြသည့် မိမိတို့ကဲ့သို့သော စာဖတ်ပရိသတ်အများစုကြီးမှာ စိန်ရတုမဂ္ဂဇင်းကြီးအတွက် များစွာပင် ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ကြရပါသည်။

ထိုဆောင်းပါးတွင် ဆရာသည် ၁၉၄၉-ခုနှစ်ဝန်းကျင်က ရဲဘော်ဖြူတို့၏ ဖမ်းဆီးမှုကြောင့် သရက်ထောင်တွင်နေခဲ့ရသော ၎င်း၏အတွေ့အကြုံများကို ခါတိုင်းရေးဟန်နှင့် မတူသော ရေးဟန်ဖြင့် ရေးသားထားပါသည်။ ဆရာ၏ ဆောင်းပါးအများစုမှာ လူငယ်မျိုးဆက်သစ်များကိုသာ ဦးတည်ပြီး ရေးလေ့ရှိရာ၊ ဆောင်းပါးအစတွင် ကြိုတင်နိဒါန်းခံ တောင်းပန်ပြီး ရေးလေ့ရှိသည့်အတိုင်း 'မင်း-ငါ' ဟုသာ ခေါ်ပြောပြီးရေးလေ့ရှိပါသည်။ ယခုဆောင်းပါးတွင်မူ စိန်ရတုမဂ္ဂဇင်း ဖြစ်သောကြောင့်လား မပြောတတ်။ ၎င်း၏ထောင်တွင်း အတွေ့အကြုံတချို့ကို အခန့်ရေးဟန်ဖြင့် လူကြီးချင်းစကားပြောသကဲ့သို့ ရေးသားထားပါသည်။

ဆောင်းပါး၏ အဓိကအချက်မှာ ၎င်း၏ဘဝဝယ် လမ်းညွှန်ဆရာတစ်ဦးသဖွယ် ဖြစ်ခဲ့သော သခင်ကျော်စိန်၏ အင်္ဂလိပ်စာသင်ကြားပေးမှုမှစကာ English Digest ကို ဖတ်နိုင်သည်ထိ ကျွမ်းကျင်မှုရခဲ့ကြောင်းနှင့် ထောင်ကျဖက် လက်ထောက်ခရိုင်ရဲဝန်ဦးဘအေးကပင် ထောင်တစ်ခုလုံးမှာ အမြတ်ထွက်ဆုံးသူပဲဟု အသိအမှတ်ပြုကြောင်း ဖြစ်ပါသည်။ ကံဆိုးမိုးမှောင်ကျ၍ ထောင်ကျခဲ့ရသော်လည်း အင်္ဂလိပ်စာတတ်ကျွမ်းအောင် သင်ယူနိုင်ခဲ့သောကြောင့် 'ကံဆိုး' သော်လည်း 'မိုးမမှောင်' အောင် အားထုတ်နိုင်ခဲ့ကြောင်း ဘဝခရီးသည်ခြင်း ဘာအတွေ့အကြုံကို မျှဝေထားခြင်းပင် ဖြစ်ပါသည်။



ဤဆောင်းပါးကို ဖတ်မိပြီးနောက် မိမိဘဝတွင်လည်း 'မိုးမှောင်' ကျခဲ့ရသောကာလများ ရှိခဲ့ရာ။ ပြန်လည်တွေးတောမိရာမှ 'တောင်တွင်း-အောင်သင်း' ဟု ကလောင်တစ်စင်းဖြစ်ခဲ့ရသော ဆရာ့အကြောင်းကို၊ ဆင်ခေါင်းခွေးချီရာ ကျမလားမသိ၊ မိမိနှင့်သမျှ တွေးမိလိုက်ခြင်း ဖြစ်ပါသည်။

အရေးကောင်းသောဆရာ့ကို အရေးကြောင့် နာမည်ကြီးသည်ထက် အပြောအဟောကောင်းခြင်းကြောင့် ပို၍ နာမည်ကြီးရသည်ဟုသာ မိမိက ရိုးသားစွာ ထင်မြင်မိပါသည်။ ကျောင်းဆရာဘဝတွင်လည်း ဆရာ၏ အဟောအပြောကောင်းမှုကြောင့် မြန်မာစာကို မြန်မာက လေးစားတန်ဖိုးထားပြီး ချစ်တတ်လာအောင် နှိုးဆွပေးနိုင်ခဲ့ပါသည်။ ဆရာချင်းပင် အားကျ မနာလိုခြင်း ဖြစ်မိရလောက်အောင် ဆရာ၏ မြန်မာစာသင်ကြားမှုများမှာ အောင်မြင်မှု ရရှိခဲ့ပါသည်။ ၁၉၇၂-ခုနှစ်က ရန်ကုန်စက်မှုတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခွင့်ရခဲ့သော မိမိတို့အဖို့၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (RASU) အတွင်းမှ ဆရာ၏ မြန်မာစာသင်ကြားမှု ဂုဏ်သတင်းသည် ကျန်တက္ကသိုလ်အားလုံးသို့တိုင် ပျံ့လွင့်မှုရှိခဲ့သည်ကို ယနေ့တိုင် နွေးထွေးစွာ မှတ်မိနေဆဲ ဖြစ်ပါသည်။

ဆရာ၏ တစ်မူထူးခြားစွာ စေ့စေ့စပ်စပ် မြင်တတ်သော အမြင်များဖြင့် ဝေဖန်မှုများကြောင့်လည်း၊ စာပေဝေဖန်ရေး

နယ်ပယ်တွင် 'စာပေလူကြမ်းမင်းသား'ဟု တစ်ချိန်သောအခါက နာမည်တွင်ခဲ့ရသူ ဖြစ်ပါသည်။ စာရေးလိုသူ မျိုးဆက်သစ်များ အတွက်လည်း သဘင်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဆရာ၏ အကြိုက်ဆုံးဝတ္ထုတို ဝေဖန်ရေးဆောင်းပါးများသည် အားဆေး ပမာ ဖြစ်ခဲ့ရဖူးပါသည်။

ဆရာ၏ စာစီစာကုံး တွေးနည်းရေးနည်း စာအုပ်သည်လည်း အကြိမ်ပေါင်းများစွာ ရိုက်ခဲ့ရပြီး၊ မြန်မာစာဂုဏ်ထူးရှင်ပေါင်း များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ဘာသာစုံ ဂုဏ်ထူးရှင်များ အတွက် အားထားရာဖြစ်ခဲ့ရသလို၊ စာစီစာကုံးရေးရမှာ ကြောက် သူများအတွက်လည်း ရဲဆေးပမာ အားထားရာဖြစ်ခဲ့ရပါသည်။

သို့သော် မိမိအနေဖြင့်မူ 'တောင်တွင်း-အောင်သင်း'ဟု မြန်မာပြည် တစ်နံတစ်လျား ထင်ပေါ်ကျော်ကြားစေသော အဓိက အချက်မှာ စာပေဟောပြောပွဲများကြောင့်ဟုသာ ယနေ့တိုင် ယုံ ကြည်နေဆဲ ဖြစ်ပါသည်။

မှတ်ဉာဏ်ကောင်းသလို၊ ဆေးစက်ကျရာ အရုပ်ထင်သူ အလား နှုတ်ထွက်စကားတိုင်းကို အနှစ်အဓိပ္ပာယ်အပြည့်အဝဖြင့် ပြောတတ်သည်မှာ ဆရာ၏ ပင်ကိုယ်စွမ်းရည်ဟုသာ ဆိုရပါ လိမ့်မည်။

ဆရာ့ကို တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ကွက်တွင် အဖ သခင်ညီမောင်နှင့် အမိ ဒေါ်ရွှေကြင်တို့မှ ၁၉၂၇ ခု ဧပြီလ



(၁၇) ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ သားသမီး ၃ ယောက် တွင် ဆရာသည် အကြီးဆုံး ဖြစ်ပါသည်။

ဆရာ့ကို နေ့စေ့လစေ့ရှိချိန်တွင် ဒေါ်ရွှေကြင်မှာ ကျောက် ကြီးရောဂါ ဖြစ်ပွားခဲ့ရပါသည်။ လူအတော်များပင် ပျက်စီး ခဲ့ပါသည်။ ယနေ့ခေတ် လူငယ်များမှာ AIDS ကို သိကြမည်ဖြစ် သော်လည်း၊ ထိုခေတ် ထိုအခါက ကပ်ရောဂါဖြစ်သော ကျောက် ကြီးရောဂါကို သိကြလိမ့်မည် မဟုတ်ပါ။

ကံကောင်းထောက်မစွာပင် ဒေါ်ရွှေကြင်မှာ သက်သာခဲ့ပြီး ရေချိုး၍ ၄ ရက်အပြည့်၌ ဆရာ့ကို မွေးဖွားခဲ့ပါသည်။

ကျောက်ခိုးသင့်၍ ဖြူနေသော ဆရာ့မျက်လုံးကို ဖခင်ဖြစ်သူ က လျှာနှင့် လျက်ပေးခဲ့ရရာ ၃ ရက်လောက်ရှိမှ မျက်နက်ဝန်း ပေါ်သည်ဟု သိရပါသည်။ ဤသို့ဖြင့် ကျောက်ရောဂါဖြစ်ပွား သည့် ကြားမှ မွေးဖွားခဲ့ရသော ဆရာမှာ မြန်မာတို့ ထုံးစံအတိုင်း ပင် အခေါ်ရအမှတ်ရလွယ်စွာ 'ကျောက်ကြား'ဟု အမည်တွင် ခဲ့ရပါသည်။

နောင် ဒုတိယတန်းရောက်မှသာ ဘယာကြော်ကျွေးပြီး 'အောင်သင်း'ဟု ပြောင်းခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တောင်ပြင်ရပ်ကွက်၌ ဆရာကြီး ဦးသာဒွန်း၏ ကျောင်းဟူ၍ အထင်ကရ ရှိခဲ့ဖူးပါသည်။ မောင်ကျောက်ကြား သည် အိမ်နီးနားချင်းလည်း ဖြစ်သော ထိုဆရာကြီး ဦးသာဒွန်း၏

ကျောင်း၌ မူလတန်းပညာကို သင်ကြားခဲ့ရပါသည်။ ထိုဆရာကြီး၏ အကြီးဆုံးသားဖြစ်သူမှာ ကိုမြသော် ဆိုသူဖြစ်ပြီး၊ ကောလိပ်ကျောင်းသားလည်း ဖြစ်ပါသည်။ တစ်မြို့လုံးတွင် ကောလိပ်ကျောင်းသား ၂ ယောက် ၃ ယောက်ခန့်သာ ရှိသောခေတ်ဖြစ်၍ တချို့မှာ ကောလိပ်ကျောင်းသားဆိုသူကို မြင်ဖူးအောင် ကိုမြသော်ကို ချောင်း၍ပင် ကြည့်ကြသည်ဟု ဆိုကြပါသည်။ ၄င်းသည် နွေရာသီကျောင်းပိတ်ရက်တွင် အိမ်ကို ပြန်လာလေ့ရှိရာ နေ့လယ်နေ့ခင်း၌ မီးဖိုချောင်အတွင်းဝယ် သူငယ်ချင်းများနှင့် ရေနွေးသောက်ပြီး ၄င်း၏ အတွေ့အကြုံများကို ပြောပြလေ့ရှိပါသည်။

ထိုအခါတိုင်း မောင်ကျောက်ကြားသည် ရေနွေးအိုး မီးထိုးခြင်း၊ ဆေးလိပ်မီးညှိပေးရခြင်း စသည့် တောက်တိုမယ်ရများကို လုပ်ပေးရလေ့ ရှိပါသည်။ တစ်နေ့တွင်မူ ကိုမြသော်က ဗန်းမော်ဆရာတော်၏ ကဗျာများအကြောင်းကို ပြောပြနေရာ အားလုံးမှာ တစ်အုံးအုံးနှင့် ပွဲကျနေကြပါတော့သည်။ ထိုအခိုက် မောင်ကျောက်ကြားလေးမှာ အိမ်သို့ပြန်ပြီး ခဲတံနှင့် စာရွက်ကိုယူကာ ကိုမြသော်အား ကဗျာကို ပြန်၍ ရွတ်ပြခိုင်းခဲ့ရာ၊ ကိုမြသော်က ပြုံးပြီး တစ်လေးတစ်စားပင် ပြန်ပြီး ရွတ်ပြခဲ့သည်ဟု ဆိုပါသည်။

ဤတွင် မိမိအနေဖြင့် ကိုမြသော်၏ အပြောအပြောကို သဘောကျပြီး တန်ဖိုးထား မှတ်သားတတ်သော ဆရာဦးအောင်သင်း အလောင်းအလျာ မောင်ကျောက်ကြား၏ သန္ဓေပါဗီဇအကျင့်ကို သတိပြုမိလိုက်ပါသည်။



ကိုမြသော်၏ ညီအငယ်ဆုံးဖြစ်သူ ကိုကျော်ဖေယျ (နောင်တွင် အထက ၁-ရုံးစာရေးကြီး)မှာ မောင်ကျောက်ကြားနှင့် ကစားဖက်သူငယ်ချင်းဖြစ်ရာ ကိုမြသော်၏ စာအုပ်စင်မှ စာအုပ်များကို မောင်ကျောက်ကြားလေး ဖတ်ခဲ့ရပါသည်။ မြန်မာစာပေသမိုင်းစာအုပ်မှာ တက္ကသိုလ်တွင် မြန်မာစာအဓိကယူသူများ လေ့လာရသော စာအုပ်ပင် ဖြစ်ပါသည်။

တစ်ခါတစ်ရံ၌ ကိုမြသော်၏ အိပ်ရာပေါ်၌ ပေပေရေရေနှင့် တက်ပြီး မိန့်မိန့်ကြီး စာဖတ်နေတတ်သော မောင်ကျောက်ကြားကို ကိုမြသော်မှာ စိတ်ဆိုးမည်ဝေးစွ၊ ဖတ်ရမည့်စာအုပ်များကိုပင် ညွှန်ပြသွားသေးသည်ဟု ဆိုပါသည်။

တစ်ခါတွင်မူ ၄င်းအလွန်ကြောက်ရသော ဆရာကြီးသာဒွန်း၏ ကုလားထိုင်၌ထိုင်ပြီး ဆရာကြီး၏ စာအုပ်စင်မှ စာအုပ်များကို ယူဖတ်နေခိုက် အိမ်ပေါ်တက်လာသော ဆရာကြီးနှင့်တွေ့ရာ မောင်ကျောက်ကြားမှာ အလွန်ကြောက်ရွံ့သွားရသော်လည်း ဆရာကြီးက စိတ်မဆိုးပဲ "အောင်သင်းလား ဖတ်... ဖတ်" ဟု ပြောကာ ပြန်ဆင်းသွားခဲ့သည်ဟု ဆိုပါသည်။

ဗီဇကောင်းခဲ့သော ဦးအောင်သင်းအတွက် ကံကောင်းခဲ့သော ပတ်ဝန်းကျင်ကောင်းဟုသာ ဆိုရပါလိမ့်မည်။

လူငယ်သော်လည်း ဦးနှောက်ကြီးနေပြီဖြစ်သည့် တောင်တွင်း အောင်သင်း အလောင်းအလျာ မောင်ကျောက်ကြားပင် ဖြစ်ပါသည်။

ထိုအချိန်က တောင်ပြင်ရပ်ကွက်တွင် အရှေ့ပိုင်း ဆွမ်းချက်ရုံ တောင်ဘက်၌ ဇီးဖြူပင်နှစ်ပင်ရှိရာ နှစ်ပင်ကြားသွယ်ထားသော နွယ်ကြိုးပေါ်တွင် မောင်ကျောက်ကြားက ထိုင်ပြီး ကစားဖော် ကျွန်ကလေးများအား ၎င်းဖတ်ရှုသိရှိထားသမျှကို ကွက်စိပ်ဆရာ သဖွယ် အသံနေအသံထား ဟန်ပန်အပြည့်ဖြင့် ပြန်ပြောပြနေရာ အားလုံးကပင် သဘောကျစွာ ဝိုင်းဝန်းနားထောင်ကြပြီး ဦးသာ ဒွန်းဇံ၏ ကျောင်းက ကျောင်းတက်သံကြားရမှသာ လူစုခွဲကြပြီး ကျောင်းတက်ကြသည်ဟု သိမှီသူ ဦးတင်ရှိန်က ပြောပြပါသည်။

ဆွမ်းချက်ရုံရှေ့က တံတားပေါ်တွင်လည်း ညအခါများတွင် ထိုင်လျက် ဇာတ်ကွက်ဇာတ်လမ်းများကို ဤသို့ပင် ပြောပြတတ် သည်ဟု ပြောကြပါသည်။

ဘုန်းကြီးကျောင်းသားဘဝတွင်လည်း မောင်အောင်သင်းကို ပိုက်ဆံစုပေး၍ ငါးမူးတန်းမှ ရုပ်ရှင်သွားကြည့်ခိုင်းပြီး ၎င်းက ပြန်ပြောပြသည်ကို ကျွန်လူများက သဘောကျ နှစ်ခြိုက်စွာ နားထောင်ကြသည်ဟုလည်း ပြောကြပါသည်။

ထိုအချိန်က တောင်တွင်းကြီးဈေးအတွင်း၌ ပမညတဖြစ်သူ ဦးအောင်တင့်က ဆံပင်ညှပ်ဆိုင်ဖွင့်ထားရာ ၎င်း၏ဆိုင်တွင် စာအုပ်များကိုလည်း ငှားရမ်းပေးပါသည်။ ဦးအောင်သင်းက ၎င်း ဖတ်ရှုပြီးသော 'ချစ်သုံးလီ' ဆိုသည့်ဝတ္ထုကို၊ ပြန်ပြောပြရာ ကောင်းလွန်းလှသဖြင့် ငှားဖတ်ကြရာ ဖတ်သူများမှာ 'အောင်သင်း



ပြန်ပြောပြသလောက် မကောင်းပါဘူးကွာ' ဟု ပြောကြကြောင်း၊ ဆရာနှင့်ငယ်ပေါင်းဖြစ်သူ ဦးတင်ရှိန်က အမှတ်တရပြန်ပြောပါ သည်။

ထိုမျှဆိုလျှင်ပင် ငယ်စဉ်ကတည်းက အဖတ်အရှု အလေ့ အလာကောင်းပြီး အပြောပြောကောင်းသော ဆရာဦးအောင်သင်း ၏ ဗီဇကို တွက်ဆ၍ ရနေပြီ ဖြစ်ပါသည်။

ဤဦးအောင်သင်းသည် ဇဝနဉာဏ်ရွှင်ပြီး အစအနောက် အရွှတ်အပြောင်သန်သူ တစ်ယောက်ဖြစ်ကြောင်းကိုလည်း တွေ့ရ ပါသေးသည်။ ကျောင်းနေဖက်ကလေးသူငယ်များအား ခဲတံကို ကျောက်တံတိုများကို ပြကာ ပေးမည်ဟုပြောပြီး ဝါးလုံးတိုကို ပခုံးတွင် ထမ်း၍ တိုင်ကို ဆီဆုံပတ်သကဲ့သို့ ပတ်စေပြီး မူးအောင် လုပ်ခြင်းဖြင့်လည်းကောင်း၊ မှန်ပေါ်တွင် ချထားသော ဆန်စေ့ များကို မျက်လုံးပိတ်ပြီး ရအောင်ကောက်နိုင်သလားဟု မေးကာ အိုးမဲသုတ်ထားသောလက် လက်ဖြင့် ၎င်းတို့၏ မျက်လုံးကို ပိတ်ကာ၍ ဆန်စေ့များကို စမ်းကောက်စေပြီး မျက်လုံးဖွင့်၍ မှန်ကို ကြည့်မိသောအခါမှ ညာ၍ အိုးမဲအသုတ်ခံရကြောင်း သိကာ ရယ်မောပျော်ရွှင်စေရန် လုပ်၍လည်းကောင်း ပြောင်တတ် နောက်တတ်သူတစ်ဦးလည်း ဖြစ်ပါသည်။

သံချပ်အစပ်ကောင်းသူတစ်ဦးလည်း ဖြစ်ပြီး ရပ်ကွက် ပေါင်းစုံမှ ပြိုင်ပွဲဝင်ရန်အတွက် လာရောက်စပ်ခိုင်းသော သံချပ်

များကို ကြိုတင်၍ စပ်မထားဘဲ လက်တန်းထိုးစပ်ပေးသူတစ်ဦး ဖြစ်ပါသည်။

ပတ်ဝန်းကျင်ကောင်းဖြစ်သော ကိုမြသော်၏ ပုံပိုးမှုမှာ ဆရာ့အတွက် အထောက်အပံ့ကောင်း တစ်ခုအဖြစ် တွေ့ရပါသည်။

ဂျပန်ခေတ်အတွင်း ၁၄ နှစ်၊ ၁၅ နှစ်သားအရွယ်၌ ကိုမြသော်သည် ညစဉ်လိုပင် အိမ်အနီးကင်းတဲတွင် ဆရာ့ကို ကဗျာအကြောင်း၊ စာကြောင်းပေကြောင်းများကို ပြောလည်း ပြောပြ၊ ရွတ်လည်းရွတ်ပြသကဲ့သို့ နှုတ်တိုက်လည်း ရအောင် ချပေးသဖြင့် ဆရာ့မှာ ထိုအရွယ်ငယ်စဉ်ကပင် 'ရှင်မဟာသီလဝံသ၏ မေတ္တာစာရတုများ'၊ 'ပျို့များ'ကို ဆရာတက္ကသိုလ်ရောက်သည်ထိတိုင် မမေ့တော့ဘဲ အထောက်အကူ ဖြစ်ခဲ့ရကြောင်း ဆရာကိုယ်တိုင် ရေးသားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ဆရာ၏ဘဝတွင် တောင်တွင်း၌ အင်္ဂလိပ်စာသင်ပေးပြီး၊ အပြင်တွင် လမ်းကြောင်းမှန်အောင် တည့်မတ်ပေးခဲ့သော သခင်ကျော်စိန်သည်လည်းကောင်း၊ နိုင်ငံရေးသမားဘဝတွင် သရက်မြို့မှ 'ပညာမြှင့်တင်ရေးအဖွဲ့' (Education Uplift Association-E-U-A) ၏ စာကြည့်ပိဋကတ်တိုက်သည်လည်းကောင်း၊ လူပျိုအရွယ်တွင် မောင်းတိုင်ရပ်ကွက်မှ 'ဗလစာကြည့်သင်း'သည်လည်းကောင်း၊ ဆရာ့ကို တက္ကသိုလ်မှ B.Litt and E.Litt နှစ်ဘာသာတွဲကို တစ်ယောက်တည်း ဘွဲ့ရသူ



ဖြစ်အောင် စွမ်းဆောင်ရာတွင် အဓိက အထောက်အကူဖြစ်စေခဲ့သလို၊ ကိုမြသော် (အန်ကယ်သော်)သည်ကား မူလကပင် 'ဓ' အခံကောင်းခဲ့သော မောင်ကျောက်ကြားလေးအား နိုင်ငံကျော် အဟောအပြောကောင်းသူ မျိုးဆက်သစ် တိုးတက်ရစ်အောင် စွမ်းဆောင်ခဲ့သူ တောင်တွင်း-အောင်သင်းအဖြစ် မွေးဖွားပေးရာတွင် အဓိကကျသော ပင်မပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

ဤအချက်ကို ဆရာကိုယ်တိုင်က 'ငါ့မှာ စာချစ်ပေချစ်စိတ် ပေါ်လာခဲ့တာ ကိုမြသော်ရဲ့ ပယောဂ၊ ကိုမြသော်တို့ စာပေပတ်ဝန်းကျင်ရဲ့ ပယောဂ အများကြီးပါတယ် ဆိုတာ ပုံသေပြောနိုင်ပါတယ်' ဟု ရေးသားဖော်ပြခဲ့ပါသည်။

၄င်း ကိုမြသော်သည် အလုပ်မှ အငြိမ်းစားယူပြီး ကျိုင်းတုံမြို့၌ အခြေချနေထိုင်ရာ၊ အန်ကယ်သော်ဟု အသိများကြပါသည်။

၁၉၈၄ ခုနှစ်က ကျိုင်းတုံမြို့ စာပေဟောပြောပွဲတွင် ဆရာဟောပြောခဲ့ရာ ကိုမြသော် (အန်ကယ်သော်)သည် ကုလားထိုင်ပေါ်ကနေ ရှေ့သို့ ထိုးကျလာခမန်း စိတ်ဝင်တစား နားထောင်နေပြီး ဆရာစင်ပေါ်က ဆင်းလာသောအခါ ဆရာ့ဆီလာ၍ 'အောင်သင်း မင်းသိပ်ကောင်းတယ်ကွာ'ဟု ဝမ်းသာအယ်လဲ ချီးကျူးလိုက်သည့်အခါ ဆရာ့မှာ 'ငါ့မှာ ကျသွားတော့မလို ဖြစ်သွားတဲ့ မျက်ရည်ကို မနည်း ရှုံ့ထားလိုက်ရပါတယ်''ဟု

ဆရာကိုယ်တိုင်ရေး၍ ပြောပြခဲ့ပါသည်။ ဖတ်ရသူ မိမိတို့ကိုယ်တိုင်ပင် ဆရာတပည့်နှစ်ယောက်၏ ပီတိကို ကူးစက်ခံစားရပြီး သာစုမျက်ရည်အမှန်ပင် လည်ခဲ့ရပါသည်။

တောင်ပြင်သားဖြစ်သော စာရေးသူမှာ တောင်ပြင်သား ဆရာအောင်သင်းကို အားအကျကြီး ကျခဲ့ရပါသော်လည်း ကိုယ့်ကိုယ်ကိုယ်ကား အားရအောင် တည်ဆောက်နိုင်ခြင်း ယနေ့တိုင်အောင် မရှိသေးပါ။ လူကြီးငယ်တစ်ယောက်၏ အရွယ်သို့ ရောက်နေပြီဖြစ်သည့်တိုင် ဆရာ့စကားများကို ကြားရ ဆရာ့စာများကို ဖတ်ရသည့်အခါတိုင်း၊ ကိုယ့်ကိုယ်ကိုယ် လူငယ်ကြီးတစ်ယောက်ဟုသာ မြင်မိပြီး ဆရာ၏ လမ်းညွှန်ဆုံးမ ဩဝါဒများကို နာခံ၍ ကောင်းနေဆဲ ဖြစ်ပါသည်။

ဆရာ၏အသံနှင့် ဆရာ၏ဟန်ကို ကိုယ်တိုင်လည်း ကြားချင်မြင်ချင်သေးသကဲ့သို့ နောင်မျိုးဆက်သစ်များကိုလည်း ကြားစေလို၊ မြင်စေလိုလှပါသေးသည်။ ယခုတော့ မိမိကိုယ်တိုင်ပင် ဤဆန္ဒကို မဖြည့်စွမ်းနိုင်သည်မှာ ဆယ်စုနှစ်တစ်စုခွဲနီးပါး ရှိနေခဲ့ပါပြီ။

တောင်တွင်းဂုဏ်ကို တင့်စေခဲ့သော ပေလေးပင် ရှင်လေးပါးစာဆိုတို့ကဲ့သို့လည်းကောင်း၊ ပေတစ်ပင် ရှင်တစ်ပါးဖြစ်သည့် မကာရလောပအကျော် ဆရာတော်ခင်ကြီးဖျော်တို့ကဲ့သို့ လည်းကောင်း ဆရာသည်လည်း မိမိကိုယ်မိမိ 'ပေတစ်ဆူ လူတစ်



ယောက်' ဖြစ်ရမည်ဟု ရည်မှန်းချက် ထားခဲ့သူ တစ်ဦး ဖြစ်ပါသည်။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်သည်ဟု အပြောမခံချင်လို့ပါ။ သေချာသည်ကတော့ ယော်နှာမည် ကျော်ကြား ခေါ် တောင်တွင်း အောင်သင်း ဆိုသည့် တောင်တွင်းကြီးသား တောင်ပြင်သား ဆရာသည် ပေစေ့ပေါင်းများစွာကို ကြဲပက်ပြီးခဲ့ပြီဟုကား မိမိ အသေအချာ ပြောရဲပါတော့သတည်း။

မြင့်ဦး (ပြည့်မော်ကွန်း)

## အသံဖြင့် သရုပ်ဆောင်သူ

ဆရာဦးအောင်သင်း၏ အကြောင်းအရာများကို စာမူများ ဖိတ်ခေါ်ခြင်း ဆိုတဲ့ ဗီနိုင်းဆိုင်းဘုတ်ကို လမ်းဆုံမှာ ချိတ်လျက် တွေ့ရတော့ ကျွန်တော် တော်တော် ရေးချင်မိပါသည်။ သို့သော် ကျွန်တော့်အတွက် ကျွန်တော့်ဘဝနှင့် ဆရာ့အကြောင်းကို ဆောင်းပါး ရေးဖို့ရာမှာ မလွယ်ကူလှပါ။ အကြောင်းမှာ ကျွန်တော်ဟာ အိမ်ထောင်ကျပြီးမှ တောင်တွင်းကြီးမြို့ကို ပြောင်းလာရသော ကြောင့်လည်း တစ်ကြောင်းပါဝင်ပါသည်။

တကယ်တမ်း ချရေးကြည့်မယ်ဆိုတော့၊ ကျွန်တော် ဖတ်ဖူးတဲ့ ယောအတွင်းဝန်ဦးဘိုးလှိုင်နှင့် မြင်းထိန်းငတာတို့ အဖြစ်မျိုးသာ ဖြစ်နိုင်ချေများပါသည်။

သို့သော်လည်း ဆရာလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သူ ဆရာ့ရွှေအိမ်ကို (တောင်တွင်း)ရဲ့ အားပေးစကားကြောင့်သာ ရေးလိုက်ရပေမယ်လို့ အမှားများရှိခဲ့သည်ရှိသော် မျက်မမြင်



သောက်တဲ့ရေ သူ့ကိုယ်သူတော့ အကြည်ဆုံးဖြစ်မှာပေါ့ဆိုတဲ့ စကားလို နားလည်ခွင့်လွှတ်ဖို့ တောင်းပန်ရင်း ကျွန်တော့် ဆောင်းပါးကို စတင်ရေးပါရစေ။

ခေတ်ကာလအလျှောက် သူ့ခေတ်နှင့်သူ အနုပညာ အကျော်အမော်များ ရှိခဲ့ဖူးပါသည်။ အပြောမှာ ကိုဖုးညို၊ အပမှာ မဆင်စိုး၊ ကိန္နရီမထွေးလေး၊ တေးထပ်မှာ မယင်းတော်၊ ယောကျ်ားမင်းသမီး အောင်ဗလ၊ သံချိုဦးကျော်လှ၊ ရာမ ဦးအုန်းမောင်၊ သီတာ ဒေါ်ခင်ထွေးတို့လို့ မှတ်သားခဲ့ရဖူးပါသည်။ သို့သော် ယခုခေတ်မှာတော့ အပြောမှာ ကိုဖုးညိုအစား အပြောမှာ တောင်တွင်း အောင်သင်းလို့ ကျွန်တော် တင်စားပါရစေ။

အကြောင်းမှာ စိတ္တသုခလူမှုကူညီရေးအသင်းအတွက် ဆရာ ပြောခဲ့သော စကားတစ်ခွန်းမှာ 'နိမ့်ကျသည်ဟု ထင်ရသော အလုပ်မှန်သမျှကို မြင့်မြတ်သော နှလုံးသားရှိသူတို့သာလျှင် လုပ်နိုင်ကြ၏' ဆိုတဲ့ စာတန်းလေးအပါအဝင် 'လူငယ်တွေ အချိန်မရွေး သေနိုင်သည်၊ လူကြီးတွေကတော့ သေကို သေရမည်'။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ဆိုတဲ့ ဆရာ့စကားနှင့်အတူ ဆရာ့ စာအုပ်ကို ဖတ်ရင်း နံနက် မိုးလင်းတော့ ကျွန်တော် မြို့ထဲကို လက်ဖက်ရည်သောက် ထွက်လာခဲ့ပါသည်။ လူငယ်တွေဆိုတဲ့ မျိုးဆက်သစ်တို့ တိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကြိုးစားခြင်းလား၊ လုံးဝ မဟုတ်ရပေါင်ခင်ဗျာ။ အကြောင်းမှာ ကိုးရီးယား

နှင့် ဂျပန်နိုင်ငံမှာ ပူးတွဲကျင်းပနေတဲ့ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲမှာ ဘရာဇီးနှင့် အင်္ဂလန်ပွဲ ယနေ့ည ရှုံးထွက်ကစားရမှာ ဖြစ်တဲ့အတွက် လေ့လာခြင်းပါ။

ကျွန်တော် လက်ဖက်ရည်တစ်ခွက် မှာသောက်ရင်းထိုင်မိတော့ ကန်လိုက်တဲ့ဘောလုံးတော့ ပြောမဆုံးပေါင် အကြွေးသုံးထောင် ဆိုတဲ့လူတွေ ထိပ်ဆုံးကပါ၊ ငြင်းခုံကြသပေါ့ဗျာ။ ဒီအချိန်မှာပဲ ဆိုင်တွင်းကို ကိုရင်လေးနှစ်ပါး ဆွမ်းခံကြွလာတော့ စားပွဲထိုးကလေးက လှမ်းပြောလိုက်တဲ့အသံက ကိုယ်တော် ဒီဆိုင်က မခလာပဲတဲ့။ ကျွန်တော့်ရင်ထဲမှာ အသားဆတ်ဆတ်တုန်အောင် စိတ်မချမ်းမြေ့ခြင်းများစွာ ဖြစ်မိရင်း လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ထဲက ထွက်လာခဲ့ပါတယ်။

အပြင်ရောက်တော့ မမျှော်လင့်ဘဲ တခြား လက်ဖက်ရည်ဆိုင်ထဲမှ ကျွန်တော့်မိတ်ဆွေတစ်ဦးက လက်ခုပ်တီးရင်း နာမည်ပါခေါ်ပြီး လှမ်းခေါ်တော့ အပေါင်းအသင်း မိတ်ဆွေအရ ကျွန်တော် ထိုဆိုင်ထဲသို့ ဝင်ထိုင်မိပါတယ်။ ဆိုင်အတွင်းမှာ အေးဆေးစွာ စီးကရက်သောက်ရင်း စကားလက်ဆုံကျမိတဲ့အချိန်မှာပဲ စားပွဲထိုးလေး လှမ်းပြောလိုက်တဲ့အသံက ‘ကိုယ်တော်ရေ အနီကဒ်’ တဲ့။ ဒါပေမယ်လို့ ဆိုင်ရှင်ကျွန်တော့်သူငယ်ချင်းက ကျွန်တော်တို့ ရှေ့တင်ကြီးဆိုတော့ အားနာမှုတစ်ဝက်၊ ရှက်စိတ်တစ်ဝက်ကြောင့်လား ကျွန်တော် မပြောတတ်ပါ။ အသက် ဆယ်



နှစ်အောက် ကိုရင်ငယ်နှစ်ပါးကို ဆိုင်ရှင်ကိုယ်တိုင်ထွက် လောင်းလှူလိုက်တာက ရွှေဥဒေါင်း ဖက်ကြမ်းဆေးလိပ် တစ်ပါးတစ်လိပ်စီသာလျှင် ဖြစ်ပါသည်။

ကျွန်တော့်ကို ကျွန်တော်လည်း ဆိုင်မှ အထွက်သုံးသပ်မိပါသည်။ ဪ... ငါနှယ် ခရုသင်းစွဲရတဲ့အထဲ ထုံးအိုးထဲမှ လဲမိလေခြင်း ဆိုသလိုပါပဲ။

အိမ်ပြန်ရောက်ရောက်ခြင်း ကျွန်တော်တွေးမိတော့ လောကအလင်းစာကြည့်တိုက်ရဲ့ ကျေးဇူးကြောင့် ကျွန်တော်ဖတ်ဖူးတဲ့ ဘုရားရှင်လက်ထက်တော် ကန်တော့ဆွမ်းပါဘုရား ဆိုတဲ့ ပါဠိစာသားလေးက... ။ ‘အတိစ္ဆထဘန္တေ’ ကန်တော့ဆွမ်းပါဘုရားတဲ့၊ ဆွမ်းခံရဟန်းတော်မှ မကြားမိ၍ ဆွမ်းခံရင်း ဆက်ရပ်နေခဲ့ပါလျှင် ‘ပူရတောဂစ္ဆ’ ရှေ့အိမ်သို့သာ ဆွမ်းအလှူခံကြွတော်မူပါဘုရား ဆိုတဲ့ ပါဠိစာသားလေး အထပ်ထပ်အခါခါ ဖတ်မိတော့ ဆရာပြုပြင်စေချင်တဲ့ အချို့လူငယ်တွေ၊ ဆရာ့စာပေ အချို့မဖတ်ရ၊ ဆရာ့စာပေဟောပြောပွဲဆိုတာ ဘာမှန်းမသိလေတော့ ထင်းထိုးပေးတတ်ရုံနှင့် ဟင်းအိုးအကြောင်းနားမလည်၊ မသိရှာကြတဲ့ လမ်းပေါ်က အချို့လူငယ်တွေကို တွေ့ရတော့၊ ‘လောကပါလ’ စာကြည့်တိုက်ဖွင့်ပွဲမှာ ဆရာဦးအောင်သင်း ဆိုပြသွားတဲ့ သီချင်းလေး တစ်ပုဒ်သာ အမှတ်ရနေမိပါသည်။ ဆရာ ဆိုပြသွားတဲ့ သီချင်းလေးတစ်ပုဒ်က... ။

"ဗမာပြည်ကြီးမှာ အဆင့်အတန်းနှလို့ ညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေတာ××× သေချာစွာ စဉ်းစားလိုက်ရင် ပညာအခြေခံနည်းလို့သာ××× ပါတီတွေ ကွဲပြားအလွဲလွဲ အမှားမှား ဖြစ်ပေါ်နေတာ××× ပညာ××× ပညာ××× ပညာမရှိ လို့စိတ်နေမမြင့်ကြတာ။

ဝမ်းနည်းစရာအခုခေတ်ကြီးမှာ××× တွေ့နေရတာ××× ကလေးသူငယ်များမှာ ဘတ်(စ်)ကား စပါယ်ယာ××× သတင်းစာ ရောက်သီးဆေးပြား၊ ရေခဲချောင်းနဲ့၊ မြေပဲလှော်ပါ××× တကြော်ကြော်အော်ကာ ရောင်းနေရရှာ××× ရသမျှ အမြတ်ကလေးများနဲ့××× ရောင့်ရဲတင်းတိမ်ပျော်ရွှင်ကာ၊ ပညာ××× ပညာ××× ပညာမရှိလို့ ခုလိုဖြစ်ရတာ။"

စသည့် သီချင်းများကို ဆရာဦးအောင်သင်းဟာ များစွာလေ့လာမိသလို ကျွန်တော်တို့မြို့ တောင်ပြင်ရပ်ကွက်အတွင်းမှာ တည်ရှိတဲ့၊ ဒက္ခိဏာရာမကျောင်း ဆရာတော်ဘုရားကြီးက သူ ပျံလွန်တော်မူခဲ့လျှင် တပည့်သာဝကတွေကို ကိစ္စမများရလေအောင် အထူးသဖြင့် ဘုန်းကြီးသေ ရွာကျေဆိုသလို မဖြစ်ရလေအောင် ပျံလွန်တော်မမူခင်ကတည်းက ကျောင်းရဲ့အနောက်ဘက်အပေါက် တောင်ဘက်မှာ ထီးရိုးဝါးရုံပင်ကို တွေ့မိတော့…။

ဆရာတော်ကြီးကိုလည်း ကြည်ညိုမိ၊ ဆရာအောင်သင်းကိုလည်း ဆရာဟာ နိုက်နိုက်ချွတ်ချွတ် လေ့လာခဲ့ပါလားဆိုတာ



အမြဲတမ်းလေးစားမိပါသည်။ ကိုယ်တိုင် ထီးရိုးဝါးရုံပင် စိုက်ပြီး ဆရာတော်ကြီး ရေးခဲ့တဲ့ ကဗျာမှာ…။

ဝိညာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊ ချက်ချင်းခေါင်းထဲထည့်
ခုတင်မှာပြောင်၊ အထည်ရှောင်၊ လှအောင်မဆင်နဲ့။
ထီးရိုးဝါးခုတ်၊ ဆိုင်းပေါင်းထုပ်၊ သုတ်သုတ်ထမ်းစေကွဲ့၊
မီးပုံသို့သွင်း၊ တစ်နေ့ချင်း၊ လက်ငင်းမီးရှို့ကွဲ့။
တစ်ပါးနှစ်ပါး၊ သံဃာများ၊ တတ်အားသလောက်နဲ့၊
မင်းကျောင်း၊ မိုးကောင်း၊ စမ်းဖျားပေါင်း၊
ထပ်လောင်းမိုးထိတည့်။
မစိုးရိမ်နှင့်၊ ဗိမာန်ပင့်၊ တော်သင့်လောက်ပြီးကွဲ့၊
ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။

ဆိုတဲ့ စာများကို လေ့လာပြီး စာရေးလည်းကောင်း၊ စာကောင်းလည်းရေးတဲ့၊ လောကကို ပညာဖြင့် အလှဆင်ရင်း စာပေဟောပြောပွဲတွေမှာ အသံဖြင့်သရုပ်ဆောင်တတ်တဲ့ ပန်းခြံအတွင်း ပေါင်းပင်များစွာကြားမှ ပန်းပင်တစ်ပင်လို ထွန်းတောက်ခဲ့တဲ့၊ ဆရာကို စာပေဟောပြောပွဲတွေမှာ ဆရာအမြဲတမ်းပြောခဲ့တဲ့ စကားလေးနဲ့ပဲ ကျွန်တော့်ဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

"မိမိကိုယ်ကို မိမိ စောင့်ရှောက်ပါ"

* စာသင်ရန် အားပေးသော မိဘသည်၊ သားသမီးကို တစ်သက်တာအတွက် စောင့်ရှောက်၏။

* စာသင်ကျောင်းကို အားပေးသောရပ်ရွာသည်၊ မျိုးဆက်သစ်ကို စောင့်ရှောက်၏။
* စာကြည့်တိုက်ကို အားပေးသောရပ်ကွက်သည်၊ မိမိကိုယ်ကို စောင့်ရှောက်၏။

စသည့် စာစကားများနဲ့အတူ ဆရာဦးအောင်သင်းဟာ အသက်အရွယ် သခ်ါရသဘောအရ လူသာလျှင်သေချင်သေသွားနိုင်ပေမယ်လို့ ဘယ်တော့မှ မကွယ်လွန်နိုင်သူတစ်ဦးအဖြစ် အစဉ်ထာဝရ ဂါရဝပြုလျက်... ။

မောင်ယဉ်ဒွေး (တောင်တွင်း)

## ဆရာဦးအောင်သင်းရေးသော သီချင်းတစ်ပုဒ်

ဦးအောင်သင်းသည် တောင်တွင်းကြီးသား တစ်ဦးဖြစ်ကြောင်း အများသိကြပါသည်။ ဆရာဦးအောင်သင်း၏ အသက်ယခု (၈၅) နှစ်ထဲ ရောက်ပါပြီ။ ဆရာကို ဝေဖန်ရေးဆရာ၊ စာပေ လူကြမ်းမင်းသားဟုလည်းကောင်း၊ စာပေဟောပြောပွဲများ၏ ရုပ်မင်းသားဟုလည်းကောင်း၊ ကြာနီကန်ဆရာတော် ဦးဇဋိလကဲ့သို့ စသာပေဟောပြောပွဲ စာပေနယ်ပယ်မှာ ကက်ဆက်ခွေများ ထုတ်ဝေနိုင်ခဲ့သောကြောင့် စာပေကြာနီကန်ဟုလည်းကောင်း စာပေနယ်မှ ကင်းပွန်းတပ်ခဲ့ကြပါသည်။ မေမြို့စစ်တက္ကသိုလ်၊ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တို့တွင်လည်း ဆရာအဖြစ် အမှုထမ်းခဲ့ရသောကြောင့် ဆရာဦးအောင်သင်းဟုလည်း သိကြပါသည်။

ဆရာသည် ဤသို့ ဤဘဝဖြစ်မလာမီ တောင်တွင်းကြီးမြို့၊ မိုးထိကျောင်းဟု ခေါ်သော အ·လ·က (၂) တွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ဖူးပါသည်။ ကျောင်းဆရာဘဝက လည်း

ကောင်း၊ ကျောင်းဆရာမဖြစ်မီဘဝကလည်းကောင်း ဆရာသည် တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ကွက်ထဲ၌ နေထိုင်ခဲ့စဉ် ရပ်ကွက်တွင်းရှိ ရွှေမောဓောဘုရားပွဲတွင် ရပ်ကွက်သူ၊ ရပ်ကွက်သားများ ပါဝင်ကပြ သရုပ်ဆောင်သော ယိမ်းများ၊ ပြဇာတ်များကို စပ်ဆိုရေးသားပေးခဲ့သူ ဖြစ်ပါသည်။

တောင်တွင်းကြီးမြို့၊ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ညများတွင် ရပ်ကွက်ပေါင်းစုံမှ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပါသည်။ ထိုပွဲများ၌ ဆရာဦးအောင်သင်း ရေးစပ်ခဲ့သော သံချပ်များ၊ ယိမ်းသီချင်းများမှာ ယနေ့တိုင် ထိုကာလကို မီခဲ့သော ပုဂ္ဂိုလ်များက ဇာသသ ဆိုနိုင်၊ ပြောနိုင်ကြကို တွေ့ရှိရပါသည်။ ဆရာသည် ဟာသ ဇဝနဉာဏ်ရွှင်ပြီး သရော်စာဆန်သော သံချပ်များ၊ ယိမ်းသီချင်းများဖြင့် ထိုခေတ် ထိုကာလကို သရော်ခဲ့၊ ကလော်ခဲ့ရာ ပရိသတ်အပေါင်း၏ လက်ခုပ်တဖြောင်းဖြောင်းသံကို သိရှိရပါသည်။

ဆရာရေးသားခဲ့သော '၈၅' သီချင်းကား တောင်တွင်းကြီးမြို့ရှိ ယနေ့အသက် (၇၀) တန်းနီးပါး ပုဂ္ဂိုလ်များ ယနေ့တိုင် ဆိုပြနိုင်ဆဲ ဖြစ်ပါသည်။ သာမန်အရပ်ဇာတ်၊ အရပ်ယိမ်းသီချင်းတစ်ပုဒ်သည် ဤမျှခေတ်ကာလကြာညောင်းသော်လည်း ကြာရှည်ခံနေသည် ဆိုကတည်းက စာဖတ်သူများ စဉ်းစားချင့်ချိန်ကြည့်နိုင်လောက်ပါသည်။



ပါလီမန်ဒီမိုကရေစီခေတ် ဟုခေါ်သော ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၅၈ ကာလဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၈၅% မှာ လယ်သမားများဖြစ်ကြသည်ကို လူတိုင်း သိပါသည်။ ခေတ်အဆက်ဆက် လယ်သမားတို့၏ ဘဝကို ဆရာအောင်သင်း သိရှိနားလည်ခံစားရပြီး လယ်သမား ယိမ်း ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သီချင်းခေါင်းစဉ်ကို '၈၅%' ဟု အမည်တပ်ထားခြင်း ဖြစ်ပါလိမ့်မည်။ ပါဝင်ကပြသူများမှာ အမျိုးသားများသာဖြစ်ပြီး သဘင်ပညာသည်များ မဟုတ်ပါ။ ရပ်ကွက်ထဲမှ လူငယ်များသာဖြစ်ပြီး ဆိုင်းဝိုင်းမှာလည်း ပတ်ဝိုင်းကြီးမပါနိုင်။ သာမန် မောင်းဆိုင်းဝိုင်းကလေးနှင့် ဒိုးချောင်ဝိုင်းကလေးသာ ဖြစ်ခဲပါသည်။

ယိမ်းအဖွဲ့ယှဉ်ပြိုင်ရန် စင်မြင့်ပေါ်သို့ နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် '**လယ်သမားအရေး ချက်ချင်းပေး လယ်သမား အရေး ချက်ချင်းပေး**' ဟု ကြွေးကြော်သံနှစ်ကြိမ်တိုင်ပြီး အော်ပြီးမှ သီချင်းနှင့် ယိမ်း စတင်ပါသည်။ သီချင်း၏ ပထမပိုဒ်ကို ဖော်ပြပါမည်။

××× အဲဒီလိုသံပြိုင်ပာစ်ကာ××× ငါတို့ခေတ်ကို ရောက်အောင်ခေါ်ပါမည်××× မြန်မာပြည်မှာ ကောက်နှံစပါးနှင့် ကျောင်းကန်ဘုရားတို့ သာယာဝေစည်××× မြို့ကြီးသူတွေ ရွှေငွေဝတ်တာ အခြေစစ်ပြန်တော့××× ထွန်နှင့်ယက်လို့ ထွက်ပေါ်

လာသည်××× အဲဒါကို အခြေပြု ရွှေအတုတောင်မှ မစဉ်းစားရဲပါတဲ့××× နင်းပြားဘဝမှာတော့××× ဝမ်းခါးမလှသမို့××× ပြောင်းဆန်ကို ပေါင်းလန်အောင် ရေလုံပြုတ်××× မသေရုံတုတ်လို့ ဖုတ်သက်ဝင်ခဲ့ပြီ×××

ပါလီမန်ခေတ် လယ်သမားတို့ဘဝကို ဆရာက အထက်ပါအတိုင်း စတင်ဖွင့်လှစ် ယိမ်းထွက်ခဲ့ပါသည်။ မြို့ကြီးသူတွေ ရွှေ၊ ငွေ ဝတ်နိုင်ရခြင်းမှာ လယ်သမားတို့၏ ချွေးနှင့်ရင်း ရကြောင်း လယ်သမားတို့ ထွန်နိုင် ယက်နိုင်ခြင်းကြောင့် မြို့ကြီးသူတွေ ရွှေ၊ ငွေဆွဲနိုင်၊ ပြုံးနိုင်ကြကြောင်း၊ တောင်သူလယ်သမားမှာတော့ ရွှေအစစ်မပြောနှင့် အတုကိုတောင် မစဉ်းစားရဲကြောင်း၊ ဝမ်းခါးမလှတဲ့ နင်းပြားဘဝမှာ အလွန်ကြမ်းတမ်းသော ပြောင်းနှင့်ဆန်ရောထားသော ထမင်းကို မသေရုံစားနေရကြောင်း၊ လယ်သမားတို့ ယခင်ဝင်နေအသက်မှာ ဖုတ်သက်ဖြစ်ကြောင်း ပီပြင်လှသော ပြောင်မြောက်လှသော ဆရာဦးအောင်သင်းစကားအရ ပြောရလျှင် အရောင်ထွက်နေသော စကားလုံးဖြစ်ပါသည်။

ထို့နောက် လယ်သမားတို့ ခံစားဖြတ်သန်းရသော ဖက်ဆစ်ဂျပန်ခေတ်ကို သရုပ်ဖော်စပ်ဆိုပြန်ပါသည်။ ဖက်ဆစ်ဂျပန်တို့၏ နှိပ်စက်သောဒဏ်ကို နံ့သေးအောင့်အောင် ခံခဲ့ရပုံ၊ လှည်းဆင့်၊ လှေဆင့်တော့ သွားရလိုက်ရ၊ ချွေးတပ်ဆွဲတော့ လိုက်ရ စသည့်ဒဏ်တို့အား လယ်သမားတို့ ခံခဲ့ရကြောင်းကို-



×××အထက်ထက်အဖြစ်ကို တွက်စစ်ချင်သည်××× ဖက်ဆစ်တွေ ဆော်ပလော်တီးလို့××× တော်တော်ကြီးကို ဘေးအောင့်ခဲ့ပြီ××× လူကူလီဆိုလာခဲ့ဦး××× လှည်းတွေဆင့်ကာ တဂျုန်းဂျုန်း××× ချွေးတပ်ဆွဲတော့ တဝုန်းဝုန်း အဲဒီ ၈၅%××× အသုံးမကျတဲ့ ဒုလ္လဘ လူ့ရပ်ပြည်××× ဘုရားဟောမို့ စိတ်လည်း မကွက်စုံသည်××× ဟု ဖြစ်ပါသည်။

မနုဿတ္တသဘာဝေါဒုလ္လဘော ဟု ဘုရားဟောရှိခဲ့သည့် ရတောင့်ရခဲ လူ့ဘဝထဲမှာမှ ထိုခေတ်လယ်သမားဘဝ အသုံးမကျကြောင်း ဘုရားဟောဖြစ်၍ စိတ်မကွက်ချင်ကြောင်း၊ နိပွန်ဂျပန်မြန်မာ ချစ်ကြည်ရေး၊ ချစ်ကြည်ရေးနှင့် ချစ်ကြည်ရေးအော်ရင်း တဒိုင်းဒိုင်းနှင့် တော်လှန်ရေးလုပ်တော့ လယ်သမားတွေ ပါဝင်ခဲ့ရကြောင်း၊ သို့သော်လည်း ထိုခေတ် ဖ.ဆ.ပ.လ အမတ်မင်းအချို့တို့သည် ဂျပန်တော်လှန်ရေးတွင် မပါဝင်ခဲ့ကြဘဲ အိမ်ကခြင်ထောင်ထဲမှာ ပုန်းနေခဲ့ကြသူများဖြစ်ကြောင်း-

××× (နိပွန်ဘန်ဇိုင်းဘန်ဇိုင်း××× ဘိရူမာဘန်ဇိုင်း ဘန်ဇိုင်း)[၂] တဒိုင်းဒိုင်းနှင့် တော်လှန်ခဲ့ချေပြီ××× အဲဒီတုန်းက ခေါင်းဆောင်အချို့ဟာ ခြင်ထောင်ထဲမှာ တိုင်းဗုန်း (Time Bomb) မြုပ်လို့ဂွ××× ဟု ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရပြီး ဆယ်နှစ်ဆယ်မိုး ကြာခဲ့ပြီ။ လယ်သမားတွေမှာတော့ ဆင်းရဲမြဲ ဆင်းရဲမြဲပင်။ ဖဆပလ

အမတ်မင်းများ၊ အမတ်ကတော်များ ကောင်းစားကြသည်။ ဒီကြားထဲ ခေါင်းဆောင်ကြီးများဆိုသူတို့က တိုင်းခန်း လှည့်လည်လိုက်ကြသေးသည်။ ဒေသခံတောင်သူလယ်သမားများက သူတို့ကို ပန်းကုံးစွပ်ကြိုခဲ့ရသေးသည်။ စည်တော်ကြီး ရှမ်းကြရသည်။ ဟိုပွဲချီ သည်ပွဲချီ ဘွဲ့တွေနှင့် ကောင်းစားခဲ့ကြသည်။ လယ်သမားတွေ ကောင်းစားရမည် ဟုကြွေးကြော်ပြီး စီမံကိန်းကြီးတွေ ချခဲ့ကြသည်။ ထို့ကြောင့် လယ်သမားတွေမှာ လက်ရုံးလှုပ်၊ မျက်ခုံးလှုပ်နေကြရကြောင်း၊ ကြက်သီးထနေရကြောင်းကို ယိမ်း၏ နိဂုံးသီချင်းပိုဒ်၌–

××× ၁၀ နှစ်ဆယ်မိုး××× အကျိုးအကြောင်းတော့ ပြန်ပြောင်းမတွေးချင်ပြီ××× ဆက်ကြေးတွေ တစ်အိမ်တစ်ကျပ်နှင့် စိန်နားကပ်တွေ ကားတွေဂေါ်ဂီ××× တိုင်းခန်းလှည့်လည် လမ်းလုံးကျွတ်လို့××× ပန်းကုံးစွပ်တော့ သူတို့ ခပ်တည်တည် (ပြောင်×× ပြောင်×× ဗပြောင်ထီ) (ပါးစပ်ဆိုင်း)××× ဟိုဒီပွဲချီ ဒီဒင်းပွဲချီ××× ဘွဲ့များတပ်လိုက်ကြသေးသည် (အဟိ××အဟိ) မျက်ခုံးလှုပ်မိသည်××× လက်ရုံးလှုပ်မိသည်××× ကုဋ္ဌေပေါင်း လေးဆယ် စီမံကိန်း ကြက်သီးထမိသည်××× ဟုဖြစ်ပါသည်။

စာဖတ်သူများခင်ဗျား တောင်တွင်းသား ဆရာအောင်သင်းကို တောင်တွင်းသားကျွန်တော်က ချီးမွမ်းခန်းဖွင့်ပြီး ကိုယ့်ငါးချဉ်ကိုယ်ချဉ်ခြင်း မဟုတ်ပါ။ သမိုင်းတစ်ကွေ့တွင် စာရေးဆရာ၊



ကဗျာဆရာတို့သည် အမြင်မတော်တာ ခံစားရသည်တွေကို ပြည်သူတို့ကိုယ်စား တင်ပြပေးကြစမြဲ ဖြစ်ပါသည်။

ဆရာအောင်သင်း၏ ၁၉၅၈ ခုနှစ်၊ တောင်တွင်းကြီးသင်္ကြန်တွင် ထွက်ခဲ့သော၊ လူသိသူသိမများသော လယ်သမားဘဝသရုပ်ဖော်သီချင်းလေးမှ ထော့လုံး၊ ငေါ့လုံး ဆရာစကားနှင့် ပြောရလျှင် ဗြီလုံးလေးများကို စာဖတ်သူများ ခံစားကြည့်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ အမည်မသိရေးစာဆိုများ ရေးခဲ့သော စာများ၊ ကဗျာများသည် ယနေ့ မြန်မာ့လူနေမှုဘဝထဲတွင် ကျန်ရစ်စွဲထင်နေသကဲ့သို့ ယနေ့ တောင်တွင်းကြီးသားတို့၏ ပါးစပ်တွင်လည်း ဆရာ၏ ၈၅% သီချင်းကို ရွတ်ကြစမြဲဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

တောင်တွင်းမင်းသိမ်း

## ဖူးငုံဘဝ ကတည်းက မွှေးကြိုင်တဲ့ပန်း

အချိန်က (၁၉၄၆-၄၇) ခုနှစ်၊ ဒုတိယကမ္ဘာစစ်ပြီးကာလ ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးအကြိုကာလဖြစ်ပြီး နယ်ချဲ့ အင်္ဂလိပ်အစိုးရထံမှ မြန်မာ့လွတ်လပ်ရေးရရှိမှုအတွက် ပြည်သူနဲ့ အစိုးရအဖွဲ့အစည်းများကပါ 'သပိတ်စုံ သူပုန်ထ' ကြွေးကြော်သံ နဲ့ သပိတ်မှောက်ကြပြီး စုစည်းညီညွတ်တဲ့အားနဲ့ မြန်မာ့လွတ် လပ်ရေးကို တောင်းဆိုနေတဲ့ကာလလည်း ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ဟုဆိုသော်လည်း တောင်တွင်း ကြီးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများရဲ့ ဆွမ်းလောင်းပွဲများနဲ့ ညပိုင်း ကြည့်ချင်ပွဲ ခေါ် ဘုရားပွဲများကို ရှေးစဉ်လာမပျက် ဆိုင်းသံ တခြိမ့်ခြိမ့်နဲ့ ကျင်းပလျက် ရှိကြတယ်။ တောင်တွင်းကြီးမြို့ရှိ ရှေးခေတ်အခေါ် ပုလိပ် (ရဲ)တပ်ဖွဲ့က မြို့လယ်ရှိ သက်တော် ရှည်နဲ့ သက်တော်ရ ဘုရားနှစ်ဆူ ဆွမ်းလောင်းပွဲနဲ့ ညကြည့်ချင်ပွဲ ကို ဦးဆောင်ပြီး ကျင်းပခဲ့တယ်။ ညကြည့်ချင်ပွဲရဲ့ ပြဇာတ်ပိုင်း မှာ ပုလိပ်တပ်ဖွဲ့က ပြဇာတ်မင်းသား ကိုမောင်ငယ်က ပြဇာတ်ရဲ့



ဇာတ်ဝင်ခန်းတစ်ခန်းမှာ 'နိုင်ငံရေးစိတ်-စိတ်၊ ပုလိပ်က ညီညွတ် သည်။ ဒို့လူမျိုးတိုးတက်ကာ စည်းလုံးညီညွတ်သည်... သပိတ် ပေါင်းစုံရဲ့ တပ်ဦးကချီ လေးဆယ့်ခြောက်ခု တိုင်းပြည်ပြုတဲ့ လူထုပုလိပ်မှန်သည်' ဆိုတဲ့ သီချင်းနဲ့ ပုလိပ်တပ်ဖွဲ့ပြဇာတ် ကပြခဲ့တာကို စာရေးသူ မှတ်မိနေပါတယ်။

တောင်ပြင်ရပ်ကွက်ရှိ မင်းနောင်မင်းနဲ့ မင်းနဂါးမင်းတို့ ကောဇာသက္ကရာဇ် (၁၉၁) ခုနှစ်က ရှေးခေတ်တောင်ပြင်သား များနဲ့အတူ မင်းနှစ်ပါးရဲ့ အဖွဲ့သားများ တည်ခဲ့တဲ့ မော်ဓောဘုရား ခေါ် ရွှေမော်ဓော ဘုရားပွဲကိုလည်း တောင်ပြင်သားတို့က လက် ဆင့်ကမ်း ဘာသာရေးအမွေအဖြစ် နှစ်စဉ် မဟာသံဃိက ဆွမ်း လောင်းပွဲနဲ့ ကာလသား - ကာလသမီးတို့ရဲ့ ညပိုင်းသဘင်ကို နှစ်စဉ် မဖြစ်မနေ ကျင်းပခဲ့ကြတယ်။

ရွှေမော်ဓောဘုရားပွဲမှာ ညပိုင်း ဇာတ်ပွဲကပြရန်အတွက် ဘုရားရဲ့ အရှေ့ဘက်မှာ မြောက်ဘက်ကို မျက်နှာပြုပြီး ထိုးထား တဲ့ ဇာတ်ခုံမှာ ဇာတ်အတွက် ပြည်ဖုံးကား၊ ပုဏ္ဏားကွယ်၊ နဖူး စည်း စသည်တို့ အစုံအလင် ချိတ်ဆွဲပြင်ဆင်ပြီး ဖြစ်တဲ့အပြင် အသံချဲ့စက် ဟွန်း (၂) လုံးကိုလည်း တပ်ဆင်ပြီး ဖြစ်တယ်။ ညပိုင်းကဇာတ်ကို (တလိုင်း မ,တင်ကြည်)တို့ ဇာတ်လို့ ကြေညာ ထားပါတယ်။ ဆိုင်းဝိုင်းနဲ့ အရပ်တီးဝိုင်းကလည်း ညနေ (၇) နာရီခန့်ကစပြီး ဧည့်ခံဖျော်ဖြေနေကြပါတယ်။

ည (၉)နာရီမှာ ရပ်ကွက်လူကြီးက ပရိသတ်ကို စည်းကမ်းရှိစွာ ကြည့်ရှုအားပေးရန် ပြောဆိုပြီး ရပ်ကွက်သူ ရပ်ကွက်သားများရဲ့ ယိမ်းများနဲ့ ကပြဖျော်ဖြေကြပါတယ်။ ဒီနောက် ရပ်ကွက်လူငယ်များရဲ့ အရပ်ပြဇာတ်ထွက်ပြီး တင်ဆက်ဖျော်ဖြေရာမှာ စာရေးသူရဲ့ရင်မှာ အခုတိုင် အမှတ်ထင်ထင် မေ့မရအောင် ကြွင်းထင်ကျန်ရစ်နေတဲ့ ပြဇာတ်တစ်ခန်းက သူငယ်ချင်းနှစ်ယောက်တို့ရဲ့ **'လောကကိုလေ့လာခြင်း'** ဇာတ်ဝင်ခန်း ဖြစ်ပါတယ်။ အဲဒီဇာတ်ဝင်ခန်းဟာ (၁၉၄၆-၄၇) ခုနှစ် ဝန်းကျင်က မြန်မာ့ရပ်ရှင်မှာ ဇာတ်လိုက်မင်းသား ဒိုင်ဗင်တင်လှ၊ မင်းသမီးရှယ်လီမြတို့ ဒိုင်ဗင်ထိုးခြင်း၊ ရေကူးခြင်းတို့နဲ့ စတန့်ထွင်နေတဲ့ကာလ၊ မောင်ဗမာ၊ မယ်ဗမာရွေးပွဲများ ကျင်းပနေတဲ့ကာလ၊ လူငယ်ကာလသားတို့ကလည်း ဒိုင်ဗင်တင်လှကို အားကျပြီး တောင်တွင်းကြီး ဗိမာန်ကျောင်းရှိ ရေကန်များမှာ မန်ကျည်းပင်ပေါ်ကနေပြီး ဥပုသ်စောင့်လာကြတဲ့ ဖိုးမေတသင်းတို့အား ဒိုင်ဗင်ထိုးပြီး ရှိုးပြတဲ့ဖြစ်စဉ်များကို ယှဉ်ဟပ်လေ့လာထားခြင်းဖြစ်လို့ တောင်တွင်းနယ်မှာ **'မဗေဒါသီချင်း'** လို ရေပန်းစားပြီး လူကြိုက်များတဲ့ သီချင်းတစ်ပုဒ် ဖြစ်ပါတယ်။

ဇာတ်ဝင်ခန်းမှာ ကားလိပ်ဆွဲတင်ပြီးနောက် ဘယ်ညာနှစ်ဖက်မှ လူငယ်တစ်ယောက်စီ ထွက်လာကာ သူငယ်ချင်းတစ်ဦးက သားနားစွာ ဝတ်စားလာတဲ့ သူငယ်ချင်းရဲ့အဝတ်တွေကို ကိုင်



ကြည့်ပြီး မင်းက သိပ်ပြီးသားနားနေပါလား။ ဘာအကြောင်းထူးများ ရှိလို့ ဒီလောက် ကြွားလွှားလာရသလဲလို့ မေးလိုက်တော့ တီးဝိုင်းက ငါးပေါက်အတောကို တောပြီး တီးပေးလိုက်တဲ့အခါ (ပ) လူက...

"ဒီမှာ အောင်မြင့်ရာ၊ လောကကို လေ့လာကြည့်စမ်းပါ၊ ကြက်ဖတွေဟာ မနဲ့တွေ့တော့ အမွေးတွေထောင်ကာလာ၊ အဲဒါဟာကွယ် ဘာသာတစ်မျိုးနဲ့ မြှာပိုးပျိုးရှိုးပြလိုက်တာ"

(ဒု)လူ အောင်မြင့်က

"မဟုတ်တာပဲကွာ၊ အဲဒါက တိရစ္ဆာန်ပါ၊ ဒို့မှာတော့ကွာ မနုဿလူ အရင့်အမာ"

(ပ)လူက ပြန်ပြီး

"ဩော်... နားဝေးလိုက်တာ၊ လူဆိုတာ တရားသဘောမတော့ စကားပြောတဲ့ တိရစ္ဆာန်ပါ၊ အဲဒါကြောင့်မို့ သူသူငါငါချစ်တဲ့သူ အပျိုချောကို ကြွက်သားတွေ၊ မာဆယ်တွေ ထုတ်ကာလှုပ်ကာပြတာ-ခမ္ဘတာ၊ ဗိမာန်ကန်မှာ ဒိုင်ဗင်ထိုးတာ၊ အိုက်တင်တစ်မျိုးနဲ့ ဟီးရိုးလုပ်ပြတာ"

လို့ ဆိုပြီး စကားဖန်နဲ့ သူငယ်ချင်း အောင်မြင့်ကို သီချင်းသားရဲ့သဘောကို ရှင်းပြခဲ့တယ်။ မနုဿလောကနဲ့ သတ္တလောကကို နှိုင်းယှဉ်ပြထားတဲ့ အဆိုပါ။ 'လောကကို လေ့လာခြင်း' သီချင်းရေးသူကို ပြောပါလို့ဆိုရင် ၁၉၇၃ ခုနှစ်ရောက်မှ

မဟာဝိဇ္ဇာဘွဲ့ရခဲ့တဲ့ ဆယ်တန်းမအောင်ခင် (၇) နှစ်က ပညာရှင်ဖြစ်ရန် ဖူးငုံဘဝမှာသာရှိသေးတဲ့ 'တောင်တွင်းအောင်သင်း' ရေးတဲ့ သီချင်းလို့ ပြောဆိုရင်း ပင်ကိုယ်မွေးရှုံ့ကြိုင်တဲ့ ပန်းမျိုးဟာ 'ဖူးငုံဘဝကတည်းက မွှေးကြိုင်ပါတယ်' လို့ ကမ္ဘည်းမှတ်တမ်းတင်အပ်ပါတယ်။

ငြမင်-ခင်မောင်ဦး

## ပေလေးပင် အလီမွာပိုရမ်

- အရှိသမ္မာ ရှေးကံရင်းပေပေါ့၊ ကဝိရတနာ လေးမှန်
  ကင်းရယ်နဲ့ ဘေးရန်ကင်းပါတဲ့ နတ်မိုးဆရာ။
- ရိုးမတောင် ကာတံတိုင်းရယ်နဲ့၊ တိုးစွပြောင် စာသမိုင်းမှာ
  တော့
  ဗျာကရိုဏ်း ဆန်း၊လင်္ကာပ၊ ကျမ်းပညာ စွယ်စုံပို့တာကြောင့်
  စွမ်းအင်မှာ နယ်တံ့လို့သာပ၊ ကြာလေးငုံ ရွှေရင်နို့
  သောက်စို့မကွာ။
- ထိမထင် ရှုပ်သမျှကိုလ၊ ပြည်တစ်ခွင် သရုပ်ပြပါလို့
  သီလဝံ ဥတ္တမရယ်နှင့်၊ နဂ္ဂဟ မမွဝင်လို့
  ဉာဏ်ရှင်တဲ့ ရှင်ခေမာ... လျှင်ဝေဖြာတဲ့ အုန်းညိုတစ်ပါး၊
  အိုကွယ်... ပင်ပေလွှာနဲ့ ကုံးလို့မမှား။
- အောင်တြင်းရယ်နဲ့၊ ပြောင်ပြောင်လင်းပါလို့
  တောင်တွင်း ကြေညာဖော်တို့၊ မြေတာပဗျာနော်
  ဝေဆာပေါ် ပေပင်ကြီးခဲ့ရ၊ အပြီးသမ္မာတင့်ရှာကြ

ရတနာပွင့်လှ ကန်မဟာမှာတော့၊ ကဗျာအပွင့်ကာရန်ရှာဘို့
ပဒုမ္မကြာတံဆိပ်တွေနဲ့၊ စုံမာလာ ရဂုံရိပ်ဆီက
တွေးစိတ်မှာ ဈာန်အသွင်ပ၊ ဂန္ဓဝင် တကယ်ကောင်းကိုဖြင့်
ဉာဏ်ရွှင်ရွှင် ချယ်ကာလောင်းခဲ့ကြ၊ စုပေါင်းမချို့ အစဉ်
သရုပ်ဖော်ကာ
မနှောသွားလိုက်ကြပုံက၊ ပြကောင်းသမို့၊ လူအပေါင်းညို့
ခဲ့ပါတဲ့၊
ရတုပဟောင်းပျို့တွေနဲ့၊ ရှင်ဥတ္တမကျော်ရဲ့ ကဗျာတောလား။

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်က မြဝတီမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ 'ငွေယုန်ခြည်'ရဲ့ ပေလေးပင်-ရှင်လေးပါး ကဗျာကိုရှုတ်ပြီး အတွေးပွားနေဆဲမှာ ဆရာကြီး ဦးအောင်သင်း ဂုဏ်ပြုစာပွဲသဘင် ထုတ်ဝေဖို့ လာ လျှောက်တာနဲ့ ကြုံနေလို့ပါပဲ။

အတွေးပွားတယ်ဆိုတာ ဒီလိုပါ။ အင်းဝခေတ်အကျော် ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်ခေမာ၊ ရှင်အုန်းညို တို့ လေးပါးကို တောင်တွင်းကြီးဇာတိသားတွေအဖြစ် သတ်မှတ် ပြီး တောင်တွင်းကြီးမြို့သူ/မြို့သားတွေ ဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြ တာ နှစ်တွေ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။

ဒါပေမယ့် မကြာခင်ကာလကတော့ ပေလေးပင်အကျော် မထေရ်မော်လေးပါးကို မျက်မှောက်ခေတ် သမိုင်းဆရာတွေက



အထောက်အထား အခိုင်အမာနဲ့ နေရာပြောင်းပေးသွားလို့ စိတ် ထဲမှာ ကိလေသာအောင့်နဲ့ အခံရခက်နေတာပါ။ ဒီကြားထဲမှာ တမြတ်တနိုးနဲ့ အာဂုံဆောင်ထားတဲ့ တောလားကဗျာကိုတောင် ရှင်ဥတ္တမကျော်ရဲ့ လက်ရာမဟုတ်၊ ပင်းယခေတ် ရဟန်းတစ်ပါး ကို ရှင်အုန်းညိုရဲ့ ဂါထာခြောက်ဆယ်က မိုးပြီး ဖွဲ့ဆိုထားတာ ပါတဲ့။ လုပ်ချလိုက်ပြန်ပါဘိ။ (ဒီအကြောင်းခြင်းရာများ သမိုင်း ပါမောက္ခ ဒေါက်တာတိုးလှနဲ့ ဆရာမောင်ကျေးစုးတို့ ကလျာ မဂ္ဂဇင်းနဲ့ အတွေးအမြင်မှာ ရေးခဲ့ကြပါပြီ။ ၂၀၀၈ ခုနှစ်လောက် က ထင်ပါတယ်)

ဒီအတွက် သမိုင်းဆရာတွေနဲ့ တုဖက်ပြိုင်ပြီး ပြောနေရင် လည်း ပုဂံရာဇဝင် တုတ်ထမ်းပြောရသလို ပေလေးပင်သမိုင်း ဓားထမ်းပြောရမယ့်ကိန်း ကြုံနေလို့ တောင်တွင်းကြီးသားတွေ အသာ နှုတ်ဆိတ်နေကြတာပဲလို့ ယူဆမိပါတယ်။ ဒီလိုထင်ရှားတဲ့ အမျိုးသားစာဆိုကြီးတွေပေါ်ထွန်းရာ အရပ်ဒေသဆိုတာ ယဉ်ကျေး လိမ္မာ၊ အသိဉာဏ်ပညာတွေ တခြားဒေသတွေထက် တိုးတက် ဖွံ့ဖြိုးနေသင့်တယ် မဟုတ်လား။

တကယ်တော့ တိုင်းပြည်တစ်ပြည်မှာ နိုင်ငံနဲ့အဝှမ်း ထင် ရှားတဲ့၊ တိုင်းပြည်ရဲ့ အကျိုးကို ကလောင်စွမ်းနဲ့ ရွက်ဆောင်သယ် ပိုးနိုင်ခဲ့တဲ့ အမျိုးသားစာဆိုတော်တွေ ပေါ်ထွန်းလာဖို့ဆိုတာ ဒုလ္လဘ တရားတစ်ခုပါ။ အမျိုးသား စာဆိုတော်တွေဆိုတာ တိုင်းပြည်နဲ့

လူမျိုးကို နားမျက်စိဖွင့်ပေးတဲ့ အသိဉာဏ်ရဲ့ အမှတ်အသား ဖြစ်တယ်။ ဂျာမနီနိုင်ငံက စာရေးဆရာကြီး ဂွင်းထာဂရပ်စ်၊ ဗြိတိသျှက ဘားထရန်ရပ်ဆဲလ်၊ ရုရှားက ဂေါ်ကီ၊ မြန်မာနိုင်ငံက ဆရာကြီးသခင်ကိုယ်တော်မှိုင်း စတဲ့ စာရေးဆရာ၊ ကဗျာဆရာကြီးတွေဟာ ကမ္ဘာက အသိအမှတ်ပြုထားရတဲ့ အမျိုးသားစာဆိုတော်ကြီးတွေပေါ့။

ခေတ်အဆက်ဆက် တောင်တွင်းရွှေပြည်မှာလည်း ရဟန်းစာဆို၊ အမျိုးသားစာဆိုတွေ မဆိတ်သုဉ်းပါဘူး။ မ-ကာရလောပ အကျော် ခင်ကြီးဖျော်၊ တောင်တွင်း ကန်တော်မင်းကျောင်း ဆရာတော်၊ စုံနံ့သာပြိုင် ဦးကြော့ စသဖြင့် သူ့ခေတ်နဲ့သူ စာဆိုအကျော်အမော်တွေ အဆက်မပြတ် ပေါ်ထွန်းခဲ့တာပါ။ ဒီလို ပေါ်ထွန်းလာခဲ့တဲ့ စာဆိုပညာရှင်တွေရဲ့ ဇာတိမှတ်တိုင်၊ စာမှတ်တိုင်တွေကို နောင်လာနောက်သားတွေ အတွေးမမှားစေဖို့ရာ စနစ်တကျ မှတ်တမ်းမှတ်ရာနဲ့ ပြုစုထိန်းသိမ်းထားဖို့ လိုအပ်နေတယ်ဆိုတာ ရှင်လေးပါး သာခကကို ကြည့်ပြီး အတွေးပွားနေဆဲလို့ ဆိုလိုက်တာပါ။

ယခုတော့ လွန်ခဲ့တဲ့နှစ်များဆီက မြန်မာစာပေလောကရဲ့ လိုအပ်ချက်တွေကို သဘောထားမှန်တဲ့ ဝေဖန်ရေးစာပေတွေနဲ့ ကလော်ခဲ့၊ ထေ့ခဲ့၊ ရိခဲ့၊ ပြုခဲ့၊ ပြင်ခဲ့တဲ့ စာပေလူကြမ်းမင်းသားကြီး၊ ယနေ့ခေတ် မျိုးဆက်သစ်လူငယ်တွေကို ယဉ်ကျေးအောင်၊



စည်းကမ်းရှိအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် အသိဉာဏ်ပညာတွေ မီးထွန်းပြနေတဲ့ အလိမ္မာဖိုရမ်- ဆရာကြီး ဦးအောင်သင်းကို အမိ တောင်တွင်းကြီးနယ်မြေကနေ ဇာတိမှတ်တိုင် စိုက်ထူပြီး စာပွဲသဘင်နဲ့ ဂုဏ်ပြုချီးမြှောက်မှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ မုဒိတာ ပွားကြဖို့ပါပဲ။

ဒီလို ဇာတိမှတ်တိုင်၊ စာမှတ်တိုင်တွေ စိုက်ထူပြီး ချီးကျူးဂုဏ်ပြုလောက်အောင်လည်း ဆရာကြီး ဦးအောင်သင်းဟာ စာပေတာဝန် အကျေပွန်ဆုံးထဲက ကလောင်တစ်ချောင်းဆိုတာ နိုင်ငံနဲ့အဝှမ်း ဘယ်သူမှ မငြင်းပယ်နိုင်ပါဘူး။ စာပေနယ်မှာ ကျရာတာဝန်ကို တစ်ဒေါင့်မကဘူး၊ နှစ်ဒေါင့်က ကျေခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဆရာကြီးရဲ့ သမိုင်းကြောင်းဟာ ကောင်းလှပါတယ်။

ဆရာကြီးရဲ့စာတွေမှာ "ငါ့စာတွေကို နာယူဖတ်ရှုကြပြီး၊ နားလည်သဘောပေါက်ကြပါစေ၊ နားလည်သဘောပေါက်တဲ့အတိုင်းလည်း လိုက်နာကျင့်သုံးကြပါစေ" ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ဟောသူ၊ ရေးသူတွေ ထားရှိအပ်တဲ့ အဆုံးအမ၊ စိတ်စေတနာကို အထင်အရှား တွေ့နိုင်ပါတယ်။

တကယ်တော့ လောကကို ကလောင်နဲ့ အလုပ်အကျွေးပြုစုခဲ့တဲ့ ပညာရှင်တိုင်း သမိုင်းမသေပါဘူး။ လူအိုပေမယ့် စာမအိုပါဘူး။ ခန္ဓာကိုယ်နဲ့ ဂုဏ်ကျေးဇူးဆိုတာ အလှမ်းကွာဝေးပါတယ်။ ခန္ဓာကိုယ်ဆိုတာ အိုမင်းပျောက်ကွယ်သွားတတ်ပေမယ့် ဂုဏ်

ကျေးဇူးကတော့ ကမ္ဘာကပ်တိုင် တည်နေမှာပါ။ အထူးသဖြင့် မျိုးဆက်သစ်တွေကို ချစ်ခင်ယုံကြည်စွာနဲ့ ယဉ်ကျေးအောင်၊ အလိမ္မာတရားရှိအောင်၊ ကမ္ဘာမှာ ဝင်ဆံ့နိုင်တဲ့ အနာဂတ်ပညာရှင်တွေဖြစ်အောင် ပြုစုပျိုးထောင်၊ ရေလောင်းပေါင်းသင်တတ်တဲ့ ဆရာကြီး ဦးအောင်သင်းတစ်ယောက် နိုင်ငံနဲ့အဝှမ်း အမျိုးသားစာဆိုကြီး ဖြစ်/မဖြစ် အချိန်က အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်။

အရှင်ဓမ္မပီယ (ထုံးတောင်တောရ)

## နဂါးနီ၊ စစ်သားကြီးမဟုတ်သော စစ်သားကြီးနှင့် ချစ်သူ့နယ်မြေ

တောင်တွင်းအောင်သင်းဟု ကျော်ကြားလာမည့် ဆရာ့ကို ကျွန်တော် စတင်သိရှိခဲ့သည်မှာ ကျွန်တော် အသက် (၉) နှစ် (၁၀) နှစ်သာရှိခဲ့ပါသေးသည်။ (၉) နှစ် (၁၀) နှစ်သားက မှတ်မိနိုင်ရဲ့လားဟု မေးလာလျှင် မှတ်မိစေခဲ့သော ဖြစ်ရပ်ကြောင့်ဟု ဆိုရပါမည်။

ကျွန်တော်၏ဖခင်မှာ ဦးမိုးတုန်၊ မူလတန်းကျောင်းဆရာဖြစ်ပါသည်။ ကျွန်တော်၏ဦးကြီး ဦးမိုးဟိန်းနှင့် ဆရာ ဦးအောင်သင်းသည် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ပါသည်။ ကျွန်တော်တို့၏နေအိမ်မှာ ယခု အုန်းတော (၂) ရ·ယ·က ရုံး အရှေ့ဘက် ဗိမ္မာန်လမ်းမြောက်ဘက် ဖြစ်ပါသည်။ အနောက်ဘက်ဆုံးထိပ်က ကျွန်တော့်ဖခင် ဦးမိုးတုန်၊ အရှေ့ဘက်က ဦးမိုးဟိန်း၊ ဦးစံမောင်၊

ဒေါ်တင်နု၊ ဒေါ်တင်ဥ တို့အိမ် ဖြစ်ပါသည်။ ကျွန်တော်တို့ လမ်းတစ်လမ်းလုံးမှာ ကျောင်းဆရာ၊ ဆရာမများ ဖြစ်ကြပါသည်။ မြောက်ဘက်လမ်းက အုန်းတော (၂) မူလတန်းကျောင်း (ယခု အ·လ·က ၃၊ အုန်းတော) ကို တည်ထောင်သူ ဆရာကြီး ဦးသောင်းဟန်၊ ဦးတင်ထွန်း တို့ရှိကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့လမ်းသည် ဆရာရပ်ဝန်းကလေးတစ်ခု ဖြစ်နေပါသည်။ ဆရာရပ်ဝန်းသို့ ဆရာအောင်သင်း လာရောက် လည်ပတ်တတ်သည်မှာ မဆန်းပါ။

သို့သော် လာရောက်လည်ပတ်ပုံကလည်း ထူးဆန်းပါသည်။ တစ်နေ့သောအခါ ကျွန်တော်တို့ ကလေးတစ်သိုက် ဘကြီးဦးမိုးဟိန်း အိမ်ရှေ့ မန်ကျည်းပင်အောက် ဆော့ကစားနေကြစဉ် အထုပ်အပိုးနှင့် လူကြီးတစ်ယောက် တံခါးဝ၌ ရောက်ရှိလာပါသည်။

"ဟေ့ ကလေး၊ ဆရာဦးမိုးဟိန်း ရှိလား"

ကျွန်တော်က ရှိပါတယ်ဟု ပြန်ဖြေလိုက်ပြီး ဘကြီး ဧည့်သည်လာတယ်ဟု အိမ်ထဲသို့ လှမ်းအော်လိုက်ပါသည်။ ဘကြီး မိုးဟိန်း ထွက်လာပါသည်။

"ဟာ ဧည့်သည်ဆိုတော့ ရပ်ဝေးကလာတဲ့ ဧည့်သည်လား အောက်မေ့တာ ကိုအောင်သင်းကိုး၊ အခုတော့ တောင်တွင်းသား တောင်ပြင်ထဲက ကိုယ့်လူက တောင်တွင်းကြီး အုန်းတောထဲကို လာလည်တာကိုး"



ဟု ရယ်ကြဲကြဲဖြင့် ပြောပါသည်။ ကျွန်တော်လည်း အလိုက်တသိ ဧည့်သည်၏အထုပ်အပိုးများကို သယ်ဆောင်ပေးလိုက်ပါသည်။ ဆရာအောင်သင်းကလည်း-

"အေးဗျာ ကိုမိုးဟိန်း တစ်ညနေ၊ နှစ်ညနေလောက် လာလည်ရတာ အားမရတာနဲ့ တစ်ပတ်နှစ်ပတ်လောက် လာလည်တာ၊ အိပ်ရာလိပ်၊ အဝတ်အစား အပြည့်အစုံပါတယ်။ စားတာကတော့ တစ်အိမ်စီ လှည့်စားမယ်" ဟု ရယ်ကြဲကြဲနှင့် ပြောပါသည်။

ထိုခေတ်က ဆရာတစ်ယောက်၏လစာငွေသည် ဧည့်သည်ကို မကြောက်သော လစာဝင်ငွေ ဖြစ်ခဲ့ပါသည်။

ဆရာဦးအောင်သင်းကို ထိုနေ့ကစ၍ ကျွန်တော် မှတ်မိသိရှိသွားပါသည်။ မမှတ်မိဘဲနေပါရိုးလား! လာလည်တဲ့ ဧည့်သည်က တောင်တွင်းကြီးသို့ တောင်တွင်းကြီးမှလာသော ဧည့်သည်၊ အိပ်ရာလိပ်၊ အဝတ်အစား အစုံအလင်နှင့်ဆိုတော့ ထူးဆန်းနေပါသည်။

ဦးကြီး ဦးမိုးဟိန်းအိမ်တွင် မန်ကျည်းပင်ကြီးများ ရှိပါသည်။ မန်ကျည်းပင်ရိပ်တွင် ဆရာသည် စာဖတ်လိုက်၊ ညအခါတွင် ဆရာဦးသောင်းဟန်၊ ဆရာဦးစံမောင်တို့နှင့် စကားပြောလိုက်၊ တယောထိုးလိုက်၊ သီချင်းဆိုလိုက်နှင့် ကျောင်းဆရာတို့၏ ဂီတဝိုင်းကလေးကား မှတ်မိစရာ ဖြစ်နေသည်။ တယောဝိုင်ရှင်က

ဆရာကြီး ဦးသောင်းဟန်၊ ဆရာ ဦးအောင်သင်းရော၊ ဆရာ ဦးသောင်းဟန်ပါ တယောထိုးကြသည်။ တယောထိုးကောင်း မကောင်း ကျွန်တော် မသိပါ။ သီချင်းကိုတော့ မှတ်မိနေပါသည်။ နဂါးနီသီချင်း၊ ဆရာဦးအောင်သင်းက နဂါးနီသီချင်း သံပြိုင်အပိုဒ် ကို အော်ဟစ်၍ ဆိုတတ်သည်။

"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည် လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်"

ဆိုသောအပိုဒ် ဖြစ်ပါသည်။ သီချင်းဆုံးတော့ ဆရာက

"ဒီမှာ ကိုမိုးဟိန်း ကျုပ်တို့ ကျောင်းဆရာတွေ သူဌေးမဖြစ် မှာတော့ သေချာတယ်၊ လူမွဲဖြစ်မှာတော့ ကျုပ်တို့ မသိဘူး"ဟု ပြောပြီး ရယ်ပါသည်။ ဆရာက တစ်ခါတစ်ခါ တယောမပါဘဲ ဆိုနေ ညည်းနေတတ်သော သီချင်းတစ်ပုဒ် ရှိပါသေးသည်။

"ချစ်ကြစမ်းပါ... ချစ်ကြစမ်းပါ၊ မင်းလည်း အပုပ်ကောင် ပါ၊ ငါလည်း အပုပ်ကောင်ပါ" ဟုပါသော သီချင်း ဖြစ်ပါ သည်။ သီချင်းဆိုသူ မူလအဆိုတော် မည်သူမည်ဝါ မသိပါ။

ဒီလိုနှင့် ဆရာ့အကြောင်း ကျွန်တော် သိရှိခဲ့ရပြီး ဆရာ ကျွန်တော်တို့ အိမ်နားတစ်ဝိုက် လှည့်လည်နေတတ်သည်။ ဦးသောင်းဟန်အိမ်နေလိုက်၊ ဦးစံမောင်အိမ်နေလိုက်နှင့် နောက်ပိုင်း ဆရာတစ်ယောက် လာပြီးမလည်ပတ်နိုင်တော့ပါ။ ကျွန်တော် ကလည်း ကလေးမို့ ဘာကြောင့်မှန်း မသိပါ။ ဆရာ ဘယ်ရောက် သည်၊ ဘာဖြစ်သည် မသိပါ။ ဒီလိုနှင့် ၄-၅ နှစ် ကြာမည်ဟု ထင်ပါသည်။



တစ်နေ့ ကျွန်တော် ဦးကြီး ဦးမိုးဟိန်း၏ စာကြည့်စားပွဲပေါ် တွင် စစ်သားဟစ်ယောက် သံခမောက်၊ ကျောပိုးအိတ်နှင့် ဓာတ်ပုံ တစ်ပုံကို ထူးခြားစွာ တွေ့ရ၍ ကျွန်တော် ယူကြည့်မိပါသည်။ သေချာကြည့်လိုက်တော့မှ ဆရာဦးအောင်သင်း၊ ကျောင်းဆရာ ကနေပြီး ဘယ်လိုလုပ် စစ်သားကြီး ဖြစ်သွားမှန်းမသိ၊ ဆရာ့ မျက်နှာက ရယ်ကြဲကြဲနှင့် အမှန်ပြောရလျှင် ရယ်ကြဲကြဲသာမက စပ်ဖြဲဖြဲပုံ ဖြစ်ပါသည်။

ဓာတ်ပုံနောက်ကျောကို ကျွန်တော် ကြည့်လိုက်မိပြန်သည်။ စစ်သားကြီးမဟုတ်သော စစ်သားကြီး၊ မေမြို့ စစ်တက္ကသိုလ်ဟု ဆရာ့လက်မှတ်ကလေးနှင့် တွေ့ရပါသည်။

"ကိုအောင်သင်းက မေမြို့စစ်တက္ကသိုလ်မှာ ဆရာဖြစ်သွား ပြီကွ၊ စစ်တက္ကသိုလ်ဆိုတော့ ကျောင်းဆရာလို မဝတ်ရတော့ဘူး နဲ့ တူပါတယ်ကွာ"ဟု ကျွန်တော့်ကို ဘကြီးဦးမိုးဟိန်းက ပြောပြ ပါသည်။

ကျွန်တော် ပညာရေးတက္ကသိုလ်သို့ ၁၉၇၃ ခုနှစ်တွင် တက် ရောက်ခဲ့ရပါသည်။ ထိုအခါရောက်ပြန်တော့ ဆရာဦးအောင်သင်း ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ မြန်မာစာဌာန ရောက်နေပြန်ပြီဟု ကြားရပြန်ပါသည်။ ဆရာ၏ ဆောင်းပါးများ၊ မဂ္ဂဇင်းများတွင်

ပါဝင်စပြုနေပါပြီ။ ကျွန်တော် တစ်နေ့ ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဘက် ရောက်သွားပါသည်။ မြန်မာစာဌာန၊ သင်တန်း တစ်ခုတွင် ကျောင်းသားများ အုန်းအုန်းကြွက်ကြွက် ရယ်မောနေသံ များ ကြားရ၍ ကျွန်တော် ထိုအတန်းနံဘေးသို့ သွားရောက် အကဲခတ်မိလိုက်သည်။ ဆရာဦးအောင်သင်း စာသင်နေသည်။ သူ စာသင်နေသည်မှာ စာသင်နေသည်နှင့်မတူ၊ သီချင်းတစ်ပုဒ် ကို ဆိုပြရင်း ရှင်းပြနေသည်။ သူဆိုနေသည်မှာ 'ချစ်သူ့နယ်မြေ' သီချင်း၊ ဆရာက မာမာအေး၏ သီချင်းကို တယောထိုးဟန် ကလေးလုပ်ရင်း ဆိုပြနေပြန်သည်။ ဆရာက သီချင်းတစ်ပုဒ်ထဲ မှာပင် အဆင်တန်ဆာ အလင်္ကာတွေ ပါကြောင်း၊ အလင်္ကာတွေ ကောင်းလွန်းပါက မိန်းကလေးတစ်ယောက်ပင် လင်နောက်လိုက် ပြေးချင်စိတ်ပေါက်လာအောင် ချစ်သူ့နယ်မြေသီချင်းက စွမ်း ဆောင်နိုင်ကြောင်း ရှင်းပြနေသည်။ အလင်္ကာဆိုတာ စာပေ၏ အဆင်တန်ဆာဖြစ်သကဲ့သို့ ခံစားမှု လွန်ကဲသွားပါက အလင်္ကာ ကြောင့် အန္တရာယ်ပင် ရှိကြောင်း ရှင်းပြနေရာ ကျောင်းသားများမှာ တသောသော တဝေါဝေါ ရယ်မောနေကြရပါသည်။ သြော် ဆရာနှင့် ပတ်သက်၍ ငယ်စဉ်က နဂါးနီ၊ ချစ်ကြစမ်းပါ၊ ကြီး လာတော့ တက္ကသိုလ်ရောက်တော့ ချစ်သူ့နယ်မြေ အမှတ်ရစရာ တွေပါလား ဆရာရယ်။

ဆရာသိမ်း (ပညာ/ငြိမ်း)

## မောရှမ်းမြေကပေးစာ

သို့

မိတ်ဆွေကြီးကိုဆွေမောင်

ကျန်းခံ့သာလို့မာပါစ။

ဒီဇင်ဘာ (၂၉) ရက်နေ့မှာ ကျင်းပမယ့် တောင်တွင်းကြီးမြို့၊ မိုးထိအလယ်တန်းကျောင်း၊ အာစရိယပူဇော်ပွဲကို ဆရာဦးအောင် သင်း တက်ရောက်ကန်တော့ခံဖို့ လာမယ့်အကြောင်း ခင်ဗျားဆီက ဖုန်းသတင်းရတော့၊ ငှက်ကလေးတွေဆီက တောင်ပံငှားပြီး တောင်တွင်းကြီးကို အရောက်ပျံသန်းခွင့်ရရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်မိတယ်၊ ဟုတ်တယ်လေ။ ကိုယ်လေးစားကြည်ညိုတဲ့ ဆရာနဲ့ မိတ်ဆွေရောင်းရင်းတွေနဲ့ ဆုံတွေ့ရမယ်ဆိုတာ နည်းတဲ့ ကုသိုလ်မဟုတ်ပါလားဗျာ။

ဒါပေမယ့် ဒီနှစ်ထဲမှာ တောင်တွင်းကြီးက ကျိုင်းတုံအပြန် ရန်ကုန်မှာ ခေတ္တဝင်နားခိုက်၊ ဆရာနဲ့ဆုံတွေ့ ကန်တော့ခွင့် ရခဲ့ ပါတယ်။ အဲဒီနေ့က မှတ်မှတ်ရရ မေလ (၂၅) ရက်ပါ၊ ဆရာ့ကို

တွေ့တွေ့ချင်း လျှပ်တစ်ပြက် အကဲခတ် ကြည့်လိုက်တော့ ကျွန်တော် အရမ်းဝမ်းသာမိသွားတယ်။ ဆရာဟာ ဇရာရဲ့ချစ်စနိုး ကျီစယ်မှုကြောင့် လှုပ်ရှားမှုဟန်ပန် အနည်းငယ် မဆိုစလောက် နှေးကွေးလေးလံသွားတာကလွဲလို့ ဆရာရဲ့ ကျန်းမာရေးက OK. Graceful Aging ကျက်သရေရှိရှိကြီး ရင့်လာခြင်းလို့ ဆိုရမှာ ပေါ့ဗျာ။

မိတ်ဆွေကြီး ကိုဆွေမောင်၊ စမ်းချောင်းက ဆရာ့အိမ်ဂေဟာမှာ ကျွန်တော်နဲ့ဆရာ စကားတွေ အများကြီး ပြောဖြစ်ခဲ့ပါတယ်။ ကိုယ့်ဇာတိမွေးရပ်မြေက အကြောင်းတွေဆိုတော့ ပြောမဆုံးပေါင် တောသုံးထောင်ပေါ့ဗျာ။ အဲဒီထဲမှာ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ 'လောကအလင်းစာကြည့်တိုက်' အကြောင်းက ဘယ်မပါဘဲ နေပါ့မလဲ။ ဆရာက "ငါကအဲဒီ 'လောကအလင်း'ကို၊ ငါ့ပညာနဲ့ ရှာဖွေစုဆောင်းထားတဲ့ ချွေးနည်းစာလေးနဲ့ ကြံဖန်မတည်ခဲ့ ရတာကွ။ အဓိက ငါ့ရည်ရွယ်ချက်က ငါတို့တောင်တွင်းမြေက လူငယ်လေးတွေ စာဖတ်စေချင်တာပါပဲ။ ငါ မင်းဆီကို ဒွေးနိုင် (ပုလဲစာပေ)က တစ်ဆင့်ရေးပို့လိုက်တဲ့ စာထဲကလိုပေါ့ကွာ။ ငါ့ဘဝမှာ စာပေလူလားမြောက်ခဲ့ရတာ "မောင်းတိုင် ဗလစာကြည့်သင်း" အခြေခံပါပဲ။ ဒါကြောင့် ငါဟာ စာကြည့်သင်းရဲ့ ကျေးဇူးကို လိုက်လှဲစွာ သတိရနေတယ်"လို့ လွမ်းလွမ်းတတ ပြောတယ်။



အင်းပေါ့လေ ဆရာပြောမယ်ဆိုလည်း ပြောချင်စရာပဲပေါ့။ ဆရာရဲ့ ပေဟပြောရေးသားတဲ့ အကြောင်းအရာတွေထဲမှာ၊ အဓိက ဟိုင်းလိုက်ထိုးပြောတတ်တဲ့ အကြောင်းအရာတွေထဲမှာ "လူငယ်တွေကို ရွှေချမှ အနာဂတ်တောက်ပမည်" ဆိုတဲ့အချက်ကို ခင်ဗျားလည်း ကြားဖူး၊ ဖတ်ဖူးမှာပါ။ တကယ်တော့ ဆရာ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံး ဗဟိုချက်မနေရာမှာ အနာဂတ်မျိုးဆက်သစ်တွေ တိုးတက်စေဖို့ စိတ်ဆန္ဒတွေဟာ ထုထုထဲထဲ အုံကျင်းဖွဲ့နေတာဟာ ခင်ဗျားတို့ ကျွန်တော်တို့ နားလည်သဘောပေါက်ပြီးသားပါ။

အဲ... မိတ်ဆွေကြီးကိုဆွေမောင် ရေးချင်တာတွေကတော့ ရင်ထဲမဆန့်အောင် များလှပါတယ်။ ဒါပေမဲ့ စာမျက်နှာကို ငဲ့ပြီးတော့ ကျွန်တော် လိုရင်းကို အတိုချုံ့ပါရစေဗျာ။ အဓိက ကျွန်တော်တို့ တောင်တွင်းကြီးနဲ့ပတ်သက်လို့ သက်ရှိထင်ရှားထဲက ဂုဏ်ယူအားထားစရာ "Role Model" ဆိုလို့ ဆရာတစ်ယောက်ပဲ ရှိပါတယ်။ 'တောင်တွင်း'ဆိုတာနဲ့ သိတဲ့လူတိုင်းက 'အောင်သင်း' ဆိုသော ဆရာအမည်နဲ့ ယှဉ်တွဲမြင်လိုက်ကြတာပါ။ ဒီနေ့ခေတ် တောင်တွင်းကြီးရဲ့ သက်ရှိသက်မဲ့ သင်္ကေတ နိမိတ်ပုံ (Symbol) တွေထဲမှာ ဆရာလည်း အကျုံးဝင်နေတာပဲလို့ ဆိုရမှာပေါ့ဗျာ။ ဆရာက "တောင်တွင်းမြေကို အကျိုးပြုသူ၊ မွေးရပ်မြေကို ပေးဆပ်နေသူ၊ ဇာတိမြေကို အသရေတင့်စေဖို့၊ အခြေမြှင့်ပေး

နေသူ'' ဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့အနေနဲ့ ''ကတညုတာ၊ ကတဝေဒီ'' ဆိုတဲ့ ဗုဒ္ဓတရားတော်အရ ဆရာရဲ့ကျေးဇူးတရားတွေကို သိတတ်ဖို့အပြင် တုံ့ပြန်ဆပ်တတ်ဖို့ကိုလည်း သတိရရမယ်။ ကျေးဇူးဆပ်ရမယ် ဆိုတဲ့နေရာမှာ ငွေကြေးတွေ အဖိုးတန်ပစ္စည်းတွေနဲ့ ကန်တော့ဖို့ဆိုလိုတာ မဟုတ်ပါဘူး။ ဆရာရဲ့ လက်ရှိပိုင်ဆိုင်နေတဲ့ "Graceful Age" ရေချိန်အမှတ်အောက် ရောက်မသွားဖို့နဲ့ ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ နည်းလမ်းတွေ ရှာကြံဖန်တီးဖို့ပါပဲ၊ နည်းလမ်းတွေကတော့ အခုလို ဆရာ တောင်တွင်းကို မကြာခဏလာနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးရမယ်၊ တောင်တွင်းက ဆရာ့မိတ်ဟောင်းဆွေဟောင်း စာပေတာပည့် သားမြေးတွေနဲ့ မကြာခဏ ဆုံဆည်းပြီး Golden Gathering တွေ ကျင်းပပေးရမယ်။ အဓိကကတော့ ဆရာ့ကို ဆရာရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ တောင်တွင်းကြီး Atmosphere နဲ့ တတ်နိုင်သရွေ့ အကြိမ်များများ ထိတွေ့ပွေ့ဖက်ခွင့် ပေးနိုင်ဖို့ပါပဲ။

ဒီအချက်တွေကို ခင်ဗျားတို့၊ ကိုမင်းသိမ်းတို့ 'အဖွဲ့လေး' ဖွဲ့ပြီး ဆောင်ရွက်စေချင်တာ ကျွန်တော်ရဲ့စိတ်ရင်းဆန္ဒ အမှန်ပါပဲဗျာ၊ အဲဒီလို ဆောင်ရွက်ပေးနိုင်လို့ကတော့ ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေဟာ ဆရာရဲ့ဘေးမှာ ဝိုင်းရံရင်း ဆရာနဲ့အတူ ''စက် **ကလေးကောင်းတယ်၊ စက်ကလေးကောင်းတယ်**'' လို့ နှစ်ပေါင်းများစွာ၊ နှစ်ထောင်းအားရ ပျော်ရွှင်စွာ အော်ဟစ်ကျူးရင့်နေကြရုံမှာ အသေအချာပါပဲဗျာ။

**မိတ်ဆွေကြီး ကိုဆွေမောင်နဲ့တကွ၊ တောင်တွင်းက**
**ရောင်းရင်းတွေ တောင်တွင်းမြေအကျိုးကို**
**တိုး၍တိုး၍ သယ်ပိုးနိုင်ကြပါစေ။**
**အားလုံးကို သတိရလျက်-**

**မောင်ရိုးဂုဏ်**
**ခေတ္တ (ကျိုင်းတုံ)**

မှတ်ချက်။ ။ ''စက်ကလေးကောင်းတယ်''၏ အဓိပ္ပာယ် ဆိုလိုရင်းကို သိလိုပါက ဆရာဦးအောင်သင်း ရေးသားသော 'အရွယ်' ဆောင်းပါးချုပ် စာအုပ်တွင် ရှု။

## ယပ်တောင်တစ်ခတ်၊ လေတစ်ဟပ်လည်း

တစ်ခုသော နွေရာသီ၊ ဇာတ်ရုံကြီးတစ်ခုအတွင်း ကျင်းပပြုလုပ်သော လူထုအစည်းအဝေးကြီးတစ်ခုသို့ ကျွန်တော် တက်ရောက်ခဲ့ရဖူးသည်။ စာသင်ခုံရှည်ကြီးတစ်ခုတွင် လူငါးယောက်ထက်မနည်း ထိုင်ကြရသဖြင့် နွေ၏အပူငွေ့နှင့် လူငွေ့တို့ ပေါင်းစပ်ပြီး ချွေးပြိုက်ပြိုက်ကျ ပူအိုက်လှပါသည်။ ကျွန်တော်တို့ ခုံတွင်ထိုင်သော လူတစ်ဦးကတော့ သူ့တွင်ပါလာသော ယပ်တောင်ကလေးဖြင့် ယပ်တစ်ခတ်ခတ်။ ဘေးသို့လျံ့ထွက်လာသော ယပ်လေကလေးကြောင့် တစ်ခုံတည်း အတူတူထိုင်ကြရသော ကျွန်တော်တို့လူစုမှာ အတော်အသင့် နေသာထိုင်သာ ရှိပါသည်။ တစိမ့်စိမ့်တွေးရင်း ကျေးဇူးလည်း တင်နေမိပါသည်။ ထို့ကြောင့်ပင် အောက်ပါသုံးကြောင်း ကဗျာကလေးကို လက်တန်းရေးစပ် မှတ်တမ်း တင်ထားလိုက်ပါသည်။



*ယပ်တောင်တစ်ခတ်*
*လေတစ်ဟပ်လည်း*
*သိတတ်လျှင်တော့ ကျေးဇူးပဲ။*

အစည်းအဝေးကြီးအပြီး အိမ်ပြန်ရောက်တော့ ယပ်တောင်တစ်ခတ်မက ကျေးဇူးတရားတွေအကြောင်း ဆက်စပ်တွေးတောနေမိပြန်သည်။

ဆရာဦးအောင်သင်းနှင့် ကျွန်တော်သည် စာသင်ခန်းတွင်း ဆရာတပည့် မဖြစ်ခဲ့ရပါ။ (၁၉၆၂-၆၃)သည် ဆရာဦးအောင်သင်း ရန်ကုန်တက္ကသိုလ်တွင် ဆရာဖြစ်စကာလ ဖြစ်ပါသည်။ ဥပစာဝိဇ္ဇာ ဒုတိယနှစ် မြန်မာစာဘာသာတွဲယူသူ ကျောင်းသားကျောင်းသူများအား ပို့ချခြင်း၊ နည်းပြခြင်း ပြုခဲ့ရသည်။ ထိုနှစ်တွင်ပင် ကျွန်တော်က မကွေး ဥပစာကောလိပ်မှ ရန်ကုန်တက္ကသိုလ်သို့ ဥပစာဝိဇ္ဇာ ဒုတိယနှစ်ကျောင်းသားအဖြစ် ပြောင်းရွှေ့ခဲ့ပါသည်။ ကျွန်တော်က (Maths:History: Logic) သင်္ချာ၊ သမိုင်း၊ တက္ကဗေဒ ဘာသာတွဲယူသူ ဖြစ်သောကြောင့် ဆရာပို့ချနည်းပြသော အတန်းများတွင် မတက်ရောက်ရပါ။ ဆရာတာဝန်ယူရသောအချိန်များတွင် ဆရာ့တန်းခွဲ (Section) ၌ အခြားတန်းခွဲများက ကျောင်းသား ကျောင်းသူများကပါ လာပြီး တက်ရောက်မှတ်သားကြသောကြောင့် နောက်ကျလျှင် အခန်းတွင်းဝင်၍ မရကြတော့ပါ။ နေရာမရသူများက စာသင်ခန်း၏ ပြင်ပ၊

လူသွားစင်္ကြံ (Corridor) မှာပင် မှတ်စုစာအုပ်များကို နံရံတွင် ကပ်၍ ရေးမှတ်နားထောင်ကြရာ စင်္ကြံလမ်း ပိတ်ဆို့သွားသည် အထိပင် ဖြစ်ပါသည်။ ဤမျှအသင်အပြ၊ အဟောအပြော ကောင်းသော ဆရာပါပေ။ ကျွန်တော်သည် ထိုစဉ်ကတည်းကပင် ငါ မြန်မာစာဘာသာတွဲ မယူခဲ့မိတာ မှားပြီထင်တယ်ဟု ခံစားခဲ့ ရပါသည်။

အောက်တိုဘာကျောင်းပိတ်ရက် (ထိုစဉ်က တစ်လပိတ် သည်) အတွင်း ဆရာကလည်း တောင်တွင်းကြီး ပြန်လာသည့် အခိုက် ဆရာ့ကိုသွားပြီး နှုတ်ဆက်သည့်အခါ ဆရာက-

"မင်းက ဘာ ဘာသာတွဲယူတာလဲ"

"သချင်္ချာ၊ သမိုင်း၊ တက္ကဗေဒ (ယုတ္တိဗေဒ) ပါဆရာ"

"လော့ဂျစ်တွေ မင်းနားလည်ရဲ့လား"

"ပိုင်ပိုင်နိုင်နိုင်ကြီး နားလည်တာမျိုးတော့ မရှိပါဘူးဆရာ"

"အေး အဲဒီလိုဆိုရင် အောက်တိုဘာ ကျောင်းပိတ်ရက် အတွင်း နေ့လယ်တိုင်း ငါ့ဆီကို လာခဲ့၊ တခြားလိုက်ချင်တဲ့လူ ရှိရင်လည်း ခေါ်ခဲ့"

သည်လိုနှင့် ကျွန်တော်၊ ကိုစိုးမြင့် (ယခု တရားရုံးချုပ် ရှေ့နေကြီး)၊ မကြည်ကြည်ဌေး (ယခု အထက (၁)၊ အင်းစိန်မီးစား ဆရာမကြီး) တို့သုံးဦးသည် ဆရာဦးအောင်သင်း၏ တပည့်ရင်း အဖြစ် ဝမ်းသာကြည်နူးစွာ ခံယူလိုက်ကြသည်။ ဆရာက တစ်လ



နီးပါး သင်ပြပေးလိုက်မှပင် (Logic) ဘာသာရပ်ကို ကျွန်တော် တို့ ကောင်းကောင်း နားလည်ကြပါတော့သည်။ ထိုအချိန်က (Logic) ကို အင်္ဂလိပ်လို သင်ယူကြရပြီး ပြဋ္ဌာန်းစာအုပ်မှာ (K.N KAR & HLA BU) တို့ ရေးသားသော စာအုပ်ဖြစ်ပါ သည်။ ဆရာဦးအောင်သင်းကား ဝိဇ္ဇာတန်းကို အင်္ဂလိပ်စာပေ၊ မြန်မာစာပေ၊ ဒဿနိကဗေ (E.litt; B.litt: Philosophy) ဘာသာ ရပ်များဖြင့် အောင်မြင်ခဲ့သူ ဖြစ်ပါသည်။

အောက်တိုဘာ ကျောင်းပိတ်ရက် ကုန်ဆုံး၍ ကျောင်းပြန်ဖွင့် သောအခါ တောင်ငူဆောင်ရှိ မြန်မာစာဌာန၊ ဆရာ့ရုံးခန်းသို့ ကျွန်တော် မရောက်တော့သလောက် ဖြစ်သွားပါသည်။ ကိုယ်ပိုင် အားလပ်ချိန်တွေကို မင်းဘယ်လို အသုံးချသလဲလို့ ဆရာက မေးသည့်အခါ ကျွန်တော်က တက္ကသိုလ် ဘောလုံးအသင်း ပါဝင် သော ပွဲစဉ်မှန်သမျှ လက်မလွတ်တမ်း ကြည့်ကြောင်း၊ တနင်္ဂနွေ နေ့ နံနက် ရုပ်ရှင်များ (Sunday Morning Show) ကိုလည်း ကြည့်ဖြစ်ကြောင်း၊ အင်းလျားကန်တွင် ရေကူး၊ လှေစီး၊ အပန်း ဖြေ ရိပ်သာတွင် စားပွဲတင်တင်းနစ် ကစားကြောင်းများ ပြောပြရာ ဆရာက မင်း စာကြည့်တိုက်ကျ မသွားပဲကိုးဟု ပြောပါသည်။ ထို့နောက် မင်း စာကြည့်တိုက်ကို မှန်မှန်သွားစမ်းပါ။ မင်းယူတဲ့ ဘာသာတွဲနဲ့ဆိုင်တဲ့ စာအုပ်တွေအပြင် တခြားစာကြီးပေကြီးတွေ လည်း ဖတ်စမ်းပါဟု ဩဝါဒ ပြုပါသည်။ ထိုအချိန်မှစပြီး

စာကြည့်တိုက်သို့ ကျွန်တော် မကြာမကြာ ရောက်သွားတတ်ပါသည်။ စာကြည့်တိုက်ကို အကျိုးရှိရှိ စနစ်တကျ အသုံးပြုသည့် အဆင့်အထိတော့ မရောက်ခဲ့ပါ။ ဆရာကောင်းနှင့် အနေဝေးခဲ့ခြင်းပင်။

သည်လိုနှင့် (၁၉၆၄) ခုနှစ်တွင် ဒဿနိကဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ အနောက်တိုင်းသမိုင်း ဘာသာတွဲဖြင့် ဝိဇ္ဇာပထမနှစ်ကို အမှတ်ကောင်းကောင်းနှင့် ကျွန်တော် အောင်မြင်ခဲ့ပါသည်။ (၁၉၆၄-၆၅) ဝိဇ္ဇာဒုတိယနှစ် (B.A Final) တွင် ရိုးရိုးအတန်းမှာသာ ကျောင်းဆက်တက်နေသော ကျွန်တော့်အား ဒဿနိကပါမောက္ခနှင့် သမိုင်းပါမောက္ခတို့က ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ သက်ဆိုင်ရာ ဘာသာရပ်များတွင် ဂုဏ်ထူးတန်းတက်ခွင့်ရပါလျက် အဘယ့်ကြောင့် မတက်သလဲ မေးမြန်းပြီး ဂုဏ်ထူးတန်းတက်ရန် ညွှန်ကြားကြပါသည်။ ကျွန်တော်က သုံးရက်အတွင်း တက်နိုင်အောင် စီစဉ်ပါမည်ဟု ပြောပြီး ရိုးရိုးအတန်းမှာသာ ဆက်၍ တက်နေခဲ့ပါသည်။ ဖွဲလုံ့လနည်းခြင်းနှင့် ပညာအရာမှာ ရောင့်ရဲတင်းတိမ်ခြင်း၊ ပျော့ညံ့ခြင်း ဟု ဆိုရမည်ဖြစ်ပါသည်။ ထိုအချိန်က ထိုအကြောင်းများကို ဆရာဦးအောင်သင်းနှင့် တွေ့ဆုံပြောပြခြင်း၊ အကြံဉာဏ်တောင်းခြင်း မပြုခဲ့မိပါ။ ယခုအခါ ဆရာသိရှိပါက "ငါ့ညီဝေါင်မင်း (ကျွန်တော့်အမည်ရင်းက ဝင်းမောင်)၊ နားရင်းအုပ်ပစ်လိုက်ချင်သည်" ဟု ပြောလေမည်လား မသိပါ။



အကယ်၍သာ ဆရာနှင့် အနီးကပ်နေ၍ ဆရာ့သြဝါဒကိုလည်း ခံယူခဲ့မိပါက ဆရာဖြစ်တာခြင်းတူလျှင် ကျွန်တော်သည် တက္ကသိုလ်ဆရာဖြစ်၍ ယခုဆိုလျှင် အငြိမ်းစားကထိကလား၊ ပါမောက္ခဇဌာနမှူးလား ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် ပညာရေးတွင် ညံ့ခဲ့သူမဟုတ်ပါ။ လုံ့လဝီရိယနှင့် အတွေးအခေါ်တော့ ညံ့ခဲ့ပါသည်။ ထို့ထက်ပို၍ ညံ့သည်ကတော့ မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်း၊ သမားကောင်းနှင့် ကြုံကြိုက်ခဲ့ရပါလျက် ကိုယ်တိုင်က ဆရာနှင့် အနီးကပ်မနေခဲ့မိခြင်းပင်။

ဆရာ၏သြဇာ၊ ဆရာ၏သြဝါဒတွေကို ပြည့်ပြည့်ဝဝ ရယူနိုင်ခွင့်ရှိပါလျက် ယပ်တောင်တစ်ခတ် လေတစ်ဟပ်မျှသာပါ။ သို့သော် မတတ်နိုင်တော့ပြီ။ သို့သော်... သို့သော်၊ ဆရာဦးအောင်သင်း၏ စာပေ အစုစု၊ ဟောပြောမှု အဖုံဖုံတို့သည် ကျွန်တော့်အား စာဖတ်လိုစိတ်နှင့် စာရေးလိုစိတ်များ ကိန်းအောင်းရင့်သန်စေခဲ့ပြီ။ စာတိုပေစလေးတွေလည်း ရေးဖြစ်နေပြီ။ ဆရာခင်ဗျား လေတစ်ဟပ်သည်ပင် ကျွန်တော့်ဘဝအတွက် ကျေးဇူးအနန္တပါဆရာ။

ဆွေမောင် (တောင်တွင်း)

## ကျွန်တော်သိတဲ့ဆရာ

ဆရာဦးအောင်သင်းအား ကျွန်တော် သုံးကြိမ်သာ အနီးကပ် တွေ့ဆုံခဲ့ဖူးသည်။ သို့သော် ဆရာက ကျွန်တော့်အား သိချင်မှ သိပေမည်။ အလင်းရောင်ချစ်သူများ စာကြည့်တိုက်၊ ညောင်မှော်ရွာ ရိုးမရိပ်စာကြည့်တိုက် ဖွင့်ပွဲများနှင့် မိုးထိ အမှတ် (၂) အလယ်တန်းကျောင်း အသက် (၆၀) ပြည့် ဆရာ၊ ဆရာမကြီးများ ပထမအကြိမ် အာစရိယပူဇော်ပွဲတို့တွင်သာ တွေ့မြင်ခဲ့ဖူးပါသည်။

လူထုပညာရေးမှူးဟောင်း၊ အလယ်တန်းမြန်မာစာပြ၊ ဆရာကြီး ဦးလှကျော်၊ မေဃဝန်ကျောင်းမှ ဆရာဦးခင်မောင်ရင်၊ ပန်းချီဆရာကြီး ဦးဉာဏ်စိန်တို့ ပြောပြချက်အရ ဆရာ့အကြောင်းကို အတော်များများ ကြားဖူးခဲ့သည်။

ဆရာသည် ငယ်စဉ်မှ ယနေ့အထိ ကိုယ်နှုတ်၊ နှလုံး ဖြောင့်မတ်သည်။ ဆိုဆုံးမလွယ်၍ နူးညံ့သိမ်မွေ့သူ ဖြစ်ကြောင်း၊ အနု



ပညာတွင်လည်း တော်ကြောင်း ဆရာကြီး ဦးလှကျော်မှ ပြောခဲ့သည်။ အပိုအလုပ် နည်းပါး၍ အသက်မွေးဝမ်းကျောင်းတွင်လည်း တင်းတိမ် ရောင့်ရဲလွယ်သူ ဖြစ်သည်။ သို့သော် စာပေအာဟာရကို တင်းတိမ်ရောင့်ရဲသူ မဟုတ်ခဲ့ချေ။ ဆင်ဆင်ခြင်ခြင်နှင့် မြော်မြင်မှုရှိပြီး ပေါ့ပါးဖျတ်လတ်သော်လည်း ဣန္ဒြေရှိသည်။

ပညာရှိများ၏ ပြစ်တင်မှုကို ခံရမှာ ကြောက်ပြီး စာပေမှအပ အခြားအာရုံများ စွဲလမ်းမှုနည်းသည်။ လူငယ်များအတွက် အမြော်အမြင်ကြီးစွာ လမ်းညွှန်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ တောင်တွင်းကြီးမြို့၊ အလင်းရောင်ချစ်သူများ စာကြည့်တိုက်ဖွင့်ပွဲတွင် ဆရာက "အောင်သင်းရေးတဲ့စာ အောင်သင်းတာဝန်ယူတယ်" ဟု ပြောပြောခဲ့သည်။ ဤစကားသည် ကျွန်တော်တို့ စာရေးသူများအတွက် အထူးသတိထားသင့်သော စကားဖြစ်သည်။ ကိုယ်ထင်ရာ ကိုယ်ရေး၊ ခိုးချမှုများ မဖြစ်စေရန် သတိပေးသွားသည်။

စာပေသင်ကြားမှုတွင်လည်း စာသင်တာနှင့် စိတ်သင်တာ ကွဲပြားရန် လိုအပ်ကြောင်း၊ ပညာရပ်တစ်ခုကို လေ့လာချင်အောင် စေတနာထား၍ သင်ပြပေးရန် ဟောကြားခဲ့သည်။ လူငယ်များအား ဘဝလမ်းကြောင်း တစ်လျှောက်တွင် အားငယ်မှု မရှိအောင် လေးလေးနက်နက် စဉ်းစားတတ်ရန်လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကျွန်တော်တို့ တောင်တွင်းကြီးမြို့၊ လောကအလင်း စာကြည့်တိုက်အတွက် မီးမောင်းထိုးပြခဲ့သည်။ 'စာမတတ်သူ

ပပျောက်ရေးမှ စာမဖတ်သူ ပပျောက်ရေး' ဆိုသည့် [illegible]
ပြောင်မြောက်သော သူ့စကား သို့မဟုတ် သူ့ဆောင်ပုဒ် [illegible]
ကိုလည်း တောင်တွင်းကြီးမြို့ ဓနရှင်နယ်ပရဟိတ စာကြည့် [illegible]
အတွက် ရေးပေးခဲ့သည်။ စာကြည့်တိုက်များနှင့် [illegible]
လည်းကောင်း၊ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ [illegible]
ယနေ့အချိန်ထိ အားသွန်ခွန်စိုက် ရေးသားဆဲ၊ ဟောပြော [illegible]

လူတော်ဖြစ်သော်လည်း လူကောင်းမဟုတ်လျှင် [illegible]
မဖြစ်၊ တော်တာက အတတ်ပညာ ကျွမ်းကျင်မှု [illegible]
ကောင်းတာက စိတ်ပိုင်း၏ ကိုယ်ကျင့်တရား သီလဖြစ် [illegible]
ဟောပြောခဲ့သည်။ တော်ပြီးမကောင်းလျှင် ပိုကြောက် [illegible]
ကောင်း၍ မတော်ချင်နေ လူကောင်းဖြစ်လျှင် ယုံကြည် [illegible]
တော်လည်းတော် ကောင်းလည်းကောင်း ဆိုလျှင် [illegible]
လူကောင်းပေါ့ဟု ဟောခဲ့သည်။ အဓိက ကိုယ်ကျင့်သီလ [illegible]
အောင် ကျင့်ကြံနေထိုင်ရန် အသောအထေ့များနှင့် [illegible]
ခဲ့သည်။

ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင်၊ [illegible]
မည်သည့်ကိစ္စမဆို စိတ်ကောင်းရှိဖို့ အရေးကြီးကြောင်း၊ [illegible]
ကောင်းရှိချင်လျှင် မကောင်းတဲ့စိတ်တွေ မထားရန် [illegible]
မကောင်းတဲ့စိတ်တွေက ဒေါသမာန ကြီးလွန်းခြင်း၊ [illegible]
ခြင်း၊ မနာလိုဝန်တိုခြင်း၊ လိမ်ညာလှည့်စားခြင်း၊ [illegible]



[illegible]ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အနိုင်ကျင့်ခြင်း၊ မတရား
[illegible]များသည် မကောင်းသောစိတ်များဖြစ်၍ ကိုယ့်သန္တာန်မှာ
[illegible] ဆင်ခြင်ရန် ဟောခဲ့သည်။

[illegible] တစ်ခါ၊ ရာစုနှစ်တစ်ခုတွင် ရခဲ၊ တွေ့ခဲသော
[illegible] စံစားကြည်နူးဂုဏ်ယူလျက် ဆရာအား ဦးနိုက်
[illegible]ပါသည်။

ရိုသေစွာဖြင့်

တောင်တွင်းအောင်သက်ဦး

## နှလုံးသားပဝါနှင့် သိမ်းထုပ်ထားသော ဆရာ့အမွေ

ဆရာဆီက ကျွန်တော်အမွေရလိုက်ပါပြီ။ ဒါပေမဲ့ ကျွန်တော့်ကို ဦးတည်ပြီး တိုးတိုးတိတ်တိတ် ခေါ်ပေးတာတော့ မဟုတ်ပါဘူး။ သတ္တလောကမှာရှိကြတဲ့ လူသားအားလုံးကို ပေးလိုက်ခြင်းပါ။ ကျွန်တော်က နာယူလိုက်နာ မှတ်သားကာ ဆရာ့အမွေကို နှလုံးသားပဝါနဲ့ ထုပ်သိမ်းပြီး ပြုကျင့်နေထိုင်နေသူဆိုတော့ ဒီနေ့ကံကောင်းသူတစ်ယောက်လို့ ဆိုရမှာပေါ့။ ချမ်းသာခြင်းဘဝမရောက်သေးပေမဲ့ စိတ်ချမ်းသာမှုနဲ့ အခြေမဲ့ဘဝပျက်ခဲ့ခြင်းမရှိခဲ့။ အသပြာချမ်းသာခြင်းထက် စိတ်မနောသုခပြည့်စုံသူပါ။ တစ်ချိန်က လမ်းဘေးမှာ စားပွဲခုံတစ်လုံးနဲ့ အကြောင်းကြောင်းကြောင့် ပိတ်လိုက်ရ၊ ပြေးလိုက်ရနဲ့ အခုတော့ ဂူဖြေ့ရရ၊ အတည်တကျ ကိုယ်ပိုင်တိုက်ခန်းသေးငယ်ငယ်နဲ့ ဘဝကို ရပ်တည်သွားနိုင်ပါပြီ။ ကွမ်းယာ မရောင်းမီ ရပ်နီးကျေးရွာသွားပြီး ဈေးရောင်းရ၊ သက်ကယ် (ငယ်) ပျစ်ရ၊ မြို့နဲ့ရွာ၊ ရွာနဲ့မြို့ ဆန်ရောင်းရ၊ လမ်းပေါက်ဖာရ၊ ကျပန်းအလုပ် လုပ်နေသူပါ။



လောကဓာတ်ခုံ၊ ဘဝမျိုးစုံကနေရချိန်မှာ ဆရာ့ရဲ့စကားပြောကက်ဆက်တိတ်ခွေလေးတစ်ခွေ ငှားကာ နားထောင်မိတယ်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်တိုင်တိုင် ရက်လွန်ကြေးပေးပြီး အပြီးကိုယ်ပိုင်ဝယ်ထားလိုက်တယ်။ ခဏခဏ ဖွင့်နားထောင်ရတာပေါ့။ နှလုံးသားပဝါနဲ့ ထုတ်သိမ်းထားတဲ့ ဆရာ့အမွေဖြစ်တဲ့ 'လက်ခံလိုက်စမ်းပါ' မှုရင်းတချို့ကို ဖြေကာပြလှူငယ်တွေ ဘဝတိုးတက်ဖို့ ငှဝေကျင့်သုံးနိုင်ကြပါစေ-

*လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ် နိုင်းရတယ်ကွ၊ ကိုယ့်ကိုယ်ကိုယ် မနိုင်းလို့ရှိရင် ငယ်ငယ်မှာ ကိုယ့်ကိုယ်ကိုယ် မနိုင်းရင် သူများနိုင်းတာ ခံရတတ်တယ်။ အဲဒီကောင်တွေက သူများနိုင်းတာခံရမဲ့အကောင်တွေ၊ မနှမြောပါဘူး။ ဘာလို့လဲဆိုတော့ လောကကြီးမှာ အသုံးမကျတဲ့အကောင်တွေ၊ စောစောသေ ပြီးသွားတာပဲ၊ အရေးမကြီးပါဘူး။ မနှမြောနဲ့။ ဒါပေမဲ့ သူများသေသေပါစေပေါ့၊ မင်းမသေနဲ့၊ သူများညှို့ ညှို့ပါစေ၊ မင်းမညှို့နဲ့၊ မင်းကိုယ်မင်း လက်ခံနိုင်အောင် ကြိုးစား၊ ကောင်းပြီ ကြိုးစားပေတော့၊ ဆရာရယ် ဘယ်ဟာ ကြိုးစားရမှာလဲလို့ မေးစရာရှိတယ်-*

*ဒေါက်တာကျော်စိန်၊ သိပ်တော်တဲ့ပုဂ္ဂိုလ်နော်၊ ငါ အင်မတန်လေးစားတယ်နော်၊ ဒေါက်တာကျော်စိန်ရေးတဲ့ 'သင့်ဘဝအတွက်တာ အသုံးချစိတ်ပညာ' ဆိုတဲ့ အထဲထဲမှာပါတဲ့ အစားထိုး*

အောင်မြင်မှုတဲ့၊ ဟာ လာပြီနော်။ ကောင်းပြီ၊ ငါ မင်းတို့ကို စောစောကပြောပြီးပြီ၊ ငါ့ရုပ်ကြီးက နာတယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒါ ငါက ဇာတ်လိုက်မင်းသား လုပ်ချင်လို့ ရမလား၊ အလွန်ဆုံးဖြစ်သွားရင် အဲဒီအထဲထဲမှာ လူကြမ်းဖြစ်မှာပေါ့။ ဇာတ်လိုက်မင်းသားထိုးရင် ပက်လက်လန်လိုက်၊ သေလိုက်၊ အဲဒီအထဲထဲမှာ နာပြီးတော့မှ နှုတ်ခမ်းသွေးထွက်အောင် အထိုးခံပြီးတော့မှ ငါအဲဒီမှာ ရုပ်ရှင်ထဲပါမှာပေါ့၊ ငါ မလုပ်နိုင်ဘူး၊ ဒေါက်တာကျော်စိန်က ဘာပြောတယ်ထင်သလဲ၊ မင်းဟာတဲ့ တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့် မအောင်မြင်ဘူးဆိုလို့ရှိရင် အစားထိုးပြီးတော့ အောင်မြင်စရာတွေ အများကြီးရှိပါတယ်တဲ့။ မင်းဟာတဲ့အသံမကောင်းလို့မို့ အဆိုတော် မဖြစ်နိုင်ဘူးဆိုရင်တဲ့ အကောင်းဆုံး သီချင်းရေးဆရာ ဖြစ်နိုင်ပါတယ်တဲ့၊ အကောင်းဆုံး စန္ဒရားဆရာ ဖြစ်နိုင်ပါတယ်တဲ့၊ အဲဒီလိုအစားထိုးပါတဲ့-

ဟုတ်တယ်၊ လောကမှာ မင်းအဆိုတော်ဖြစ်ချင်တယ်၊ မင်း အသံက ဘဲသံထွက်နေတော့ ဘယ်နှယ့်လုပ်မလဲ၊ ဂတ်ဂတ် ဂတ်ဂတ်နဲ့ ဖြစ်နေတော့ ဟင်... လောကမှာ အသံရယ်၊ ဆံရယ်၊ ဉာဏ်ရယ်၊ ကံရယ် တုလို့မရဘူးတဲ့။ ဆံပင်ဆိုတဲ့ဟာလည်း ဆံလုံးတုတ်ချင်တုတ်တာ၊ သေးချင်သေးတာ၊ ဆံပင်က ပျော့ချင် ပျော့တာ၊ ကြမ်းချင်ကြမ်းတာ၊ ဒါလုပ်လို့မရဘူးတဲ့၊ ကိုင်း...



ငါက ဆိုကြပါစို့ အသံကောင်းချင်တယ်တဲ့၊ ကောင်းမှကောင်းပဲ၊ ဘယ်နှယ့်လုပ်မလဲ၊ ဘယ်လိုလုပ်မလဲ၊ အဲဒီဥစ္စာမျိုး ငါက အသံမကောင်းဘူးတဲ့၊ အစားထိုးမှာပေါ့၊ ငါ အကောင်းဆုံး သီချင်းရေးဆရာဖြစ်အောင် လုပ်မှာပေါ့။ အကောင်းဆုံး ဂီတဆရာဖြစ်အောင် လုပ်မှာပေါ့။ လောကမှာ အစားထိုး အောင်မြင်စရာနေရာတွေ အများကြီး ရှိတယ်နော်။ မင်းတို့ သတိထားနော်၊ အဲဘက်ဘက်မှာ မင်းကြိုးစားချင်တယ်ဆိုလို့ရှိရင် နေရာတကာမှာ တံခါးတွေ ဖွင့်နေတာတွေ ရှိပါတယ်။ အဲဒီအတွက်ကို ကြိုးစားစမ်းပါ... ဆိုတဲ့ ဆရာ့စေတနာအမွေကို ရရှိလိုက်လို့ လမ်းဘေးကွမ်းယာရောင်းစားနေရတဲ့ဘဝက ဒီနေ့ ကိုကိုကွမ်းယာ တိုက်ခန်းသေးသေးနဲ့ ဖြစ်သွားရတဲ့ ပထမဘဝ အမွေပါ။

ဒုတိယထပ်မံရရှိတဲ့အမွေက လက်ခံလိုက်စမ်းပါ။ စကားပြော ကက်ဆက်တိတ်ခွေ တိတ်သားပါးပါးလေးထဲကပါပဲ၊ သင်ခန်းစာယူဖို့ကိစ္စကျတော့ ငါဘာကို သွားသတိရသလဲ ဆိုလို့ရှိရင်နော်-

ဟိုး... မြတ်စွာဘုရားရှင် လက်ထက်တုန်းက-

........................

........................

ရှင်ပန္နိတကိုယ်ရင်လေးတစ်ပါး၊ ခုနစ်ရက်ပြည့်တော့ သူ လူထွက်တော့မယ်၊ လူထွက်တော့မယ့်အခါကျတော့ ကိုင်း... ပန္နိတရေ သွားရအောင်၊ မင်းအိမ်ပြန်မယ် ဆိုလိုက်တဲ့အခါကျ

တော့ ပြန်တာပေါ့ဘုရား၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ရှေ့က၊ သူက နောက်က၊ အဲဒီမှာ လယ်ကွင်းထဲက ဖြတ်ပြန်လာတော့ လယ်ကွင်းတွေကလည်း စိမ်းလို့ စိုလို့၊ ဖုန်းတုံးလုံးတုံး တန်ဆောင်မုန်းဆိုတာမျိုးပေါ့၊ ဟုတ်လား၊ စိမ်းစိမ်းစိုစို လယ်ကွင်းကြီးတွေထဲ ဖြတ်ပြီးလာတာပေါ့။ ရှင်သာရိပုတ္တရာကြီးကလည်း ရှေ့ကနေပြီး သင်္ကန်းတော်ကြီး လွှင့်လွှင့် လွှင့်လွှင့်နဲ့၊ နောက်က ကိုယ်ရင်လေးကလည်း သင်္ကန်းလေး မနိုင့်တနိုင်နဲ့ ရှင်ပန္ဍိတက လိုက်လာတော့ သူဌေးသားဆိုတော့ လယ်တွေယာတွေ မမြင်ဖူးရှာဘူး။ အရှင်ဘုရား ဒါက ဘာလဲဘုရား၊ လယ်ကွင်းတွေကွဲ့၊ ဒီဟာကော ဘာလဲဘုရား ဆိုလိုက်တော့ လှည့်ကြည့်လိုက်တော့ ရေမြောင်းကိုတွေ့ရတယ်။ ကွယ် အဲဒါ ရေမြောင်းလို့ ခေါ်တယ်ကွဲ့၊ အဲဒီရေမြောင်းက ဘာဖြစ်လို့ လုပ်တာလဲဘုရား၊ ကွယ် ရေကို လိုရာရောက်အောင်လို့ မြောင်းဖောက်တာပေါ့။ အဲဒီလို ရေမြောင်းဖောက်ပေးလိုက်တဲ့အခါကျတော့ ရေက လိုရာကို ရောက်လားဘုရား၊ ရောက်တာပေါ့ သားရယ်။ အရှင်ဘုရား ရေထဲမှာ စိတ်ရှိလားဟင်၊ ရှင်သာရိပုတ္တရာကြီးက ဘယ်ရှိမလဲကွယ် ဆိုလိုက်တော့မှ ရှင်ပန္ဍိတ စိတ်ထဲ စဉ်းစားတာ၊ ဪ... စိတ်မရှိတဲ့ရေတောင်မှ မြောင်းသွယ်လို့ လိုရာရောက်နိုင်သေးရင် စိတ်ရှိတဲ့ငါဟာ ဘာကြောင့် တစ်မဂ်တစ်ဖိုလ် မရောက်ပဲ နေရမလဲလို့ သူစဉ်းစားတယ်။



မုဆိုးကြီးတစ်ယောက်က မြားလေးတွေကို မီးကင်ပြီးတော့ မျက်စိတစ်ဖက်မှိတ်ပြီး ဖြောင့်နေတယ်။ အရှင်ဘုရား အဲဒီလူကြီး ဘာလုပ်တာလဲ ဘုရား၊ မြားဖြောင့်တာပေါ့ကွယ်။ ဘာလို့ ဖြောင့်တာလဲဘုရား၊ လိုရာပြောင်းအောင်လို့ပေါ့။ အရှင်ဘုရား အဲဒီ မြားထဲမှာ စိတ်ရှိလားဘုရား၊ ဘယ်ရှိမလဲကွယ်။ ရှင်ပန္ဍိတက စဉ်းစားတယ်၊ စိတ်မရှိတဲ့မြား မီးပေးဖြောင့်လို့ လိုရာရောက်နိုင်သေးရင် စိတ်ရှိတဲ့ငါ တစ်မဂ်တစ်ဖိုလ် မရောက်ရမှာလဲလို့ စဉ်းစားတယ်။ တစ်နေရာမှာ သစ်တုံးကြီးတစ်တုံးကို ဒုံ-ဒုံနဲ့ ဓားမနဲ့ ရွေနေတာတွေ့တော့- အရှင်ဘုရား အဲဒီလူကြီး ဘာလုပ်နေတာလဲဘုရား၊ သစ်ရွေတာကွယ့်၊ ဘာလို့ ရွေတာလဲဘုရား၊ သစ်တုံးကြီးကောက်တော့ နည်းနည်းဖြောင့်သွားအောင် ရွေတာပေါ့သားရဲ့၊ အရှင်ဘုရား အဲဒီသစ်တုံးကြီးမှာ စိတ်ရှိလားဘုရား၊ ဘယ်ရှိမလဲကွယ်၊ စိတ်မရှိတဲ့သစ်တုံးတောင်မှ မျဉ်းပေးပြီး ဖြောင့်လို့ ရွေလို့ ရသေးရင် ပန္ဍိတရယ် စိတ်ရှိတဲ့ ငါဟာ ဘာလို့ တစ်မဂ်တစ်ဖိုလ် မရောက်ရမှာလဲလို့ စိတ်ထဲ စဉ်းစားပြီး အရှင်ဘုရား အရှင်ဘုရား - တပည့်တော် စိတ်ရှိတယ်ဘုရား၊ တပည့်တော် အရှင်ဘုရားတို့လို နိဗ္ဗာန်ရောက်ချင်တယ်ဘုရား၊ မျက်မှောက်ပြုချင်တယ်ဘုရား၊ ကျောင်းပြန်ပါရစေဘုရား ဆိုလိုက်တော့ ရှင်သာရိပုတ္တရာက အေး မင်းပြန်ချင်လည်း ပြန်တာပေါ့၊ လာပြန်ကြစို့ ဆိုပြီး ကျောင်းပြန်အရောက် ရှင်ပန္ဍိတကို

*ရှင်သာရိပုတ္တရာကြီးက စိတ်ကို ဘယ်မှမရောက်စေနဲ့၊ ကိုယ့်စိတ် ကိုယ် ဂရုစိုက်၊ သတိလေးမှတ်ဖို့ တရားပေးလိုက်တဲ့အတွက် ရှင်ပန္ဍိတ ဆိုတဲ့သာမဏေလေး အရဟတ္တမဂ်ကို ဆိုက်သွား ကြောင်း* ဆရာဟောပြောစကား သင်ခန်းစာယူ နာယူမှတ်သားတဲ့ ကျွန်တော့်မှာ တရားအထူး မကျင့်နိုင်သေးပေမဲ့ အတွေးအခေါ်၊ အရှည်အဝေးနဲ့ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲကာ အနေ အထိုင် ဆင်ခြင်ပြီး လောကကို ရင်ဆိုင်လို့ ကျွန်တော့်နည်းတူ ငယ်ရွယ်သူ လူငယ်တွေနဲ့ သတ္တလောကမှာရှိကြတဲ့ မနုသ လူသားအပေါင်း သိရှိစေခြင်းအလို့ငှာ၊ မှတ်သားစေခြင်းငှာ ကျွန်တော့်ရင်ထဲမှ နှလုံးသားပဝါနှင့် သိမ်းထုပ်ထားသော ဆရာ့ အမွေ မျှဝေခံစားနိုင်ကြပါစေ။

*မရှိတာလည်း ရှိအောင်လုပ်လို့ ရပါတယ်ဘုရား။*

*မသိတာလည်း သိအောင်လုပ်လို့ ရပါတယ်ဘုရား။*

*မလုပ်တာကတော့ ဘာမှမဖြစ်နိုင်တော့တာမို့ အခက်ဆုံး ဖြစ်ပါတယ် ဘုရား။*

*(ယောမင်းကြီး ဦးဖိုးလှိုင်)*

အမေ့သား (တောင်တွင်း)

## မိသနိုးမြေတွင် ရေကြည်တော်ဆက်ရခြင်း

အောင်သင်း ဆိုသောအမည်ကို ငယ်စဉ်ကပင် ရင်းနှီးခဲ့ပါ သည်။ ဆရာစာသင်သော မိုးထိကျောင်းတွင် ကျွန်တော့်မိဘများ မှာ ဆရာတပည့်များ ဖြစ်ခဲ့၍ ဖြစ်ပါသည်။ ဆရာ့ဂုဏ်၊ ဆရာ့ သတင်းများကို မူ၊ လယ်၊ ထက် တက္ကသိုလ်အဆင့်ဆင့်တွင် ပညာသင်ကြားရင်းကပင် လေးစားကြည်ညိုမိခဲ့ပါသည်။

ကျွန်တော် ကျောင်းဆရာဖြစ်စ၊ ကျွန်တော့်ဆရာများဖြစ် သော ဦးလှိုင်မင်း (မောင်ရိုးဂုဏ်) တပည့်မရှား၊ တစ်ပြားမရှိ ကဗျာပိုင်ရှင်နှင့် ဦးဝင်းမောင် (ဆွေမောင် တောင်တွင်း)တို့က ဆရာနဲ့ ကျွန်တော့်ကို တွေ့ဆုံပေးခဲ့ပါသည်။ တောင်တွင်းကြီး မြို့နယ်ခန်းမ ပန္နက်ရိုက်စဉ် ခန်းမတည်ဆောက်ရေးရုံးခန်းတွင် ဖြစ်ပါသည်။

ဆရာ့စကားများကို ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်ပါ သည်။ ဆရာ့ကို ပို၍ လေးစားကြည်ညို ချစ်ခင်လာမိပါသည်။

နောင်ကာလများတွင် ဆရာ တောင်တွင်းနှင့် တောင်တွင်းနယ်ကို လာတိုင်း ဆရာရှိတဲ့နေရာရောက်အောင် သွားဖြစ်ခဲ့ပါသည်။

ပထမဆုံးအမှတ်ရတာကတော့ နတ်မှီတောရဆရာတော်ကြီး၏ ၁၀၅ နှစ်မြောက် အထိမ်းအမှတ်နေ့က ဖြစ်ပါသည်။ အဲဒီနေ့ ဆရာက စာကြည့်တိုက်ကျေးဇူး၊ လူတန်းစားမရွေး စာဖတ်ရန် တိုက်တွန်းရင်း တို့တောင်တွင်းကြီးမှာ စာကြည့်တိုက်မရှိတာ တောင်တွင်းသားတွေမှာ တာဝန်ရှိတယ်။ မင်းတို့ ကြောင်တောင် လုပ်မနေနဲ့၊ စာကြည့်တိုက် တည်ထောင်ကြ၊ ငါ စာအုပ် လှူမယ်လို့ ပြောခဲ့ပါတယ်။ အခု ဆရာဖြစ်စေချင်တဲ့ တောင်တွင်းကြီးမြို့ လောကအလင်း စာကြည့်တိုက်ဖြစ်မြောက်လို့ စာအုပ်ပေါင်း ဝတ္ထု/ရသ စာအုပ် ၆၀၀၀ အုပ်၊ အခြားစာအုပ် ၄၀၀၀ ကျော်နှင့် စာအုပ်ပေါင်း ၁၀၀၀၀ (တစ်သောင်း)ကျော်အုပ်နှင့် ခန်းမဆောင်မှာ ခန့်ညားစွာ တည်ရှိနေပါပြီ။ စာကြည့်တိုက်ကို ဆရာ မ,တည်ငွေ တစ်သိန်း ထည့်ဝင်လှူဒါန်းခဲ့ပါတယ်။

ဆရာ ဆတ်သွား စာပေဟောပြောပွဲလာစဉ်ကလည်း ဆရာဦးလှိုင်မင်း၊ ဦးဝင်းမောင်နဲ့ စာပေချစ်ခင်တဲ့ တောင်တွင်းသားများနဲ့အတူ တောင်တွင်းအတွက် ညောင်ပင်လှရွာမှ ဆတ်သွားအထိ မိုင်ဝက် ကားစီး တစ်မိုင်ကားစက် မနိုးမချင်း တွန်းရင်း ဆရာ၏ ဆက်သွား စာပေဟောပြောပွဲကို ပျော်ပျော်ပါးပါး သွားခဲ့တာလည်း အမှတ်တရ တစ်ခုအဖြစ် ရင်ထဲမှာ ကျန်ရှိနေဆဲပေါ့။



ဆရာတောင်တွင်းလာရင်းနဲ့ ကျွန်တော့်ဆရာ ထူးချွန်ဦးစိုးမြင့်ရဲ့ ထူးချွန်ကျောင်းမှာ မြန်မာစာသင်ပြီးတော့ ဆရာ့ကို အကြည့်တော် စားသောက်ဆိုင်မှာ ဧည့်ခံခဲ့ပါတယ်။ ဆရာ့ကို တွေ့ချင် မေးချင်တဲ့သူတွေကို ဖြေရင်း ကျွန်တော် ဆရာဦးမင်းသိမ်းက ဆရာမော်ဒန်ကဗျာ ဘယ်တုန်းက စပေါ်လဲလို့ မေးတော့ ဆရာက "လကြီးကလည်းသာလို့ စဉ့်အိုးကြီးကလည်း ပြောင်လို့ အဲဒီတော့ နင့်ကိုငါချစ်တယ်" အဲဒါ မော်ဒန်မဟုတ်လား ဘယ်ခေတ်လို့ မင်းထင်လဲလို့ ဆရာက မေးပါတယ်။

ဆရာဦးလှိုင်မင်း (မောင်ရိုးဂုဏ်) ယခုရှမ်းအရှေ့ လက်ထောက် ပြည်နယ် ပညာရေးမှူး စီမံ (ငြိမ်း)၊ တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွအလယ်တန်းကျောင်းအုပ်ဘဝက ကုက္ကိုခွကျောင်းမှာ ဆရာဦးအောင်သင်း၊ ဆရာနေဝင်းမြင့်၊ ဆရာ တက္ကသိုလ်ခင်မောင်အေး တို့ စာပေဟောပြောပွဲဖြစ်အောင် ဆရာဦးလှိုင်မင်း စီစဉ်ခဲ့ပါတယ်။ အဲဒီပွဲမှာ ကျွန်တော်က ဧည့်ခံရေးတာဝန်မှာ ကူညီခွင့်ရခဲ့ပါတယ်။ နေ့လယ်စာဧည့်ခံပြီး ဟောပြောပွဲ အခမ်းအနားအတွက် ဆရာဦးအောင်သင်း အလှည့်မှာ လစ်ပိုပုလင်း နှစ်လုံး တင်ပေးဖို့ ကျွန်တော် တာဝန်ယူရပါတယ်။ အဲဒီမှာ ကျွန်တော် စိတ်ကူးတစ်မျိုး ပြောင်းသွားပြီး ဆရာ့ လစ်ပိုပုလင်းထဲကို ဝီစကီ အနည်းငယ် ခန့်မှန်းပြီး စပ်ပေးလိုက်မိပါတယ်။ ဟောပြောပွဲမှာ ဆရာနေဝင်းမြင့်၊ ဆရာတက္ကသိုလ်ခင်မောင်အေး

က အနည်းငယ်ပြောပြီး ဆရာဦးအောင်သင်းကို အချိန်များများ ပေးခဲ့ပါတယ်။ ဆရာက နာရီဝက်လောက်ဟောပြီး ကျွန်တော်ပို့ထားတဲ့ လစ်ပိုပုလင်းကို ဖွင့်ပြီး တစ်ငုံသောက်ပြီးမှာ အခမ်းအနားမှူး ဆောင်ရွက်နေတဲ့ ကျွန်တော့်ဆရာ ဆရာဦးဝင်းမောင်ကို ''ဝင်းမောင်ကြီး သန်းစိုးလုပ်တာ လက်လွန်သွားတယ်။ ရေနည်းနည်းပေးပါလို့'' တောင်းရော ကျွန်တော်တို့ကလည်း ရေဗူးစဉ်မထားတော့ နည်းနည်း ယောက်ယက်ခတ်ကုန်တာပေါ့။ ဆရာဦးအောင်သင်းက ဟောပြောပွဲဆက်တော့ ဝင်းမောင်ကြီး ရေခရားမင်းဆီမှာယူထား ငါလိုရင် ဝင်းမောင်ရေ ရေကြည်တော်ဆက်လို့ မှာလိုက်မယ်လို့ ပြောရင်း...

သန်းစိုး

အ⋅ထ⋅က ၂

တောင်တွင်းကြီး

**အာဂလူ**

(၁)

''သေမှာမကြောက်လို့... ပေတစ်ရာလျှောက်နေတာ'' ဟူသော စကားကို အားလုံးပင် ကြားဖူးကြပါလိမ့်မည်။ တချို့ကိုယ်တိုင်လည်း ပြောဖူးကောင်း ပြောဖူးပါလိမ့်မည်။ စကားအဖြစ်သာပြောကြခြင်း ဖြစ်ပါသည်။ လောကဓမ္မတာအရ သေမှာ မကြောက်သူမရှိပါ။

သို့သော် ခြွင်းချက်ရှိပါသည်။ နိယာမတရားအရ အမှန်ရှိလျှင် အမှားရှိပါသည်။ သုခရှိလျှင် ဒုက္ခရှိပါသည်။ အကောင်းရှိသလို အဆိုးရှိပါသည်။ အဖြူရှိသလို အမည်းရှိပါသည်။ ထို့ကြောင့် သေမှာမကြောက်သူမရှိ၊ သေမှာကြောက်သူချည်းသာ ရှိသည်ဟု ယေဘုယျအားဖြင့် ဆိုလိုက်ရသော်လည်း သေမှာမကြောက်ကြသူများလည်း လောကတွင် ရှိပါသည်။

(၂)

မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ ကိုယ်ကျင့်သီလကောင်းမွန် ပြည့်စုံသည့် ပုဂ္ဂိုလ်များသည် သေမှာမကြောက်ကြ၊ (သို့) သေရဲကြသည်ဟု စာပေများတွင် ဖတ်ရှုရဖူးပါသည်။ ထို့အပြင် ရဲဝံ့တည်ကြည်သော စိတ်ဓာတ်နှင့် ခိုင်မာပြတ်သားသော ယုံကြည်ချက်ရှိသူများသည် သေမှာမကြောက်ကြပါ။ တစ်ဖန် မည်သည့်အကြောင်းကိစ္စအတွက်ဖြစ်စေ သေမည်ဟု ဆုံးဖြတ်ထားသူ အသက်သေချင်သေပေ့စေဟု စိတ်ကို ပြဋ္ဌာန်းထားသူများသည်လည်း သေမှာကြောက်လေ့ မရှိကြပါ။ မယုံမရှိကြပါနှင့် ကိုယ်တွေ့ ဖြစ်ပါသည်။ ထိုသူကို မျက်မြင်ထင်ရှားပင် ညွှန်ပြနိုင်ပါသေးသည်။ အခြားသူမဟုတ်ပါ။ စာရေးဆရာ **ဆရာဦးအောင်သင်း** ပင်ဖြစ်ပါသည်။

(၃)

ဆရာ ရေးသားခဲ့သော ‘သရက်ထောင်ဖောက်ခဲ့စဉ်က’ အတွေ့အကြုံများကို စာဖတ်သူတိုင်း ဖတ်ဖူးကြပါမည်။ ဆရာ့ဟောပြောပွဲများကို နားထောင်ဖူးသူတိုင်းလည်း ကြားဖူးကြပါလိမ့်မည်။ ၁၉၄၉ ခုနှစ် လောက်ဆီက ဖြစ်ပါသည်။ ထိုစဉ်က ဆရာတို့၏ စွန့်စားမှုများကို အကျယ်မချဲ့လိုတော့ပါ။ လိုရင်းကိုသာ ဆိုပါမည်။ ထောင်ဖောက်သည့်ကိစ္စတွင် မအောင်မြင်ပါက



သေဖို့ရာခိုင်နှုန်းမှာ ၉၉% ရာခိုင်နှုန်း ရှိပါသည်။ ဆရာတို့အဖွဲ့ကလည်း ထိုအကြောင်းကို သိပါသည်။ ထို့အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထောင်ထဲမှ ထွက်ကာနီးအချိန်တွင် **သရဏဂုံ** တင်ကြသည်ဟု ဆိုပါသည်။ **သရဏဂုံ** တင်ပြီးကြသည့်အခါ ကိုယ့်ကိုယ်ကိုယ် သေလူဟု သဘောထားပြီး ဖြစ်၍ စိတ်မှာ ရဲရင့်တက်ကြွကာ ကြောက်စိတ်ဟူ၍ မြူမှုန်မျှ မရှိတော့ဟု ဆရာက ဆိုပါသည်။ ထောင်အုတ်ရိုး၏ နံဘေးသို့ သွားရာတွင် ‘ချွတ်’နင်းသည့်ပုံနှင့် သွားသည်ဟုပင် ဆရာက ရေးခဲ့ဖူးပါသည်။ (ချွတ်နင်းခြင်း ဆိုသည်မှာ ဇာတ်ပွဲများတွင် ဇာတ်ထုပ်ဇာတ်လမ်းများကပြရာ၌ တစ်လှမ်းခြင်း သာသာကလေး ကြွ၍ ကသွားခြင်းကို ဆိုလိုပါသည်။ စကားချပ်)

အကျယ်မချဲ့တော့ပဲ တိုတိုရေးရလျှင် ဆရာတို့အားလုံး အောင်မြင်စွာ လွတ်မြောက်သွားပါသည်။ မည်သူမျှ အသက်မသေပါ။ အကယ်၍... ထောင်ဖောက်ခြင်းကိစ္စ မအောင်မြင်ဘဲ ဆရာသာ ထိုအချိန်က သေသွားခဲ့သော် ‘မျိုးဆက်သစ်တိုးတက်ရစ်ဖို့’ ကိုလည်း ရေးနိုင်မည် မဟုတ်ပါ။ ‘အမွေတို့၊ တကယ့်အနုပညာတို့၊ ယနေ့လူငယ်နှင့် ရသစာပေ’ တို့သည်လည်း ထွက်ပေါ်မလာနိုင်ပါ။ စာပေရေးရာဆောင်းပါးများ၊ အောင်သင်းအကြိုက်ဆုံး ဝတ္ထုတိုများ၊ အနာဂတ်ကို မကြောက်နဲ့၊ တစ်ခါတုန်းက တပည့်တွေ၊ သံလွင်ရွက်သရဖူ၊ သူတို့အမြင်သူတို့အတွေး၊ စဉ်းစားစရာလေးတွေ၊ ဝတ္ထုရေးရာ၊ လက်ခံလိုက်စမ်းပါ -

စသည့် စသည့် စာအုပ်များကိုလည်း ကျွန်တော်တို့ ဖတ်ရမည် မဟုတ်ပါ။ နှလုံးသားကိုလည်း လေးပေါ်တင်၍ ပစ်နိုင်တော့မည် မဟုတ်ပါ။ သေကိန်းဆိုက်သည့် ညသာလျှင် ဖြစ်သွားနိုင်ပါသည်။ ဆရာ့ခန္ဓာကိုယ်မှာ အားလုံး သိကြသည့်အတိုင်း၊ မြင်ဖူးကြသည့်အတိုင်း ပိန်ပိန်ရှည်ရှည် ကိုင်းကိုင်းနှင့် လူဖလံကလေးမျှသာပါ။ အားခွန်ဗလနှင့် ပြည့်စုံလိုက်သည်မှာလည်း လက်ဖြင့် တွန်းလိုက်လျှင် အချိန်မရွေး လဲသွားနိုင်ပါသည်။ ထိုမျှ အားအင်တောင့်တင်းပါသည်။

သို့သော် ဆရာ့တွင် သံမဏိထက်ခိုင်မာသော စိန်ထက်မာကျောသော စိတ်ဓာတ် ရှိသည်။

ကျောက်စိုင်ကျောက်သားပမာ သိပ်သည်းသော ဖွဲ့သတ္တိရှိသည်။ မမိုတ်မသုန် မတုန်မလှုပ်သော ယုံကြည်ချက် ရှိသည်။

ထိုစိတ်ဓာတ်၊ ထိုအစွမ်းသတ္တိများ၊ ယုံကြည်မှုများဖြင့် အခက်အခဲပေါင်းစုံကို ကျော်ဖြတ်ခဲ့သည်။ လွတ်မြောက်ခဲ့သည်။ ထိုခွန်အား၊ ထိုစွမ်းအားများဖြင့် ဆရာအသက်ရှင်နေထိုင်ခဲ့ခြင်း တိုင်းပြည်အတွက်၊ စာပေအတွက်၊ လူမျိုးအတွက် (ဘာသာ၊ သာသနာအတွက်) ဆရာစွမ်းသမျှ ဆောင်ရွက်ခဲ့ပြီ။

ဆရာအသက်ရှင်နေသရွေ့၊ ဆရာမသေသေးသရွေ့လည်း ဆက်လက် ဆောင်ရွက်လိမ့်ဦးမည်။ ဤသို့ပင် ကျွန်တော် ယုံကြည်သည်။ စာဖတ်သူအားလုံးကလည်း ကျွန်တော့်လိုပင်



ယုံကြည်ပါလိမ့်မည်။ ဆရာ့ကို စာရေးဆရာ တောင်တွင်းက အောင်သင်း ဟူ၍လည်းကောင်း၊ စာပေလူကြမ်းမင်းသား အောင်သင်း ဟူ၍လည်းကောင်း အများက ဘွဲ့ထူးချီကြသည်။ ကမ္ပည်းမော်ကွန်း တင်ကြသည်။ ကျွန်တော်ကလည်း ပေးခွင့်ရှိလျှင် အားလုံးကိုယ်စား ဘွဲ့မည်တစ်ခုပေးလိုက်ချင်ပါသည်။ ကျွန်တော်ပေးမည့် ဘွဲ့မှာ မခမ်းနားပါ၊ ဆန်းလည်း မဆန်းပြားပါ။ စာလုံးလေး သုံးလုံးမျှသာပါ။ စာဖတ်သူတို့ ဖတ်ကြည့်ပါ။ အသံထွက်၍ ရွတ်ကြည့်ပါ။ 'အာဂလူ' သဘောတူပါရဲ့လား ခင်ဗျာ။

ရွှေအိမ်ကို
တောင်တွင်း